www.burmeseclassic.com

အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်

မွန်စာပေ

# ရွှေဘဝင်

# အချစ်သင့် ကျိန်စာ



L လင်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေခြင်း - ၂၀၁၇ ခုနှစ်၊ဩဂုတ်လ၊ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၅၀၀)ကျပ်
ထုတ်ဝေသူ - ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)
အမှတ်(၃၈)၊မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ- ဦးသက်လွင်(၀၀၆၅၁)
သစ္စာမွန်ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊
တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ရန်ကုန်မြို့။
ကွန်ပျူတာ - ပန်းအိစံ
ဖြန့်ချိရေး - သစ္စာမွန်စာပေ
စာအုပ်ချုပ် - သစ္စာမွန်

၈၉၅.၈၃
ရွှေဘဝင်
အချစ်သင့်ကျိန်စာ/ ရွှေဘဝင်။-ရန်ကုန်
သစ္စာမွန်စာပေ၊ ၂၀၁၇။
၂၂၁-စာ၊ ၁၂×၁၈ စင်တီ။
(၁) အချစ်သင့်ကျိန်စာ


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မြကြောရှိန်းရှိန်း စိမ်းစိမ်းစိုစို ဆိုသည့်နားထဲမှာ ယဉ်ပါးသော သီချင်းလိုလို ကဗျာလိုလို ရွာထဲက ကျောင်းဆရာ း ကိုသာလှနှင့် ကာလသားတစ်စု မကြာခဏ ဆိုကြ ရယ်ကြ င်းဖွဲ့ရင်း ပြောနေကြတာကို ကြားဖူးခဲ့သည်။

"တကယ်ပဲ ဒီလောက်လှတာရှိသလားဆရာရယ်"

"ဩော်…ဒီထက်ကိုပိုသေးတာ၊ ရေကြည်သောက် ရင် င်ရမလောက်ပင် ဆိုတာ ဘယ်သူမှ မငြင်းနိုင်သေးဘူး၊ ငါတို့ မာရာဇဝင်ထဲက ပပဝတီတို့၊ ဥမ္မာဒန္တီတို့ဆိုရင်…"

"ဆရာ မြင်ဖူးလို့လား"

"ဟင့်အင်း.."

ထိုကဲ့သို့ မေးမြန်းကြ၊ ရယ်မောကြနှင့် ဘာပဲဖြစ်ဖြစ် း ကလေးတစ်ယောက်၏အလှအပများကို ဖွဲ့ဆိုခြင်းဆိုတာ ာက်တော့ သူသိခဲ့သည်။

သူ့မျက်ဝန်းများကို ရွှေဖယ်မပစ်နိုင်လောက်အောင် ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထားခဲ့သည်က ဝင်းမွတ်ပြည့်တင်း၍ သွယ်လျလှပလွန်းသော ခြေထောက်ဖြူနုနုလေးတစ်စုံဖြစ်လေသည်။

ဘအုန်းကျောင်းမှာ သူအမြဲရေလောင်းပေးနေခဲ့ရသည့် ဝါနုနု နှင်းဆီပွင့်ဖတ်ကလေးကဲ့သို့ ....

သို့မဟုတ် ပန်းနုရောင် နှင်းဆီပွင့်ဖတ်လေးလို..

ခြေဖမိုးလေးက ဝင်းနှစ်နေသည်။ ခြေဖဝါးစောင်းကလေးတွေက နုဖတ်နီရဲနေသည်။

တောရွာသူတို့မှာ ရွှံ့နဲ့ ကြေးချေးတို့နဲ့ ထွတ်မောက်မာကျောနေတတ်သည့် ခြေမျက်စိဆိုသည်ကလည်း ခြေကျင်းဝတ်လေးမှာပဲ မြုပ်ကွယ်လုလုရှိလျက်... ထိုနေရာမှာ တလက်လက် ဝင်းတောက်နေသော ရွှေခြေကျင်းက နေရာယူထားသည်။

ခြေကျင်းကလေးသည် အလွန်လှပသောခြေသလုံးသွယ်သွယ်လေးနှင့် လိုက်ဖက်လွန်းကာ ဖွေတ်ဖွေတ်ဖြူသော ပိုးဂါဝန်အထပ်ကလေးကို ဝတ်ထားသည့်ကောင်မလေး..

ဂျပန်ဆံတောက်ဟုခေါ်သော နားရွက်အောက်ကုပ်ကုပ်ဆံမြိတ်ထူထူလေးချ၍ ပါးကလေးနှစ်ဖက်က ဖောင်းနေသည်။

စင်းကော့သည့် နှာတံလုံးလုံးလေးက ထင်းနေ၏။

ပတ်ဝန်းကျင် ရှုခင်းအလှအပများကို တမေ့တမော ငေးမောနေရှာသော ထိုကောင်မလေး၏ မျက်ဝန်းလေးများမှ ရှည်လျားကော့ပျံနေသော မျက်တောင်များကိုလည်း တအံ့တသြ ကြည့်နေမိ၏။

သူ ခြေဖျားမှဆံဖျားအထိ ပြီးတော့ မျက်နှာလေးမှ ခြေဖျားထိ စုန်ချီဆန်ချီ ငေးမောနေမိခြင်းမှာ အသက်ရှူဖို့ပင် မေ့



www.burmeseclassic.com

www.burmeseclassic.com



လျှော့နေခဲ့သည်။

လှပသော လက်ကောက်ဝတ်သွယ်သွယ်လေးများ..

လက်ချောင်းဖြူနုနုလေးတွေမှာ..

သူ့နေရာနှင့်သူ လက်ဝတ်လက်စားတွေက ပြိုးပြက်လက်နေ၏။ ဒီလောက်ထိ ရှင်းသန့်ဖြူနု၍ ရက်ရက်စက်စက်ကြီးလှနေသော ... ဤမျှထိ ချမ်းသာကြွယ်ဝသော.. အရာရာကို သူ့မှာ အဆန်းတကြယ် ငေးမောလို့မဆုံးသေး..။

"ဟာ...ဟိတ်... ဝန်ထောက်မင်းသမီး..မသွားနဲ့၊ အဲဒီဘက်ကိုမသွားနဲ့"

သူ လွှားခနဲ လွှားခနဲ ခုန်လွှားလိုက်တော့ ကောင်မလေးကို မီသွားသည်။ ကောင်မလေးက သူ့ကိုမမြင်ဘဲ ,အသံကြားကာမှ လှည့်မကြည့်စတမ်း ပို၍မြန်အောင်ပြေးတော့ ရွှေလိုင်းအိနေသည့် လက်ကောက်ဝတ်လှလှလေးကို ဖမ်းဆွဲလိုက်ရသည်။

"အံမယ်.. ဘာလို့ဆွဲတာလဲ..ငါ့ကိုလွှတ်"

"ဟိုဘက်ကိုမသွားနဲ့"

ကောင်မလေးက လက်ကိုဆောင့်ရုန်းပြီး တံ့ခနဲရပ်လိုက်သဖြင့် သူ့မှာသာ အရှိန်လွန်၍ ဟပ်ထိုးလဲမလို ဖြစ်သွားရပြီး ကိုယ်ကို ဒယမ်းဒယိုင်ပြန်ထိန်းရသည်။

ကောင်မလေးက ခါးကလေး နှစ်ဖက်ထောက်ကာ စူးစူးဝါးဝါးကြည့်နေ၏။

"ဟဲ့... နင်ကဘာလဲ"

မေးပုံက အထက်စီးဆန်၏။



www.burmeseclassic.com

www.burmeseclassic.com


မျက်ဝန်းညိုလေးတွေက မျက်နှာလှလှလေးနဲ့မလိုက်အောင် အေးစက်ခက်ထန်နေသည်။

သို့သော် ထိုအဖြစ်တို့ကိုကျော်လွန်၍ ချစ်စရာကောင်မလေးကို သူ နှစ်လိုစွာပဲ ပြုံးပြလိုက်မိ၏။

"ငါက နေထီးဆောင်း…"

"ဘာ…အဲဒါနာမည်လား"

"အင်း…"

ကောင်မလေး နှုတ်ခမ်းတစ်ဖက်ကို တွန့်ပစ်လိုက်သဖြင့် ပါးကလေးတစ်ဖက် မို့တက်သွားပုံက အလွန်လှလေသည်။

အရင်းမှာ ထူထူနက်နက်ကလေးနှင့် အဖျားရှူးသွယ်လျသော မျက်ခုံးတန်းကလေးအတွက် သူ့အပေါ် မလိုလားခြင်းများကြောင့် နှာတံထိပ်ဖျားလေးမှာ ဦးတိုက်စုကျုံ့နေသည်။

ဒါကိုလည်း သူ သဘောကျပြန်သည်။

"ဘယ်ကလဲ"

"ပုဂံကပဲ"

"ဒီရွာကပေါ့"

"ဒါပေါ့"

"ငါ့ကိုဘာဖြစ်လို့ တားတာလဲ"

"ဟိုဘက်မှာ ကမ်းပါးစောက်ကြီးရှိတယ်၊ ဒီမှာနေနေကျ သွားနေကျ သူတွေပဲသိတာ၊ ကြည့်ပါလား၊ ဒီက ကြည့်ရင်မမြင်ရဘူးလေ"

"ဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com


ကောင်မလေးက ခြေဖျားလေးထောက်၍ လည်ပင်းလေး ရှည်ကြည့်ပြီး

"တကယ်ပြောတာ.. မယုံရင် ငါလိုက်ပြမယ်"

"အေး...အဲ့...နေဦး"

ကောင်မလေးက ခြေလှမ်းပြင်ပြီးမှ တုံ့ခနဲပြန်ရပ်ကာ နေထီးဆောင်းကို နှာခေါင်းလေးရှုံ့၍ အထင်မြင်သေးသလိုကြည့်လိုက်၏။

ရှပ်အင်္ကျီလက်ရှည်ကို ချိုင်းဝကနေ လက်တွေဖြတ်စစ်၍ ဝတ်ထားသည့်အင်္ကျီက ကျောဘက်မှာလည်းအပြဲ၊ ရင်ဘတ်မှာ ဖာရာထေးရာနှင့်..

ကောင်မလေးက သူ့တစ်ကိုယ်လုံးကို အထက်အောက် လူးလာခေါက်တုံ့ကြည့်တော့ သူ မလုံမလဲနှင့် ပခုံးမှာ စလွယ်သိုင်းထားသည့် ပုဆိုးစုတ်ကို ပြန်လျှော့ချသည်။

ချေးအထပ်ထပ် ဖုတ်လှူးနေသည့်ဘောင်းဘီတိုနံ့နံ့ကို ကာကွယ်လိုစောနှင့် ကိုယ်ပေါ်မှာဖြန့်ချ၍ ဖြစ်သလိုဝတ်လိုက်သည်။

ဒါတောင် ကောင်မလေးက ဖိနပ်မပါ ခြေသည်းရှည်များနှင့်ချေးကွက်တွေထနေသော သူ့ခြေထောက်ကိုငုံ့ကြည့်ပြီး

"နင် သိပ်ညစ်ပတ်တယ်"

"ဘာဆိုင်လို့လဲဟ"

"ဆိုင်တယ်..မာမီတို့ ပြောတဲ့ သူခိုးဂျပိုးလိုပုံစံမျိုးပဲ၊ တော်ကြာ ငါ့ကို နင်ကညာခေါ်ပြီး ငါ့ကိုယ်ပေါ်က စိန်လက်ကောက်တွေ၊ စိန်တုံးတွေကို ဖြုတ်ယူရင် ဘယ်နှယ့်လုပ်မလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟ..ဟား..."

သူက ခါးထောက်၍ ခေါင်းမော့ရယ်တော့ ကောင်မလေးက မျက်မှောက်ကုတ်ကြည့်နေ၏။

"နင့်ဆွဲကြိုးတွေ လက်ကောက်တွေကို လုချင်တာ များဟိုနားရောက်အောင်ခေါ်သွားဖို့မလိုပါဘူးဟ၊ ဒီနားမှာကော ဘယ်သူရှိတာမှတ်လို့။ ဒါ ငါတို့ကြွက်ထောင်တဲ့နေရာ၊ ဟိုဘက်မှာ ငါတို့အခင်းရှိတယ်၊ ရွာနဲ့က တော်တော်လှမ်းနေတာပဲ"

သူပြောတာကို ကောင်မလေးက စဉ်းစားသည့်ပုံကလေးနှင့် စူးစိုက်နားထောင်နေပြီး

"ပြောပါဦး နင့်နာမည်ဘယ်သူလဲ"

"ငါက ရွှေရုပ်လွှာ"

"သိပ်လှတာပဲ၊ နင်နဲ့ တကယ်လိုက်တယ်၊ လာပါ၊ ငါ ကမ်းပါးဘက်လိုက်ပြမယ်၊ လာကြည့်လာ"

နေထီးဆောင်းက ရှေ့က လျှောက်သွားရင်းနောက်လှည့်ခေါ်သည်။ ရွှေရုပ်လွှာက ရပ်နေခဲ့ပြီးမှ ပြေးလိုက်လေသည်။

သစ်ပင်ကြီးငယ်တို့နှင့် အုပ်ဆိုင်းနေသော ခြံစည်းရိုးလို အနားသတ်ရှိသောနေတရာမှာ နှစ်ယောက်သား ရပ်တန့်လိုက်ကာ..

"ဒီမှာလမ်းရှိတယ် မြင်လား"

"အင်း..."

"သစ်ပင်ကြီးတွေကျတော့ ဟိုဘက်ဒီဘက်ထိ အများကြီးရှိသေးတာဆိုတော့ ဒါကို လမ်းပဲဆိုပြီး ပြေးတက်လာကြ



www.burmeseclassic.com

www.burmeseclassic.com


တာ၊ ဒီကနေ လိမ့်ကျသွားရင် လူက ရေတံခွန်က ရေတွေလို ခြေလွတ်လက်လွတ်ပြုတ်ကျရော..''

နေထီးဆောင်းက ရွှေရုပ်လွှာကို လက်ဝဲဘက်တောစပ်ထိ ခေါ်သွားပြီးမှ လမ်းကျဉ်းကလေးကို မြင်အောင်ပြသည်။

''ဒါဆို အဲဒီလမ်းက ဘယ်လိုသွားတဲ့လမ်းလဲ''

''အောက်ကိုဆင်းတာပဲ၊ ဒါပေမယ့် မဆင်းတတ်ရင် ကျတာပဲပေါ့၊ ဆင်းစရာ ဘာအကြောင်းမှလည်းမရှိကြတော့ ငါတို့ကလေးတွေ ဆော့ကြတာပဲရှိတယ်၊ လူကြီးတွေကတော့ ဘာမှ မသုံးကြပါဘူး၊ အောက်ထိ ရေဝင်နေရင် ပြုတ်ကျပေမယ့် မသေဘူး၊ ရေမရှိတဲ့အခါ သေနိုင်တယ်''

''သေဖူးလား''

''သေတော့ မသေဖူးပါဘူး၊ ဒါပေမယ့် ခြေကျိုးလက်ကျိုးဖြစ်ဖူးတယ်၊ နေပါဦး နင်က ဘာဖြစ်လို့ ဒီဘက်ကို ပြေးတာလဲ''

''ဟိုနားက အုတ်ပုံကြီးဘက်ကို ယုန်လေးတစ်ကောင် ပြေးဝင်သွားလို့လိုက်တာ၊ ဒီနားကျတော့ ကြောက်တာနဲ့ရပ်နေတာလေ၊ ဒါပေမယ့် ယုန်လေးကိုလိုချင်တာ တအားပဲ၊ အဲဒါနဲ့ စိတ်တင်းပြီး လိုက်ဖို့လုပ်တာ''

နေထီးဆောင်းက သစ်ပင်ကြိုကြားမှာ မြင်နေရသည့် ဗုံသဏ္ဌာန်ပျက်နေပြီဖြစ်သည့် အုတ်ပုံကြီးကိုလှမ်းကြည့်ကာ

''အဲဒီနားမှာလည်း အန္တရာယ်ရှိတာပဲ''

''လာပြန်ပြီ ဘာရှိလို့လဲ အဲဒီမှာ..''

''စောင်းတီးပြီး ငိုသံတွေကြားရတဲ့ မင်းသမီးလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



စောင်းအိုလုလင်ရှိတယ်၊ သူတို့က လပြည့်ညဆို အမြဲတမ်း စောင်းထွက်တီးတယ်ဟ၊ အဲဒီနားကို ဘယ်လူစိမ်းမှလာတာ မကြိုက်ဘူး"

"သူတို့က အဲဒီမှာဘာလုပ်နေကြတာလဲ"

"အဲဒီအုတ်ပုံကြီးက အရင်တုန်းက တစ်ဝဂ္ဂကြီးတဲ့၊ သူတို့ကို အဲဒီဂူထဲမှာပိတ်ပြီးအသတ်ခံရတာလို့ပြောတာပဲ"

"နင့်ကိုဘယ်သူပြောလဲ"

"ဘကြီးတို့ပြောတာ"

ရွှေရုပ်လွှာက ရှည်လျားကော့နက်နေသော မျက်တောင် တွေကို တဖျတ်ဖျတ်ခတ်၍ စဉ်းစားသလို လုပ်နေသည်။

ထိုနေရာကို သွားရောက်ရှုစမ်းချင်နေသည့်စိတ်က လေးကလည်းဖြစ်လျက်၊ မသွားရဲသလို ခံစားနေရသဖြင့် ဝေခွဲ မရဖြစ်နေရှာသည်။

"နင်သွားချင်လို့လား"

"အဲဒီကိုသွားရင် ဘာဖြစ်မလဲမသိ"

"လူကြီးတွေကတော့ မသွားရဘူးလို့ပြောတာပဲ၊ ငါ လည်းမသိဘူး"

"နင်သွားဖူးလား"

"တစ်ခါတော့ရောက်တယ်"

"ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဘကြီးကတော့ နောက်မသွားရဲ ဘူးလို့ သေသေချာချာပြောတယ်"

"ငါ့ကို နင်လိုက်ပို့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ပို့မယ်"

"ဒါဆို သွားမယ်"

လမ်းကြောင်းက ပြောင်းသွားပြန်သည်။

အတော်လှမ်းသော ထိုနေရာသို့ရွေ့ရှသွားခဲ့ကြသော် ပုဂံရွာကလေးနှင့်လည်း အတော်ဝေးကွာလာခဲ့လေသည်။

ပုဂံကိုရောက်ပြီလို့ ဒယ်ဒီတို့ပြောကတည်းက ရထားလုံးထဲကနေ ခေါင်းလေးပြူကြည့်လိုက်တော့ ဧရာဝတီမြစ်ကြီးရယ်၊ တစ်ဘက်က တောင်စဉ်တောင်တန်းကြီးတွေရယ်··

ထို့ပြင် ကုန်းမြေမို့မို့ သစ်ပင်ခြောက်တချို့နှင့် ပုဂံ၏ အလှစေတီပုထိုးများက ဘယ်နေရာကြည့်ကြည့် လွမ်းမောဖွယ်ဖြစ်သည်။

တချို့ပြိုကျပျက်စီးနေသော စေတီများကို အုတ်ပုံသာသာအဖြစ်နှင့် မြင်ရပြီး လူကြီးတွေက ထိုအကြောင်းများနှင့် ပတ်သက်သမျှပြောဆိုဆွေးနွေးနေကြသော်လည်း ရွှေရုပ်လွှာ စိတ်မဝင်စားခဲ့ပေ။ ခုကျမှ သူ့မကိုပဲ မသိတာသိ မကျွမ်း မကျင် ပြောပြနေသော စောင်းသမားလုလင်တို့၏ဇာတ်ကြောင်းကို စိတ်ဝင်စားကာ နေထီးဆောင်းဆိုသည့် ကောင်လေးနောက်မှာ တကောက်ကောက် လိုက်နေမိသည်။

ခြုံထူထပ်လှသည် မဟုတ်သော်လည်း ခုတ်ထွင်ထားပုံရသည့် သစ်ခုတ်စတချို့ကြောင့် ခြေထောက်ကို အတော်ရှောင်ရှားနေရသည်။

"အ···"

လက်မောင်းများ သစ်ပင်နဲ့ငြိ၍ ဖျင်းနဲ့ သစ်ခနဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တာတွေရှိသည်။ ဒါပေမယ့် ရှေ့ကို စိတ်ဝင်စားနေခြင်းကြောင့် နာကျင်သွားသည့်နေရာလေးတွေကို ဖိထားလိုက်၊ ငုံ့ကြည့်လိုက်နှင့် ရွှေရုပ်လွှာ ဂရုမစိုက်နိုင်..

"ရွှေရုပ်လွှာ.. နင်ယုန်လိုချင်ရင် ငါဖမ်းပေးမယ်"

"တကယ်ဖမ်းပေးမှာလား"

"တကယ်ပေးမှာ.နင် ခဏစောင့်"

"ငါလိုက်မယ်လေ"

"အဲဒီမှာနေပါ၊ ဟိုဘက်မှာခြုံတွေပိုထူတယ်၊ ငါ သိပ်မကြာဘူး"

နေထီးစောင်း... ပဆိုးကိုစလွယ်သိုင်းပြန်ချိတ်ပစ်လိုက်ပြီးတစ်ဝဂူပျက်ကြီးကိုကွေ့ပတ်၍ ပျောက်ကွယ်သွား၏။

ရွှေရုပ်လွှာ..ဂူပျက်ကြီးနားမှာ ခြေစုံလေးရပ်ကျန်ခဲ့သည်။

လွန်စွာခြောက်သွေ့သော ပတ်ဝန်းကျင်မြင်ကွင်းများက စိမ်းလန်းခြင်းမရှိလှဘဲ ဂူပျက်ကြီး၏ အတိတ်က စိတ္တဇကို ဖော်ပြနေကြသည်။

ကလေးမို့ မခံစားတတ်ပေမယ့် မနှစ်မြို့နိုင်သည့် ရွှေရုပ်လွှာ မျက်ဝန်းလေးတွေက အရုပ်လေးမျက်နှာကို ဝေ့ဝဲမော့ကြည့်၍ ရှုံ့မဲ့မဲ့လေးဖြစ်လာ၏။

ဒီနေရာ ဒီဂူပျက်ကြီးထဲမှာ မင်းသမီးလေးနဲ့ စောင်းအိုလုလင်ဆိုတာ တကယ်ရှိနေသလား...

သေပြီးပြီဆိုတော့ သရဲပေါ့..

ကျောထဲမှာ စိမ့်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိ...."

ကြောက်စိတ်လေး ဝင်နေတုန်းမို့ ရွှေရုပ်လွှာ တုန်ခနဲ ဖြစ်သွားကာ အသံကြားရာကို လိုက်ရှာတော့ သူမ ခြေ ထောက် နှင့်တစ်လံသာသာလောက်အကွာမှာ ပါးပျဉ်းထောင် မာန်ဖီနေ သည့် မြွေကြီးတစ်ကောင်...

"အား..."

ရွှေရုပ်လွှာ မျက်လုံးစုံမှိတ်ချလိုက်ပြီး တအားအော်သည်။

"ရွှေရုပ်လွှာ"

နေထီးဆောင်းအသံသည် အတော်ဝေးဝေးမှဖြစ်သော် သည်း မြန်မြန်ဆန်ဆန်ကြီးရောက်ချလာပြီး

"ရွှေရုပ်လွှာ...ဟာ..."

လက်ကလေးနှစ်ဖက်ကို ကျုံ့နေအောင် ပိုက်ကာ မျက် လုံးတွေမှိတ်လျက် တုန်ယင်နေသည့်ရွှေရုပ်လွှာကိုယ်လုံးလေး ကို သူ ခွေခနဲ ပွေ့ဖက်ယူသည်။

မြွေက ရှိုးခနဲ ရှေ့တက်လာ၏။

ကလေးပီပီ ကြောက်စိတ်ကလေးလည်းရှိတော့ နောက် မြန်လှည့်ပြေးစဉ် ခလုတ်တိုက်မိလေသည်။

မြွေက လျှောလိုက်လာသဖြင့် ရွှေရုပ်လွှာကို ဖက် ထားလျက်နှင့် နှစ်ပတ်သုံးပတ်လိမ့်ရှောင်ပစ်လိုက်ရသည်။

"ဟိတ်...ရှူး..ရှူး...ကဲကွာ.."

အလန့်တကြား ခြောက်လှန့်၍ မရသောအခါ လက်ထဲ မှာ ဆွဲမိဆွဲရာဆွဲပြီး မြွေကို လှမ်းပစ်လိုက်မိ၏။

ထိုအရာသည် မြွေကိုမထိဘဲ မြွေ၏ရှေ့မှာပဲ ကျလျက်



www.burmeseclassic.com

www.burmeseclassic.com



အောက်က ကျောက်သားအစွန်းတစ်ခုနှင့်ရိုက်မိကာ ကွဲထွက်သွားသည်။

မြွေကြီး ပါးပျဉ်းအသာချကာ နောက်ပြန်လှည့်သွားလေသည်။

ဘာကြောင့်ပဲဖြစ်ဖြစ် သူ့မှာ စိတ်မဝင်စားနိုင်ဘဲ ဝမ်းသာအားရ ဖြစ်သွားခဲ့၏။

"ရွှေရုပ်လွှာ...ရွှေရုပ်လွှာ..ထထ.. မြွေကြီးမရှိတော့ဘူး"

"အား...နာလိုက်တာ"

ရွှေရုပ်လွှာအတော်ပင် နာသွားရှာသည်။

လက်မောင်း၊ လက်ဖျံကလေးတွေမှာ ပွန်းပဲ့သွေးစို့လျက်..မျက်ဝန်းလေးမှာ မျက်ရည်တွေဝဲလို့

"တော်တော်နာသွားလားဟင်၊ ငါလည်း ဘာလုပ်ရမှန်းမသိတော့လို့ လွှတ်အောင်ပြေးရင်း..ပြစ်မိ"

နေထီးဆောင်းက ရွှေရုပ်လွှာ လက်ကလေးတွေကို ဆန့်တန်းစေပြီး သူ့ပုဆိုးကို ဖုလုံးကြီးလုပ်ကာ နှုတ်ခမ်းဝမှာကပ်မှုတ်၏။ ပြီးတော့ ပူနွေးလာသော အဝတ်ဖုကြီးနှင့် ဒဏ်ရာတွေကို ဖိကပ်ပေးမိသည်။

"သက်သာလား"

"သက်သာတယ်၊ ဒါပေမယ့် နင်ပုဆိုးကြီးက ရွံ့စရာကြီး၊ တော်ပြီ"

ရွှေရုပ်လွှာက စိန်လက်ကောက်တွေဝတ်ထားသည့် သူမလက်မောင်းဖြူနုနုလေးကို ရုန်းပစ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နေထီးဆောင်…ဟိုမှာကြည့်စမ်း· ဘာလေးလဲ"

"ဟင်··ဘယ်မှာလဲ"

သူ မမြင်တော့ ရွှေရုပ်လွှာက ရုတ်ခနဲထသွား၍ စောစောက မြွေကို လှမ်းပစ်လိုက်သည့် ကျောက်သားစလေးကို သွားကောက်လိုက်၏။ နေထီးဆောင်းက နောက်ကလိုက်လာကြည့်သည်။

ကျောက်သားတချို့ ပွဲကွာကျနေသည့် အစမ်းရောင်ကျောက်ပြားလေးဖြစ်ပြီး ရွှေရုပ်လွှာက ကျန်နေသေးသည့် ကျောက်စတချို့ကို အသာထုခြစ်ဖယ်ပစ်လိုက်ရာ ကျောက်ပြားလေးပေါ်မှာ ထွင်းထုထားသည့် ရုပ်ပုံတွေက ထင်ရှားစွာပေါ်လာပြီး

"လူပုံတွေ ကြည့်စမ်း၊ နင်ပြောတဲ့ မင်းသားလေးနဲ့ မင်းသမီးလေးလားမသိဘူး၊ သိပ်လှတာပဲ"

"အေးဟ·· နှစ်ယောက်လက်ချင်းချိတ်လို့၊ ဒါပေမဲ့ ဘောင်းလည်း မပါဘူး"

နှစ်ယောက်သား ခေါင်းချင်းဆိုင်ကြည့်ကြသည်။

ရွှေရုပ်လွှာက ကြည့်လို့နေသည့် အစိမ်းရောင်လေးကို ဒီမိုတောက်ပအောင် ဖြူလွှသော သူမ၏ ပိုးဂါဝန်အနားစလေးနှင့်ထပ်မံပွတ်သုတ်ပစ်လိုက်လျှင် အစိမ်းရောင်လေးကော ရုပ်ပုံတွေပါ ပို၍ထင်ရှားလာသည်။

ထို့ပြင် မှုန်းတည့်လုလု နေရောင်ခြည်အောက်မှာ အရောင်ဝင်းတွေ ဖြာနေသော ထိုအရာဟာ ကျောက်စိမ်းပြားပဲလေး ဖြစ်မှန်းလည်းမသိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး…မမလေးဘယ်မှာလဲ… သခင်မလေး ရွှေရှပ်လျှာ…"

ခေါ်သံတွေရုတ်တရက်ပေါ်လာတော့ ရွှေရှပ်လျှာက ချက်ချင်းထရပ်လိုက်၏။

"ငါသွားမယ်"

နေထီးချွှောင်းဆာလည်း ရုပ်ပုံပြားလေးကို ချက်ချင်းလှမ်း ဆွဲကာ

"ဒါကို ယူမသွားနဲ့"

"အံမာ…ငါတွေ့တာ ငါယူမှာပေါ့"

နေထီးဆောင်းက ခေါင်းတွင်တွင်ခါလိုက်ပြီး

"ဘုရားပျက်၊ ကျောင်းပျက်က ပစ္စည်းဆိုတာ ဘာမှ ကိုင်တွယ်မသုံးစွဲကောင်းဘူးတဲ့၊ ယူမသွားနဲ့"

"ယူမှာပဲ၊ ငါခိုးတာမှမဟုတ်တာ"

"မယူကောင်းလို့ပြောနေတာ၊ မယူရဘူး"

"ယူမှာပဲ"

သူတို့အခြေအနေက မထင်မှတ်ဘဲ တင်းတင်းမာမာ မားဖြစ်လာသည်။

"မမလေး…"

"မမလေးရေ…"

အသံတွေက နီးကပ်လာသည်။

ရွှေရှပ်လျှာ အသံပြုတော့မလိုလို လည်ပင်လေးရှည် ကြည့်ပြီးမှ သူ့ဘက်ပြန်လှည့်ကာ

"နင် လွှတ်နော်… ငါ ဒက်ဒီနဲ့တိုင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလိုချင်လို့မဟုတ်ဘူး"
"မလိုချင်ရင် လွှတ်"
"နင် မယူရဘူး"
"ယူမှာပဲ"

ကျောက်စိမ်းပြား ပန်းချီချပ်ကလေးသည် ဘယ်တစ်ဖက် ညာတစ်ဖက် ဆွဲထားကြသည့်အလယ်မှာ ဟိုဘက်ပါလိုက် ဒီဘက်ပါလိုက်ဖြစ်နေပြီး မျက်နှာပြင်မှာ မသန့်ရှင်းသော်လည်း ထူနက်သောမျက်ခုံး စူးလက်နေသည့် မျက်ဝန်းတစ်စုံနှင့် ပါးလျသည့် နှုတ်ခမ်းတို့ကို ဖိပိတ် ဖွတ်လုနေသည့် နေထီးဆောင်းမှာ သူမကို အလျှော့ပေးမည့်သူမဟုတ်မှန်းကို ရွှေရုပ်လွှာ သဘောပေါက်သွား၏။

ထို့ကြောင့် ဆွဲလုနေခြင်းကိုလက်လျှော့ကာ ဖြုတ်ခနဲ ထိုင်ချလိုက်တော့ ထိုင်ပြီးသားလည်းဖြစ်၊ ကျောက်စိမ်းပြားလေးလည်း သူမလက်ထဲမှာပါလာလေသည်။

ရွှေရုပ်လွှာသည် ကျောက်စိမ်းပြားလေးကို အမာခံ အောက်ခံကျောက်ချွန်တစ်ခုပေါ်တင်၍ ကျောက်ခဲတစ်လုံး ကောက်ကာ အလယ်တည့်တည့်ကနေ အားရှိပါးရှိ ထုချပစ်လိုက်၏။

"ဒုတ်...ဒုတ်..ကဲ..ကဲဟာ..ကဲ.."

နှစ်ချက်သုံးချက် ဆက်တိုက်ထုချနေသောအခါ ကျောက်စိမ်းပြားလေးက အလယ်မှနေ၍ ထက်ခြမ်းကွဲသွား၏။

"ဟာ.. ရွှေရုပ်လွှာ ဒုက္ခပါပဲ၊ အဲဒါက မလုပ်ရဘူးဟ"
"လုပ်တယ်၊ လုပ်တော့ဘာဖြစ်လဲ၊ ရော့.နင့်တစ် ဝက်



www.burmeseclassic.com

www.burmeseclassic.com



ငါတစ်ဝက်''

ကြည့်ရှုရွေးချယ်လိုက်တာမဟုတ်ဘဲ နောက်ကလိုက်လာကြသူတွေဆီ လှမ်းမျှော်ကြည့်လိုက်ရင်း တစ်ခြမ်းကို သူ့လက်ထဲ ထိုးသိပ်ထည့်လိုက်တာဖြစ်ပြီး

''ရာဇာကြီးနဲ့ မြတ်စု...အလှာ..ဒီမှာ''

အသံလှမ်းပေးကာ ချာခနဲလှည့်ပြေးသွားလေသည်။

နေထီးဆောင်း နှစ်လှမ်းသုံးလှမ်းခန့်ပြေးလိုက်မိပြီးမှ ကိုယ်ရှိန်သတ်လိုက်ရသည်။

ရွှေရုပ်လွှာ၏အထိန်းတော်တွေက သူ့ကိုရွှေရုပ်လွှာနှင့် အတူတွဲတွေ့လိုက်လျှင် သူခိုး ဂျပိုးတစ်ယောက်လို မတူမတန် ဆူပူကြလိမ့်မည်။

လက်ထဲမှာ တစ်ခြမ်းကျန်ခဲ့သည့် ကျောက်စိမ်းပြားလေးကိုငုံ့ကြည့်လိုက်တော့ ကြွကြွလှလှကလေး အသက်ဝင်နေသည့် မင်းသမီးလေး၏ရုပ်ပုံ။

လက်ချင်းချိတ်၍ မှီနွဲ့နေပုံရှိပေမယ့် တစ်ဖက်က မင်းသားပုံက မရှိဘဲ အင်္ဂါမစုံချို့ယွင်းနေပြီမို့ တင့်တယ်ခြင်းက ယုတ်လျော့နေသည်။

မင်းသမီးလေး အထီးကျန်ဖြစ်ရရှာသည်ကို ငုံ့ကြည့်၍ စိတ်မကောင်း ဖြစ်နေဆဲ၊ ခြေဖဝါးက တဆစ်ဆစ် စူးအောင့်လာသောကြောင့် ငုတ်တုတ်ထိုင်ချလိုက်ကာ သေချာကြည့်မိသည်။

ယုန်ကိုရှာဖွေနေစဉ် ရွှေရုပ်လွှာအသံကိုကြားသော် စိုးရိမ်ပူပန်စိတ်နှင့်အတင်းပြေးလွှားလာခဲ့မိစဉ် ခြေထောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခြွင်းထန်စွာ နာကျင်သွားသည်ကို သတိရမိသည်။

ငုပ်စုးသွားသည့်ခြေဖဝါးမှာ သွေးပွက်ပွက်ကျလျက်ဒဏ်ရာက မြင်လို့မကောင်းအောင်ဖြစ်နေသည်။

ကျောက်စိမ်းပြားလေးကို ချကာ အနာကို သစ်ရွက်ခြောက်တချို့ကောက်၍ သွေးသုတ်သည်။

ဟိုကိုင်မိ ဒီထိမိနှင့်သွေးစတချို့က ကျောက်စိမ်းပြားလေးမှာ စွန်းထင်သွား၏။

သူ သဘောကျသွားသည်။

အစိမ်းနဲ့အနီရောင် တယ်လိုက်ဖက်ပါလား။

အဆက်မပြတ် စိမ့်ထွက်နေသည့် သွေးတို့ကို လက်ညှိုးနဲ့တို့ယူပြီး ကျောက်စိမ်းပြားလေးမှာ ဘောင်တပ်သလို လေးဘက်လေးတန် ဆွဲသုတ်ပစ်လိုက်သည်။

"ဟားဟား·· ခုမှ လှသွားတာ"

ကျောက်စိမ်းပြားကိုကြည့်၍ အားရနေတုန်း ဒဏ်ရာကြောင့်မျက်နှာရှုံ့မဲ့သွား၏။

ပုဆိုးစကို ဆုတ်ဖြဲကာ ခြေထောက်မှာ ပတ်ချည်လိုက်သည်။ သွေးတိတ်သွားသော်လည်း ခြေထောက်ကထောက်လို့ မရ။

ကျောက်စိမ်းပြားလေးကို ကိုင်ကြည့်နေရင်း သူထရပ်ကာ ခြေတရွတ်ဆွဲ၍ ပြန်လာခဲ့သည်။

ဘယ်လောက်မှ မလှမ်းရသေးဘဲ ပြန့်ပြူးသောမြေပြင်မှာ သူထိုင်ချလိုက်ရင်း····

ရွာကိုရောက်တော့မည်။

ဒါကိုတစ်ယောက်ယောက်မြင်လျှင် သူ့ကိုသာ ဆူပူ



www.burmeseclassic.com

www.burmeseclassic.com



မာန်မဲကြမည်။

ပစ္စည်းကိုသိမ်းသွားမည်။

သူ အသိမ်းမခံနိုင်ဘဲဖြစ်ရကာ ပုဆိုးကိုခါးမှာ တင်းတင်းပတ်ချည်၍ ကျောက်စိမ်းပြားလေးကိုဝှက်ထားလိုက်သည်။

ကျောက်စိမ်းပြားဆိုတာကို မသိပေမယ့် ဒီပစ္စည်းလေးကို သူအမြဲထာဝရ လျှို့ဝှက်သိမ်းဆည်းထားဖို့က သေချာနေသည်ဖြစ်၏။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

ရွာထဲက လူတွေ တစ်အိမ်တစ်ယောက်ထွက်လာကြ
ကာ ရွာထဲလမ်းကလေးမှာ လူတွေစည်ကားနေသည်။

ပို၍စည်ကားနေသည်က အဖြူရောင်ကားလေး၏
ားမှာဖြစ်သည်။

မီးလုံးနှစ်လုံးသည် ဇီးကွက်မျက်လုံးကဲ့သို့ရှိကာ ခုံးခုံး
သးသေးလေးနှင့်ပြောင်လက်နေသော လိပ်ခုံးကားလေးကို
လေးတွေက ဝိုင်းဝန်းရပ်ကြည့်နေသည်။

ဝန်ထောက်မင်းမိသားစုက အနားမှာရှိနေသောကြောင့်
ားကို မရဲတရဲ လက်တို့ကိုင်ကြည့်သည်မှလွဲ၍ အနားသိပ်
တပ်ရဲကြ။

"ဝန်ထောက်မင်းကတော်.. ဒီလက်ဆောင်ပစ္စည်းလေး
ယူသွားပါနော်.. ဒါ ကျွန်မသမီးကိုယ်တိုင် ယက်လုပ်ထားတဲ့
က်ကန်းထည်စစ်စစ်ပါ၊ ဝန်ထောက်မင်းကတော်တို့ ဝတ်တဲ့
ိုင်ငံခြားထည်တွေလောက် အဖိုးမတန်ပေမယ့် မြန်မာယဉ်ကျေးမှု



www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်ပါ”

“အို…မှန်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်ရှင်၊ ကျွန်မ တန်ဖိုးထားပါတယ်၊ ဟောဒီရွာကလေးကို ပုဂံဘုရားဖူးရင်း ခဏတဖြုတ်လှည့်ဝင်တာပေမယ့် ရွာသားအားလုံးဟာ ခင်မင်စရာကောင်းမှုပါတယ်၊ အားလုံးကိုလည်း သံယောဇဉ်ဖြစ်မိပါတယ်၊ ပေးကြတဲ့လက်ဆောင်ပစ္စည်းတွေကိုလည်း တန်ဖိုးထားပါတယ်ရှင်…တကယ်ပါ”

ဝန်ထောက်မင်းကတော်က မာန်မာနကင်းစင်သည်။

ဝန်ထောက်မင်းက ပြုံးရွှင်သောမျက်နှာနှင့်ခွဲခြားမောက်မာပုံမျိုးမရှိ၊ ဇနီးမောင်နှံနှစ်ယောက်လုံး နှပျိုချောမောသူများဖြစ်ကြသလို တစ်ဦးတည်းသော သမီးလေးရွှေရုပ်လွှာသည်လည်း ရွှေမှုန့်စား၍ မွေးထားသလားထင်ရလောက်အောင်လှပနေသည်ပင်။

အဖြူရောင် ကြိုးသိုင်းစကတ်ပေါင်လယ်လောက်တိုတိုလေးနှင့် အဝါရောင်လည်စီးလက်ရှည်အင်္ကျီလေးကို တွဲဝတ်ထားသည်။

ရှူးဖိနပ်၊ ခြေအိတ်၊ ခေါင်းစည်းကွင်းလှလှလေးတွေက အစတလူလူဖြစ်ကာ ဖြူနုသော အသားရောင်က ရောထွေးနှမွတ်နေသည်။

လက်ဆောင်ပေးသူတွေက နှုတ်ဆက်ကြ၊ ရယ်မောကြနှင့် ချစ်မြတ်နိုးစွာ ပါးကလေးဆွဲ လက်ကလေးဆိုင်ပြုချင်ကြသည်။

သို့သော် မျက်ခုံးလေးတွန့်တွန့်နှင့် မှုတင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်လွှာ၏မျက်နှာထားလေးကြောင့်ဘယ်သူမှ ထိကိုင်မကြည့်ဝံ့ကြ။

သူမ၏မျက်လုံးတို့က ဝိုင်းဝန်းရပ်ကြည့်နေကြသည့် ရွယ်တူကလေးအုပ်တွေထဲသို့သာ ပိုက်စိပ်တိုက်ရှာဖွေနေခဲ့သည်။

တစ်ယောက်ယောက်ကိုရှာဖွေနေမှန်း မသိကြသော ကလေးများက ကိုယ်လေးတွေကျုံ့ကာ သူကြည့် ကိုယ်ကြည့်ဖြစ်ကုန်ကြသည်။

"သမီးလေး.. လာလေ...ဦးဦးတို့ ဒေါ်ဒေါ်တို့ကို ကျေးဇူးတင်ပါတယ်လို့ပြောလိုက်ပါဦး"

"ဟုတ်ကဲ့ရှင့်..ကျေးဇူးတင်ပါတယ်ရှင်"

"ကြည့်စမ်း..သမီးငယ်လေးက လိမ္မာလိုက်တာ"

ရွာထဲက လူကြီးတွေက ရွှေရုပ်လွှာကို ချစ်စနိုးကြည့်ကာ လက်ဖဝါးလေးကို ဆုပ်ကိုင်ကြသည်။

မေးဖျားလေးကို မရဲတရဲကိုင်၏။

ရွှေရုပ်လွှာက လက်ကိုမသိမသာ ရုန်းထွက်၍ နောက်ဆုတ်ရပ်လိုက်သည်။

ထိုစဉ် ဇွဲဝဲရှာဖွေနေသည့်သူမ၏ မျက်လုံးထဲမှာ တစ်စုံတစ်ယောက်၏ရုပ်သွင်က တန်းတန်းမတ်မတ်ကြီး ဝင်လာ၏။

ရွှေရုပ်လွှာ ထိုရှေ့သို့ ဘောက်ဆတ်ဆတ်လေးလျှောက်သွားသည်။

ပြန်ကာနီးမှ နှုတ်ဆက်စကားတွေ ပြောမကုန်ဖြစ်နေကြသော လူကြီးတွေ သတိမထားမိလိုက်ကြ။

"နေထီးဆောင်း..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာရပ်သော သူကို နေထီးဆောင်းကလည်း မှုံကုတ်ကုတ်ပြန်ကြည့်သည်။

ထို့နောက် လက်ထဲက ကိုင်လာသည့်အထုပ်ကိုလှမ်းပေးကာ

"ရော့..ငါ့သကြီးဖော ဝန်ထောက်မင်းအတွက် လက်ဆောင်ပေးခိုင်းလိုက်တာ"

ရွှေရုပ်လွှာက နောက်ကိုခြေတစ်လှမ်းဆုတ်ပစ်လိုက်သည်။

"ကြီးကျယ်လိုက်တာ.. ငါ့ဒက်ဒီဆီကို ကိုယ်တိုင်မလာဘဲ လူကြုံပေးရအောင် နင့်ဘကြီး ဘာမို့လို့လဲ"

"ငါ့ဘကြီးက လမ်းမလျှောက်နိုင်တဲ့ ဒုက္ခိတလေ၊ ဒါပေမယ့် သမားတော်ကြီးတစ်ယောက်ပဲ၊ ဒီထဲမှာ အင်မတန်ရှားပါးတဲ့ နတ်သမီးဂမုန်းဉပါတယ်၊ ဘကြီးလိုအပ်တဲ့ ဆေးမြစ်တွေကို ငါက လိုက်ရှာရတာပေါ့၊ အဲဒီ ဂမုန်းဉကို မြန်မာပြည်အရှေ့မြောက်ဖျားပိုင်းအထိ သွားတူးရတာ၊ ဒါပေမယ့် ငါရှာတာမဟုတ်ပါဘူး၊ ဘကြီးကို သူများလက်ဆောင်ပေးထားတာ၊ ဒီဂမုန်းဉရဲ့အစွမ်းဟာ..."

"မပြောနဲ့ ငါစိတ်မဝင်စားဘူး၊ ငါနင့်ဆီက ဒါလိုချင်လို့ နင့်ရှေ့မှာလာရပ်နေတာ မဟုတ်လို့လား"

"ဘာဖြစ်လို့လဲ"

ရွှေရုပ်လွှာက နေထီးဆောင်းကို နှာခေါင်းလေးတွန့်၍ အထင်မြင်သေးသလို တစ်ချက်ကြည့်လိုက်ပြီး

"နေထီးဆောင်း..နင့်ဆီမှာကျန်ခဲ့တဲ့ မင်းသမီးပုံပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



်ခြမ်း ငါ့ကိုပြန်ပေး..''

''ဘာလို့ပေးရမှာလဲ''

''ငါဝယ်မယ်၊ ဘယ်လောက်နဲ့ရောင်းမလဲ''

''ဘာလုပ်ရမှာလဲ နင့်ပိုက်ဆံ၊ ငါတို့ရွာမှာ ထင်းခွေ
်ရင် ထမင်းစားဖို့ရတယ်၊ ပုဂံမှာရေသွားရောင်းရင် ပိုက်ဆံ
ာယ်''

ကလေး အချင်းချင်းစိုင်းကြည့်နေကြသည်။

နေထီးဆောင်းနဲ့ရွှေရုပ်လွှာ ဘယ်တုန်းက ဘယ်လိုခင်
းမှန်းမသိကြဘဲ တအံ့တသြ အထင်တကြီးဖြစ်နေကြသည်။

ရွှေရုပ်လွှာကဲ့သို့ ဝန်ထောက်မင်း၏သမီး.. နတ်သမီး
း တစ်ပါးလို လှပအိစက်နေသော ကောင်မလေးနှင့် ရင်ဆိုင်
 ပြောဆိုနေသော နေထီးဆောင်းမျက်နှာက ဂျစ်ကန်ကန် မာ
ကြာကြောပုံကိုလည်း နားမလည်နိုင်ကြ။

''နင်က တောသားပီပီ တစ်မူးတစ်ပဲ စကားပဲပြော
တ်ပါလား၊ ငါက နင့်ကို အများကြီးပေးဝယ်မှာ''

''ဘယ်..လောက်ပေးပေး မရောင်းဘူး၊ နင်လိုချင်သလို
ာည်း လိုချင်တာပဲ၊ ဖြစ်နိုင်ရင် ငါတို့ရေမြေ ငါတို့ရာဇဝင်
ာ ရှေးဟောင်းဂန္ထဝင်ပစ္စည်း နင့်ဆီကို တခြမ်းပေးလိုက်ရ
ာတောင် လွန်လှပြီ''

စူးရဲသော မျက်ဝန်းလေးနှစ်ခု ကြာမြင့်စွာဆုံစည်း၍
ခင်းနေကြသည်။ နေထီးဆောင်းက ခပ်စောင်းစောင်းမျက်နှာ
းနှင့်မျက်မှောင်ကုတ်လျက် ခပ်စွေစွေစောင်းကြည့်သည်။

ရွှေရုပ်လွှာက မျက်နှာလေးစိုက်ချကာ မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပင့်ကပ်၍ စူးစိုက်ကြည့်ရင် အသက်ရှုပြင်းနေသည်။

ဆုပ်ကျစ်ထားသည့် လက်သီးဆုပ်ကလေးနှစ်ဖက်မှာ နေထီးဆောင်းအပေါ် မှန်းတီးခြင်းတွေကို လွှတ်ထွက်မသွားအောင် ဆုပ်ယူထားသည့်နှယ်။

"နေထီးဆောင်း.. နှင့်ကိုငါ ခုကစပြီးသေတဲ့အထိ မုန်းသွားမယ်"

"ရွှေရုပ်လွှာ နင်ပေးသလောက် ပြန်ပေးနိုင်အောင် ငါ့ဘက်ကလည်း အမြဲအသင့်ရှိနေမယ်ဆိုတာ မှတ်သွားလိုက်"

***



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁)

## အခန်း (၂)
## ရွှေရှင်ဗျော

ရေပြင်ကိုငုံ့ကြည့်ပြီး မိုးထားသော နေခြည်ရင့်ရင့်က စည်းကမ်းကြီးသော ဆရာကြီးတစ်ဦး၏ မျက်နှာကဲ့သို့ရှိရာ အင်းယားရေပြင်သည် လက်ပိုက်ခေါင်းငုံ့နေရရှာသည့် ကျောင်းသားကလေးပမာ ငြိမ်ငြိမ်သက်သက်လေး ဝပ်စင်းနေရှာသည်။

ခပ်လွန့်လွန့် လှိုင်းကြက်ခွပ်လေးတွေက နိုးချောင်နိုး ဗှက်ပြေးဆော့နေသည်။။ နေရောင်ခြည်၏သြဇာကြောင့် အေးရာမှ နွေးခဲ့ရှာသည့် ရေငွေ့နွေး၏အဖြစ်က သနားစဖွယ် ဖြစ်လေသည်။

"ဗွမ်း . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…"

"ဟာ..ဟာ…ဟာ.."

"ဖြောင်း…ဖြောင်း…ဖြောင်း…"

ရယ်သံနှင့်လက်ခုတ်သံက တစ်ထပ်တည်း..

လူကလည်း တစ်ယောက်တည်းပဲဖြစ်ကာ အဖော်ညှိစရာမလိုဘဲ ကိုယ့်လုပ်ရပ်ကို သဘောကျလို့မဆုံး။

"ဒီလောက်လှတဲ့ရေပြင်လေပြင်ကို ဖျက်ဆီးရက်တယ် အလွှာရယ်၊ ဒီမှာ ကဗျာတစ်ပုဒ်ဖြစ်အောင်ခံစားနေတာ"

"ကဗျာစပ်ချင်ရင် အတန်းထဲမှာသွားစပ်လေ၊ ဘာလုပ်ဖို့လဲ၊ ပျော်ချင်လို့ စုဝေးထွက်လာကြတာ၊ ပျော်ပျော်ပါးပါးနေမှာပေါ့"

"ပျော်တယ်လေ၊ ပျော်မှာကသပ်သပ်၊ ခံစားတာကသပ်သပ်၊ ဦးရွှေရိုး တီးပေးရင် ဦးရွှေရိုးလို၊ Disco Music ဆိုတော့လည်း Disco ပေါ့၊ ကြည့်စမ်း.. ညနေဆိုပေမယ့် နေ့လည်ခင်းရဲ့ ရိုက်ခတ်မှု မပြေတဲ့ အပူရှိန်ကြောင့် ရေလည်း မအေးနိုင်သေးဘူး၊ လေလည်း မမြူးနိုင်သေးဘူး၊ ညင်းညင်းသွဲ့သွဲ့ နွေးနွေးလေး၊ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်ပြီး ကန်ဘောင်ပေါ်မှာ သစ်ပင်ရိပ်တွေနဲ့ ဘယ်လောက်အေးချမ်းသလဲ၊ ဒီလောက် ပန်းချီကားတစ်ချပ်လို ငြိမ်သက်ပြီး သဘာဝချင်း ရိုင်းပင်းနေတဲ့အလှတွေကို…"

"အမလေး..တော်ပါတော့၊ ဘယ်စာအုပ်အထူကြီးတွေထဲက နှုတ်တိုက်ကျက်ထားတာတွေလဲမသိဘူး၊ ကဗျာတွေ စာအုပ်ထဲမှာ၊ အင်းယားက ငါတို့ခြေဖဝါးအောက်မှာ ဘာမှ မဆိုင်ဘာ၊



www.burmeseclassic.com

www.burmeseclassic.com



မယ်ပပထွန်းရယ်··နင်ဟာ ပါဝါထူထူနဲ့မျက်မှန်ကြီးတပ်ပြီး နေရာတကာ နှိက်နှိက်ချွတ်ချွတ်လိုက်ကြည့်နေတာပဲ"

"တွေ့လား"

ပပထွန်းက မျက်မှန်လေးပင့်၍ မကျေနပ်နှင့်ဘေးက အဖော်တွေကို စစ်ကူတောင်းသလိုလိုက်ကြည့်သည်။

အားလုံးက အရယ်မပြတ်ရှိနေကြသော်လည်း ဘယ်ဘက်ကမှပါဝင်ကြမည့်ပုံမပေါ်။

ရွှေရုပ်လွှာက ပန်းထောက်ရုံသာသာလေးရှိသည့် လှိုင်းတွန့်လေးတွေ ထင်နေသောဆံပင်တွေထဲကို လက်ချောင်းသွယ်သွယ်လေးတွေ သွင်း၍ နဖူးမှ သိမ်းလှန်ပစ်လိုက်ပြီး

"ဟုတ်တယ်လေ၊ ရေဆိုရင်အေးရမယ်၊ လေဆိုတာ အရာဝတ္ထုတွေကို လှုပ်ရှားသွားအောင် အေးမြအောင် သူ့အစွမ်းနဲ့ သူရှိရမှာပေါ့၊ ခုတော့ ရေနဲ့လေနဲ့ ရောထွေးပြီး ဒီနားမှာ ရပ်နေတာ၊ ငါတို့မှာ မအေးဘဲ ပူပူရှိန်ရှိန်ကြီးတောင်ဖြစ်လာတယ်၊ အဲဒါကို ငါက မကျေနပ်ဘူး၊ ဒါကြောင့် ကန်ထဲကို မြေစိုင်ခဲကြီး ပစ်ချလိုက်တယ်၊ ဗွမ်းဆို ရေတွေ လန့်ဖျန့်သွားတာ ဘယ်လောက် အားရဖို့ကောင်းလဲ"

"ဖြစ်ရလေ"

"နင်တို့ပါ လန့်သွားတယ်လေ၊ အားလုံးလှုပ်ရှားကုန်တဲ့အချိန်မှာ ပူပူရှိန်ရှိန်ကြီးတို့ တိုက်နေတဲ့လေကို ဂရုမစိုက်ကြတော့ဘူး၊ ဒါပဲ၊ ငါကတော့ ရယ်စရာဆို ရယ်ရမှကြိုက်တာ"

"ငိုရော ငိုဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငိုဖို့မှမရှိတာ၊ ငါ့ဘဝမှာ ဝမ်းနည်းကြေကွဲလောက်စရာ ဘာမှမရှိဘူး၊ ရှိလာလည်း ဝမ်းနည်းရင် ငိုပစ်လိုက်မယ်၊ ကြိတ်မှိတ်ပြီး မကြေကွဲဘူး"

"အေးပါ၊ နှင်က လိုတရပြည့်စုံနေတဲ့သူကိုး၊ မိဘက ချမ်းသာတယ်၊ နှင်က လှတယ်၊ စည်းစိမ်ဥစ္စာတင်မကဘူး၊ နှင့်ဘေးမှာ ဒူးထောက်ခစားနေကြတဲ့ယောက်ျားလေးတွေက များမှများ··"

"ဘာလဲ··အားကျလို့လား၊ လိုချင်ရင်ကြိုက်တာ ဆွဲယူလိုက်"

"တော်ပါ"

ပပထွန်းက အရုက်ကြီးတဲ့သူ··

သူငယ်ချင်းတွေ ဝါးခနဲ ထရယ်ကြတာတောင် ပါးစပ်တွေ လိုက်ပိတ်လိုပိတ်၊ လမ်းသွားတုန်း ယောက်ျားလေးတွေ နောက်က ပါလာလျှင် ခြေလှမ်းတွေမှား ခလုတ်တိုက်။

ကျောင်းမှာဆို အုပ်စုထဲမှာ အားလုံးက သူ့ကိုပဲ စကြရယ်ကြ··

"ကဲ···ကဲ·· တော်ပြီဆိုရင် လာရင်းအစီအစဉ်လေး ပြန်စရအောင်၊ အခု ဒီကပြန်ရင် ဘယ်ကိုသွားမလဲ"

"ရုပ်ရှင်သွားကြည့်မယ်··"

"လက်မှတ်ကြိုဝယ်ထားတာမဟုတ်ဘဲနဲ့ အရမ်းတိုးနေရမှာပေါ့"

"ဘာဖြစ်လဲ"

"ဒါဆို အားလုံးလိုက်ကြမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..နေ...နေကြပါဦး"

အားလုံးခေါင်းညိတ်တော့ ပပထွန်းက ပျာပျာသလဲ..

"မိန်းကလေးတွေဖြစ်ပြီး တိုးရကြိတ်ရတာ ရှက်စရာကြီး၊ ငါတို့ရွှေတောင်ခေါက်ဆွဲသွားစားကြရင် မကောင်းဘူးလား.."

"မကောင်းဘူး"

ရွှေရှပ်လွှာကပဲ ငြင်းသည်။

"ဒီနေ့ ကျောင်းပြီးတဲ့နေ့၊ တစ်နေကုန် အများကြီးအချိန်ဖြုန်းရဦးမှာ၊ အစားအသောက်က အရေးမကြီးဘူး"

"ဟုတ်တယ်.. ရုပ်ရှင်ပဲကြည့်မယ်"

"ဘာကားတဲ့လဲ"

"ဖြေနိုင်ပေါင်..."

"ဝါဝါဝင်းရွှေ မို့လား၊ ကြိုက်တယ်၊ သွားမယ်"

တစ်ဖွဲ့လုံး တညီတညွတ်တည်းဆုံးဖြတ်လိုက်ကြတော့ ပပထွန်း မဲ့ရှုံ့သွားသည်။

သမ္မတရုံကြီးမှာ လက်မှတ်တန်းစီရင်း သူတို့တွေ ရယ်ကြ တိုးကြနှင့် ပပထွန်းချွေးပြန်နေ၏။

"လွှာ..လက်မှတ်ယူမထားဘူးလား"

"ဟင်...ဩော်..အင်းလေ.. ချက်ချင်းကြီးကြည့်ချင်လာတာနဲ့"

အမြဲတမ်း တွေ့လိုက်တိုင်း တစ်ယောက်တည်းနေတတ်တာ.. အုကြောင်ကြောင် မလှုပ်တလှုပ်ပုံနှင့် ကွယ်ရာမှာဆို ရွှေရှပ်လွှာ အမြဲလှောင်ရယ် ဟားတိုက်ခဲ့သည့် ဘိုဘိုထိုက်...



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ပပထွန်းလိုပဲ မျက်မှန်နဲ့ပဲဖြစ်၍ အင်္ကျီ ကြယ်သီးအစုံတပ်လျက်၊ ကတ္တီပါညှပ်ဖိနပ်ကိုစီးတတ်သည့် သူ့ပုံစံက လူကုံထံမိဘများမှ မွေးဖွားလာသူမှန်းသိသာစေသည်။ ရှင်းသန့်ခန့်ညားမှုရှိသည်။

တက္ကသိုလ်တက်ခဲ့သည့် တစ်လျှောက်လုံးမှာလည်း ရွှေရုပ်လွှာကိုသာ အရိပ်လို ကပ်တွယ်နေခဲ့ပြီး ဖွင့်လည်း မပြော၊ အနားသို့လည်းမလာ။

ခု ကျောင်းပြီးတော့မည်ဆိုမှ သူ့နည်းသူ့ဟန်နှင့်ရောနှောလာခဲ့သူ…

"လွှာရယ်… နင် သူ့ကို ဖွဲ့ဆုတော့ ပေးသင့်နေပြီ သိလား၊ ပြီးတော့ သူ ချဉ်းကပ်ပုံက နူးနူးညံ့ညံ့ သိမ်သိမ် မွေ့မွေ့လေး…"

"သဘောကျလား… နင့်လိုပဲ မျက်မှန်လေးနဲ့ဆိုတော့ နင်ယူလိုက်လေ…"

ရွှေရုပ်လွှာ ထိုသို့ပြောလိုက်ပြီဆို ပပထွန်းတို့ ဈေ့ဈေ့ခုန်လေသည်။ အထူးသဖြင့် ရွှေရုပ်လွှာ တစ်စုံတစ်ခုကို တောင့်တလိုအပ်နေချိန်များမှာ သူရောက်လာတတ်သည်။

ခုလည်း သူ့အကူအညီနဲ့ပဲ ရုံထဲသို့ လျှောလျှောလျူလျူ ရောက်သွားခဲ့ကြပြီး

"လွှာ… ကျွန်တော် မုန့်ဝယ်ပါရစေနော်… အားလုံးအတွက်ပေါ့…"

"အို…နေပါစေ… လေးယောက်တောင်မှ၊ လွှာပဲ ဝယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လွှာက နေကြာစေ့၊ ဆီးထုပ်ကအစ တပွေ့ကြီး ဝယ်ပြီး သူနဲ့လွှာ အတူယှဉ်ရပ်နေတာကြောင့် ပပထွန်းတို့က မလှမ်းမကမ်းက ရပ်စောင့်နေကြသည်။

ဝယ်ပြီးပြီထင်လောက်မှ ရှေ့ကဝင်သွားကြပြီး လွှာက မုန့်တွေပိုက်လျက် ပိုစတာရှေ့မှာ သွားရပ်လိုက်သေးသည်။

ပြီးတော့ လှည့်အထွက်…

"ဟာ…"

"အယ်…"

ပခုံးတစ်ဖက်ချင်း ကျကျနန ပစ်တိုက်ကာ လွှာ့လက်ထဲမှ မုန့်ထုပ်တွေ တစ်ခုမကျန် ပြုတ်ကျကုန်၏။

တစ်ဘက်က ဖျတ်ခနဲနောက်ပြန်ဆုတ်၍ ကျသွားသည့် အထုပ်တွေကို ငုံ့ကောက်တော့ မလိုလိုကြည့်လိုက်တာမြင်သည်။

သို့သော် ငုံ့လည်းမကောက်၊ ဘာစကားမှလည်း မပြောဘဲဆက်လျှောက်သွားရာ..

"ဒီမှာ…"

လွှာက ခြေလှမ်းခပ်ကျဲကျဲတိုးလှမ်းပြီးနောက်ကနေ ပခုံးကို ပုတ်ပစ်လိုက်၏။

ထိုသူ လှည့်ကြည့်သည်။

"ဘာလဲ…"

အသံမထွက်လာသော်လည်း ဘာလဲဟု နှုတ်ခမ်းလှုပ်သွားပုံနှင့် မေးဆတ်လိုက်ပုံကြောင့် လွှာအသည်းယားသွား၏။

"လူတစ်ယောက်လုံးကို ပုံပျက်ပန်းပျက်ဖြစ်အောင် တိုက်ပစ်ခဲ့ပြီး ရှင်က မသိသလိုလို မဆိုင်သလိုလို လျှောက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ..''

ဘိုဘိုထိုက်ခများ မုန့်ထုပ်တွေကို လိုက်ကောက်ရင်း လွှာ့ကိုလည်း ထမဆွဲနိုင်ဘဲ ပျာပျာသလဲဖြစ်နေရှာသည်။

ထိုသူက ဘိုဘိုထိုက်နှင့် လွှာ့ကိုဝေ့ကြည့်ကာ

''နှစ်ယောက်လုံး မမြင်လို့ ဝင်တိုက်မိကြတာပဲ၊ ဘယ်နှယ့်လူကို ခေါင်းစဉ့်တပ်နေတာလဲ''

''အံမာ..ဒီကမြင်တယ်၊ ရှင်ဝင်တိုက်တာ''

''ဒါဆို မင်းကတမင် အတိုက်ခံလိုက်တာလား''

''ဘာပြောတယ်''

''ဟာကွာ.. လာပါလွှာရယ်.. လူတွေကြည့်ကုန်ပြီ၊ သွားစို့နော်''

ဘိုဘိုထိုက် အနားရောက်လာပြောတော့ လွှာ့မျက်လုံးတွေ ပြူးပြက်လက်သွားပြီး ဘိုဘိုထိုက်ကို တူးတူးခါးခါးစိုက်ကြည့်ပြီး

''ယူက ဘာဆိုင်လို့ ဝင်ပါတာလဲ''

လွှာတို့ဖြစ်နေပုံကို ထိုလူက ကြည့်၍ နှုတ်ခမ်းလွန့်လွန့်နှင့်လွန်စွာမုန်းတီးဖွယ်ကောင်းသော အပြုံးမျိုးဖန်ဆင်းကာ

''မင်း လွတ်ကျကုန်တာတွေ မင်းလူလိုက်ကောက်ဖနေပြီမို့လို့၊ တို့က ဒီအတိုင်းထွက်လာတာပါ၊ တောင်းပန်ခံချင်ရင် တောင်းပန်တယ်..နော်... အဟွန့်..စိတ်မဆိုးနဲ့..မလှဘူး''

''တောက်...''

လှိုင်းတွန့် ရေးရေးထင်သောဆံပင်ခပ်အုပ်အုပ် အလယ်ခွဲနှင့် အရပ်မြင့်မြင့်တောင့်တင်းသော ကိုယ်ဟန်သည် တစ်စက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှ နွဲ့နှောင်းပုံမရှိဘဲ ခါးမတ်မတ် ခြေလှမ်းကျဲကျဲ..

နောက်ကနေ စူးစိုက်ကြည့်ကာ စကားလုံးနဲ့ကပ်ကြော သွားခြင်းအတွက် လှသာ မခံချိ မခံသာဖြစ်ကျန်ခဲ့၏။ ခြေလှမ်းတွေမှာ ဒေါသတွေ ရှိနေတာကို အလိုက်မသိသော ဘိုဘိုထိုက် ခမျာ လှသာ့နောက်ကို မှီအောင်လိုက်၍ ခံနေရာမှာ ထိုင်ချလိုက် သည်အထိ တတွတ်တွတ်ချော့နေတုန်း..

"တို့က လှသာ့အတွက်ပြောတာပါ၊ ရုပ်ရှင်ရုံထဲမှာ.."

"ဒီမှာ ဘိုဘိုထိုက်..."

ဒေါသဖြစ်လွန်းသဖြင့် လှသာ့အသံက မာထန်နေသည်။ ကိုယ်ကိုရှေ့ကိုကိုင်း၍ အယူခံဝင်နေသော ဘိုဘိုထိုက် ကိုယ်က မတ်ခနဲဖြစ်ကာ လှသာ့စကားကို နာခံဖို့အသင့်ပုံစံနှင့်

"လှသာ..ဘာပဲဖြစ်နေနေ လူရှေ့သူရှေ့မှာ လှသာ့ဘေးလာ ရပ်ပြီး သက်ဆိုင်သူလိုလို အခွင့်အရေးယူဖို့ မကြိုးစားပါနဲ့"

"လှသာ..."

"လှသာဖြစ်ချင်တာ လှသာဆုံးဖြတ်တာ ဘာကိုမှလည်း ယူ ဝါဝင်တားဆီးဖို့ မကြိုးစားနဲ့၊ လှသာနဲ့ပတ်သက်ပြီး ယူ့မှာ အဲ သလောက် အခွင့်မရှိဘူးဆိုတာ မမေ့ပါနဲ့"

"ကျွန်တော်..ကျွန်တော်.. အဲဒီလိုအခွင့်အရေး ယူ ချင်တဲ့စိတ်မျိုး လုံးဝမရှိပါဘူးလှသာ..လှသာ့ကို ကျွန်တော်..."

"တော်ပြီ...ဘာမှ မကြားချင်တော့ဘူး"

တော်ပြီဆိုသည်နှင့် ဘိုဘိုထိုက်အသံတိခနဲ ပြတ်ကျ သွားကာ တကယ့်ကို မလှုပ်မယှက်ငြိမ်ကျသွားတာဖြစ်သည်။

"လှသာ..ဘာဖြစ်လာကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပပထွန်းက တိုးတိုးလေးကပ်မေးသည်။

လွှာ ဘာမှမဖြေဘဲ အံကြိတ်ထားရ၏။

မျက်ဝန်းထဲမှ ပြုံးစစ နှုတ်ခမ်းတစ်စုံကို ဖျောက်လို့ မရ…

ထို့အပြင် ထူထဲနက်မှောင်လျက်… သေးသွယ်ခြင်း မရှိသော ဩဇာလွှမ်းချင်သည့် မျက်ခုံးတန်းတစ်စုံနှင့်စူးရဲသော မျက်ဝန်းများ…

ထင်းနေသော နှာတံအောက်မှ ဘာမဆို ပြောရဲဆိုရဲ ဖြစ်နေကျရှိသည့် နှုတ်ခမ်းတို့က ခပ်လတ်လတ်အသားနှင့် မလိုက်အောင် နီမြန်းနေသည်။

ထိုသူ မထိတရိပြုံးသွား၊ ရိသွားသမျှ သူမ ဘာမှ မတုံ့ ပြန်နိုင်၊ အဲဒါ ဘိုဘိုထိုက်ကြောင့်…

ကိုယ်ကပဲ ယောက်ျားတွေ ချော့မြူတာကို ခံယူချင်လွန်း လို့ ကြဲဖန်ပြသနာရှာနေသလိုလို…

"တောက်…"

ဒေါသသည် ဘယ်မှာမှ ထွက်ပေါက်မရှိဘဲဖြစ်နေခဲ့ သည်။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဘယ်တွေလျှောက်သွားနေတာလဲ သမီးရယ်၊ ကျောင်းပြီးတယ်ဆိုကတည်းက နောက်ဆုံးဆိုပြီး လည်တာပတ်တာစားတာ သောက်တာတွေက မပြီးနိုင်သေးဘူးလား"

လှသာက မာမီ့ခါးကိုဖက်၍ ချွဲချွဲနွဲ့နွဲ့လေးရယ်လိုက်သည်။

"မာမီကလည်း မနက်ဖြန်တစ်ရက်ပဲ လည်တော့မှာ၊ နောက်နေ့ဆို လှသာ ငြိမ်ငြိမ်လေးပဲနေတော့မှာပါ၊ မနက်ဖြန်က ပပရယ်၊ ပဒုမ္မာရယ်၊ ဘိတ်ကို ပြန်ကြမှာ၊ မြင့်မြတ်က မိုးကုတ်ကို ပြန်မယ်၊ သူတို့ကိုလိုက်ပို့ပြီး လက်ဆောင်တွေလဲကြ၊ စားသောက်ကြပြီးရင် ပြီးပြီ.."

"အင်း... ဒါဆိုရင်တော့ လက်ဆောင်ဝယ်ဖို့ စားသောက်ဖို့ဆိုတာတွေအတွက် မာမီက ကုန်ရဦးမှာပေါ့"

"အဟွန်း..နည်းနည်းပါးပါးပါ"



www.burmeseclassic.com

www.burmeseclassic.com



မာမီက ပြုံးနေတာပါပဲ။

မီးဖိုခန်းထဲထိ ပါလာသည့် လွှာ့နမှုးကို မနှာအောင် ခေါက်ပစ်လိုက်၍

"နားထောင်ဦး.. မာမီပြောစရာရှိသေးတယ်"

"အင်း...ပြောလေ"

"သမီးကို ဒက်ဒီက အိမ်ထောင်ချပေးဖို့ပြောနေတယ်"

"ဟာ..မဟုတ်တာကို"

လွှာ..မျက်နှာချက်ချင်းဆိုသလိုပြောင်းသွားကာ ဟင်း အိုးတွေဘက်လှည့်သွား၍ ဟိုအိုးဖွင့်၊ ဒီအိုးဖွင့်နှင့်ဘာမှလည်း သတိထားကြည့်တာမျိုးမဟုတ်ဘဲ ပြန်ပိတ်၊ ပြန်ချ... ပြီးမှ ပြန်လှည့်လာကာ

"မာမီကလည်း သမီးခုမှ ကျောင်းပြီးတာ၊ ငယ်ပါသေး တယ်၊ ချစ်လို့မဝသေးဘူး၊ လွတ်လွတ်လပ်လပ်နေပါရစေဦး၊ ဘာညာ သာရကာ မပြောဘူးလား၊ လွှာ့ဘက်က"

"ဘယ်ပြောမလဲ၊ အဲဒါ မာမီစီစဉ်တာပဲဟာ"

"ဟင်..."

"သမီး ဒက်ဒီက သူတွေ့ထားတာရှိတယ်ဆိုလို့ မာမီက အကဲခတ်ပြီးပြီ"

"ကြည့်စမ်း...မာမီ"

လွှာ..ရှုံ့မဲ့လှုပ်ခါရင်း စားပွဲဘေးမှာ ခုံဆွဲ၍ ဆောင့်ခနဲ ထိုင်ချလိုက်၏။ မာမီက လွှာ့နောက်မှာလာရပ်၍ ခေါင်းကို ချစ်စနိုး ပွတ်သပ်နေလျက်..

"ဒီပြင်မိန်းကလေးတွေအတွက်က ဟုတ်ချင်မှဟုတ်မယ်သမီး၊



www.burmeseclassic.com

www.burmeseclassic.com



သမီးကိုတော့ ငယ်ပါသေးတယ်ဆိုပြီး ကြည့်နေလို့မဖြစ်ဘူး၊ သမီးလေးက သိပ်လှတာ၊ ကျောင်းမှာလည်း ချစ်ကြိုက်ကြတဲ့ သူတွေအများကြီး''

''လှာ··ဘယ်မှာရည်းစားထားလို့လဲမာမီ''

''အဲဒါ သမီးတော်ပါတယ်၊ မာမီ့သမီးဘက်ကို မာမီက စိတ်ချတယ်၊ ဒါပေမဲ့ မိန်းကလေးတစ်ယောက်ရဲ့အလှအပဟာ အန္တရာယ်ပဲသမီး၊ အလှကို မာနက ကာကွယ်မပေးနိုင်ဘူး၊ ချစ်သဝန်ကြောင်၊ အချစ်ပြိုး အချစ်ကြီးလို့ အမျက်ကြီးတာ၊ အို··· အချစ်နဲ့ပတ်သက်ပြီး သိပ်ကိုကြောက်စရာကောင်းတဲ့ အမုန်းကလဲ့စားတွေလည်း အများကြီးပါပဲ၊ မာမီကိုယ်တိုင် ဟိုတုန်းက အဲဒီလောက်ထိလှခဲ့ဖူးတာပေါ့၊ ဒါပေမဲ့ မာမီတို့ အပျိုရွယ်တုန်းက တိုင်းပြည်ရေးရာက မငြိမ်မသက်နဲ့လေ၊ ဘာပဲဖြစ်ဖြစ် သမီးတို့ဘိုးဘိုးက အရေးပိုင်မင်းကြီး၊ သမီးရဲ့ဒယ်ဒီက ဝန်ထောက်ပေါက်စဆိုတော့ လက်မထပ်ရသေးပေမယ့် သမီးဒယ်ဒီရဲ့ အရှိန်အဝါ၊ သမီးဘိုးဘိုးရဲ့ ဂုဏ်ရှိန်နဲ့ မာမီ့ကို ဘယ်သူမှ မထိပါးရဲဘူး''

မာမီ ဒေါ်ကြွေရုပ်က ပင့်သက်မှုင်းမှုင်းချ၍ ဆက်ပြောနေသည်။

''သမီးကို မွေးပြီးနောက်မှ လွတ်လပ်ရေးရတာလေ၊ ခုဆို အားလုံးက ပြောင်းလဲကုန်ပြီ၊ အရေးပိုင်မင်းဆိုတဲ့ခေတ်က ကျန်ခဲ့ပြီ၊ သမီးဒယ်ဒီကိုယ်တိုင် ကျန်းမာရေးမကောင်းသို့ အငြိမ်းစားဝန်ထောက်မင်းအဖြစ်ပဲရှိတော့တာ၊ ပြီးတော့ မာမီတို့မှာ မိဘဘိုးဘွားလက်ထက်က စည်းစိမ်ဥစ္စာပဲ ရှိနေတာ သမီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့၊ သမီးလေးတစ်ယောက်တည်းမို့ သုံးနိုင်ဖြုန်းနိုင်ဖြစ်ခဲ့တာ၊ သမီးလေး ဒီထက်ပိုပြီးပြည့်စုံအောင် သုံးဖြုန်းနိုင်အောင် မာမီတို့ထက် ပြည့်စုံတဲ့သူ လက်ထဲထည့်ချင်တယ်၊ နောက်တစ်ခုက အစစအရာရာ စိတ်ချရအောင်ပေါ့ကွယ်''

''မာမီကလည်း သမီးရေ… မာမီတို့မှာ သိပ်မတောင့်တင်းတော့ဘူး၊ လျှော့သုံးဆိုရင်ပြီးတာပဲ၊ လှာကဲ ငွေကို ရေလိုသုံးဖို့နဲ့ပဲ ယောကျ်ားယူစရာလား၊ သူတို့ဟာသူတို့ကြိုက်တာမှန်းတာကို ကြောက်ပြီးတော့ရော ယောကျ်ားယူပစ်လိုက်ရမှာလား''

''ဒီလိုလည်း မဟုတ်ဘူးပေါ့သမီးရယ်၊ သမီးထည့်တွက်ရမှာကို မာမီက ထောက်ပြတာပါ၊ ဘာပဲဖြစ်ဖြစ် ဘွဲ့မရသေးပေမယ့် ပညာစုံပြီလို့ သတ်မှတ်လို့ရပြီမဟုတ်လား၊ သမီးဒယ်ဒီက ကျန်းမာရေးသိပ်မကောင်းတော့ သမီးကို စိတ်ချချင်တာလည်းပါတယ်''

''မာမီနော်·· ခုနကပဲ မာမီစိစဉ်တာဆိုပြီးတော့ ဒယ်ဒီနဲ့လွှဲချပြန်ပြီ''

''တကယ်ပြောတာ''

ဒေါ်ကြွေရုပ်က ပြောရင်းရယ်သည်။

စူပုပ်ပုပ် လှသောမျက်နှာလေးကို မေးဖျားလေးမှ ဆွဲလှုပ်၍ ချစ်မြတ်နိုးစွာကြည့်လေသည်။

ဒီသမီးလေးအတွက်ပဲ ပူပန်နေရသည်။

ရွှေရုပ်လှာ ဆိုသည့်အတိုင်း ရွှေလိုဝင်းစက်နေသည့် ရုပ်ကလေးနှင့်ဘာကိုမှ ဂရုမစိုက်တတ်စွာ ပြောဆိုနေတတ်ပုံကို နည်းနည်းလေးမှ စိတ်မချနိုင်။

www.burmeseclassic.com



မစားရသည့်အမဲ သဲနဲ့ပက်တာမျိုး ဖြစ်လေမလား။

ဒါမှမဟုတ် ကားတင်းခိုးပြေးကြလို့များ ကိုယ်ကျိုးနည်းမှဖြင့်...

"သမီးလေးကို အိမ်ထောင်ချပေးလိုက်ရင် ကောင်းမလားအစ်ကို.."

"ကောင်းတယ်..အဲဒါပဲ အစ်ကိုပြောမလို့၊ အစ်ကို့မိတ်ဆွေတစ်ယောက်ကတောင် ဟိုတစ်ခါ အိမ်ကိုလာသွားတုန်း သမီးကိုမြင်တော့ သူ့သားနဲ့လက်ထပ်ပေးချင်တယ်၊ ဘာညာနဲ့စကားစသွားသေးတယ်"

"ဟုတ်လား.. ဘယ်လိုအဆင့်မျိုးလဲ၊ ကောင်လေးကို အစ်ကိုမြင်ဖူးလား"

"ခါတ်ပုံတော့ တွေ့ဖူးတယ်ကွ၊ ရုပ်ကတော့ ခပ်ဖြောင့်ဖြောင့်ပါပဲ၊ လျှပ်စစ်အင်ဂျင်နီယာတဲ့၊ သမီးထက် ငါးနှစ် ခြောက်နှစ်လောက်တော့ အသက်ကြီးလိမ့်မယ်ထင်တယ်၊ ဒါပေမဲ့ ကိုသစ်လွင်တို့က တို့ထက် အများကြီးချမ်းသာတယ်"

ကိုယ်က လက်ထပ်ပေးချင်သည်။ ခင်ပွန်းဖြစ်သူက တွေ့ထားသည်ဆိုတော့ သမီးအတွက် အိမ်ထောင်ချပေးဖို့က အဆင်သင့်နီးပါးဖြစ်သွားသည်။

သမီးက ခေါင်းခါနေတာ ဘယ်လိုနားချရမှန်း မသိသေး....။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ပန်းချီဆရာ ဦးသိုက်အောင်...

ကားရပ်၍ ဆိုင်းဘုတ်ကို တစ်ချက်မော့ကြည့်ပြီးမှ လွှာ ကားပေါ်ကဆင်းသည်။ လက်ကိုင်အိတ်ထဲမှာ ပစ္စည်းအပ်ထား သည့်ဘောင်ချာကို ရှာ၍လက်ထဲမှာ ကိုင်ထားပြီးမှ အိမ်လေး ပေါ်သို့ တက်လာခဲ့သည်။

"ဒေါ်ဒေါ်...ဆရာကြီးရှိပါတယ်နော်"

ကလေးငယ်တစ်ဦး၏ ခြေထောက်ကိုရေးဆေးပေးနေ သည့် အမျိုးသမီးကြီးက လွှာ့ကို အမှတ်တမဲ့လှမ်းကြည့်၍ လွှာ့ ကိုမြင်မှ မျက်နှာက တင်းခနဲဖြစ်သွား၏။

"ရှိတယ်..ရှိတယ်..အထဲမှာ"

လွှာ့ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွား၏။

လွှာက သူတို့ကို ပိုက်ဆံပေးမည့်သူ...

"ဦးလေး...ဒီလက်ရာကိုမီပါစေနော်၊ ပိုကောင်းဖို့ မလို ဘူး၊ လက်ရာကိုလွှာကြိုက်ရင် ခုပြောပြီးတဲ့ဈေးထက် တစ်ဆ



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးခဲ့ပါမယ်"

လွှာက ဒီလိုတောင် ပြောခဲ့သေးတယ်။

အပ်ခဲ့တုန်းကလည်း မိသားစုစုံရှိကြသည်။ မြေး၊ သား၊ ချွေးမအားလုံး ပစ္စည်းကြည့်၍ ထူးဆန်းသလိုလို ဘာမဟုတ်တာလေးကို လာပြီး ပုံကြီးချဲ့လေခြင်းဆိုသည့် အမြင်နဲ့လိုလို၊ လွှာကို ခပ်ပေါ့ပေါ့ သူဌေးသမီးမို့ ငွေကို အလကားဖြုန်းတာလားဆိုသော အကြည့်တွေတောင် ခံခဲ့ရသေးသည်။

လွှာ ငွေလာပေးတာကို ဘာဖြစ်လို့ မနှစ်မြို့သလိုဆက်ဆံတာလဲ၊ မကျေနပ်စိတ်လေးနဲ့ပဲ အိမ်ထဲဝင်လိုက်တော့ စားပွဲခုံရှေ့မှာ ရပ်နေသည့် ပန်းချီဆရာဦးသိုက်အောင်က ဖျတ်ခနဲလှည့်ကြည့်သည်။

"ဩော်..."

သူကလည်း မျက်နှာက ပြုံးမဲ့မဲ့နှင့်လွှာကိုထိုင်ဖို့ ကြိမ်ကုလားထိုင်တစ်လုံးဆီ ညွှန်ပြ၏။

လွှာထိုင်လိုက်တော့ စားပွဲပေါ်မှာ အဆင်သင့်ရှိနေ သည့် အစိမ်းရောင် ကျောက်ပြားလေးကိုယူ၍လွှာ့စားပွဲပုလေးပေါ်မှာ ချပေးလိုက်၏။

သူ့ပါ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ကာ...

"ညည်းပစ္စည်းကို ပြန်ယူသွားတော့ မိန်းကလေး၊ ကျုပ်လက်မခံနိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ ဦး၊ ဦးပြောတာ ဒါက မခက်ဘူးဆို"

ဦးသိုက်အောင် မျက်နှာက လာအပ်စဉ်ကလို ဖော်ရွေပြုံးတုံ့မရှိတော့ဘဲ လွှာပြောလိုက်သည့်စကားအပေါ် အလွန်



www.burmeseclassic.com

www.burmeseclassic.com



အမင်း ဒေါ်သထွက်သွားသလို မျက်နှာတင်းခနဲဖြစ်သွား၏။

"ပစ္စည်းဆိုတာ ပြုပြင်ကောင်းတာရှိတယ်၊ မကောင်းတာရှိတယ်၊ ကျုပ်ဒီအချက်ကို သတိမေ့သွားလို့ လက်ခံလိုက်မိတာပဲ၊ မိန်းကလေး ဒီပစ္စည်းကို ဘယ်ကရခဲ့တာလဲ"

လှသာက ကျောက်ပြားလေးကို ကောက်ယူလိုက်ပြီး မခိုးမခန့်ပြုံးသည်။

"ဦးလက်မခံဘူးဆိုတော့ လှသာပြောပြဖို့လည်း မလိုတော့ဘူးထင်တယ်၊ ခွင့်ပြုပါဦး"

"နေဦး.."

လှသာ ထရပ်လိုက်တော့ ဦးသိုက်အောင်က ကမန်းကတမ်းလိုက်ထ၍

"ကျုပ်ပြောနိုင်တာ တစ်ခုတော့ရှိတယ်၊ ဒီပစ္စည်းကိုညည်း ဘယ်မှာပဲဖြစ်ဖြစ် ပြင်ဆင်ဖြည့်စွက်လို့ရမှာမဟုတ်ဘူး"

"ဦးထက်တော်တဲ့ ပန်းချီဆရာ မရှိနိုင်တော့ဘူးလို့ ကြွားလိုက်တာပေါ့"

"မဟုတ်ပါဘူး၊ မင်းကို မကြိုးစားတော့ဖို့ပြောချင်တာ၊ ဒီပစ္စည်းဟာ ရိုးရိုး အုတ်ကျိုးအုတ်ပျက် အပိုင်းအစကလေး မဟုတ်ဘူး၊ ဂန္ထီရပစ္စည်း၊ ပြီးတော့ မင်းကိုင်ထားတဲ့ ကျောက်ပြားကလေးက သိပ်ကိုအရည်အသွေးကောင်းတဲ့ကျောက်စိမ်း ပြားဖြစ်မယ်လို့ ကျုပ်သေချာပြောရဲတယ်"

ထက်ခြမ်းပဲ့ကျနေသော လက်လက်ဖြာနေသည့် အစိမ်းရောင်ကျောက်သားစောင်းကလေးကို ထောင်ကြည့်၍ လှသာအံ့ဩသလိုတော့ ဖြစ်သွားမိသည်။ သို့သော် ဘယ်လိုရကြောင်းဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လွှာ မက်မောတာက ကျောက်သားကိုမဟုတ်ဘဲ ကျောက်သား ပေါ်မှာ ထွင်းထုထားသည့် ပန်းချီရုပ်ပုံကိုပဲဖြစ်သည်။

"ဒါပေမဲ့ စရံလက်ခံထားတဲ့ကျုပ်က မင်းရဲ့ငွေကို··"

"ရတယ်·· ပြန်မပေးပါနဲ့တော့၊ ဒီငွေပြန်ပေးရတော့ မှာကိုစိုးပြီး လွှာ့ကို မျက်စောင်းထိုး မလိုလားတဲ့အမူအရာတွေ ကိုပဲ ပြန်ရုတ်သိမ်းပေးပါ"

"ဟာ·· အဲဒါမဟုတ်ဘူး၊ ငွေကြောင့်မဟုတ်ဘူး"

ဦးသိုက်အောင်က ပျာပျာသလဲပြောရင်း လွှာ့နောက် က လိုက်ပါလာတာ

"ဒီကျောက်စိမ်းပန်းချီကြောင့် ကျုပ်တို့အများကြီး ဒုက္ခ ရောက်ခဲ့ကြတာ၊ ဒီပုံကို မင်းပြောတဲ့အတိုင်းဆွဲဖို့ကြိုးစားတဲ့ နေ့ တစပြီး ဒီနေ့ထိပဲ မင်းစိတ်ဝင်စားရင် ကျုပ်ပြောပြပါ့မယ်"

"နေပါစေ··လွှာက ဆွဲဖို့အပ်တယ်၊ ဦးမဆွဲနိုင်ဘူး၊ ဒါပဲမဟုတ်လား၊ လက်တွေ့ကြည့်လို့မြင်လို့မရတာတွေ လွှာ မယုံဘူး"

လွှာက စကားပြောရင်း တစ်ချက်မှ မရပ်ဘဲ ကား ပေါ်တောက်လျှောက် တက်လိုက်ပြီးမှ ရပ်ကြည့်နေသည့်သူ အားလုံးကို လှမ်းကြည့်လိုက်ပြီး ဦးသိုက်အောင် အိမ်ရှေ့လှေ ခါးဆင့်လေးမှာ ရပ်လျက် စိတ်မသက်သာပုံနှင့်ခေါင်းယမ်းနေ လေသည်။

အပြင်က ပြန်လာပုံပေါ်သည့် လင်မယားစုံတွဲနှစ် ယောက်ကလွှာ့ကို ပြန်ကြည့်ကာ အိမ်ပေါ်တက်သွားကြ၏။

ပြီးတော့ ကလေးချီထားသည့် အမျိုးသမီးကြီးနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝမှာ ပြန်ပေါ်လာကြကာ လွှာကိုလှမ်းကြည့်၍ တီးတိုးပြောနေကြ၏။

နောက်ကြည့်မှန်ထဲမှ မျက်နှာတွေကို နှုတ်ခမ်းမဲ့ကြည့်၍လွှာက လမ်းသွယ်ထဲကနေ ကွေ့ထွက်လိုက်သည်။

လမ်းမပေါ်ရောက်တော့ မျက်လုံးက ဒက်ရှ်ဘုတ် ပေါ်မှာ တင်ထားသည့် ကျောက်စိမ်းပြားဆီပြန်ရောက်သွားသည်။

ယေယေကတည်းက လွှာတယုတယ သိမ်းဆည်းလာခဲ့ရသည့် ပစ္စည်း၊ ကာလများစွာကြေးတက် ပေကျံနေသည့် ကျောက်စိမ်းပြားကို ဟိုတုန်းက မြင်သာထင်သာရုံလေး ခြစ်ထားသည့်အတိုင်းဘာမှ ထပ်မံတိုက်ချွတ်ထားတာမျိုးလည်း မလုပ်ခဲ့ပေ။

သို့သော် ရုပ်ကြွလှလှလေးထွင်းဖော်ထားသည့် အမျိုးသားပုံမှာ ခေါင်းပေါင်းနှင့်ခေါင်းတောင်းကျိုက်ပုံဖြစ်ကာ ခေါင်းပေါင်းထက်မှာ ဒေါင်းတောင်တစ်ခုကိုထိုးထားသေးသည်။

ဘာလူမျိုး ဘာဝတ်စုံမှန်း အလွယ်တကူမသိနိုင်ပေမယ့် မြင့်မြတ်သော မဟာဆန်သော သွင်ပြင်သဏ္ဍာန်တို့သည် လေးကိုကိုင်၍ ရှုရှုလေးကြွ 'က' နေဟန်မှာ အထင်းသားရှိနေသည်။

တစ်ခု အမြင်ဆိုးသည်က ခြေတစ်ဖက်ပင့် ကြွ၍ တစ်ဖက်ကိုစီးမိုး 'က' နေဟန်မှာ လေးကိုင်တစ်ခြမ်းမပါတော့ပေ။

ခြေဖဝါးတစ်ဖက်မရှိဘဲ ထိုနေရာနှင့်အထက်နားမှာ နွဲ့နှောင်းသည့် မင်းသမီးတစ်ပါး၏ ပခုံးစွန်းနှင့်တင်သား ပြည့်ပြည့်လေး၏ အဖျားစွန်းပါခြင်းက စုံတွဲ 'က' နေပုံကို ရက်စက်စွာ ရိုက်ချိုးခွဲထုတ်ထားမှန်း သိသာနေ၏။

www.burmeseclassic.com


တကယ်ဆို ဒါဟာ မခွဲမဖြစ်လို့ခွဲပစ်လိုက်ရတာ။

ခွဲပစ်ခဲ့သူဟာလည်း သူမကိုယ်တိုင်ပဲဖြစ်သည်။

အားလုံးအပြည့် တစ်ယောက်တည်းယူခွင့်မရ၍ စိတ်မြန်လက်မြန် ရိုက်ခွဲပစ်လိုက်သော်လည်း တကယ်တမ်း အရွယ်ရောက်လို့ ရှေးဟောင်းပစ္စည်းလက်ရာတို့၏ တန်ဖိုးကိုသိလာသည့်အခါ အလွန်ပဲ နှမြောခဲ့ရသည်။

သူ့ကြောင့်....

နေထီးဆောင်း...

ညစ်ပေ၏၊ စုတ်ပြတ်၏။

အစပိုင်းမှာ သဘောကောင်း လိုက်လျောသလိုလိုနှင့် အလွန်မုန်းဖို့ကောင်းလောက်အောင် ပေကပ်ကပ် အရွဲ့တိုက် တတ်သော ထိုပုံစံကို သတိရမိတိုင်း ဒေါသဖြစ်သည်။

ဒေါသတို့နှင့်အတူ မုန်းတီးခြင်းတို့က တရစ်ရစ်တက်ခဲ့သည်။ နောက်ပိုင်းမှာ ပုဂံကို ဘုရားဖူးသွားဖို့ မာမီတို့ကို ပူဆာတိုင်း မအောင်မြင်ခဲ့တော့ဘဲ ကျောက်စိမ်းပြားကလေး၏ ဒဏ္ဍာရီကလည်း ဤမျှနဲ့ပဲ ပြီးဆုံးခဲ့ရသည်။

ဒီထဲကပုံကို ပြည့်စုံအောင် ပြုပြင်ရေးဆွဲကာ ကိုယ့်အိပ်ခန်းထဲမှာ ကျက်သရေရှိရှိ ချိတ်ထားဖို့စိတ်ကူးဖြစ်လာတာ ကြာသေးပါ။ ထို့ကြောင့် သိပ်ခဲယဉ်းမည်မဟုတ်ဘူးလို့လည်း ယုံကြည်ခဲ့သည်။

ခုတော့ ဘာမှန်းညာမှန်းမသိဘဲ ကျောက်စိမ်းပြားကပဲ ဂမ္ဘီရပစ္စည်းတစ်ခုလိုလို..

ဂမ္ဘီရပစ္စည်းဖြစ်တော့ရော လွှာက ဖျက်ဆီးဖို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ‥ လှပအောင် ဖြည့်စွက်ပြင်ဆင်ဖို့ဟာ အပြစ်ရှိလို့လား။
လွှာ‥ဆုံးဖြတ်ချက်ချသည်။
ဒီပုံကို မဖြစ်မနေရအောင်ရေးဆွဲယူမည်ဟု…။

✳✳✳



www.burmeseclassic.com

www.burmeseclassic.com

၂.

## အခန်း (၃)

ဆူးလေမှာလှည့်ပတ်ရှာကြည့်တော့လည်း ပန်းချီဆရာ
ဘ တွေ့ပါရဲ့။ ကျောက်စိမ်းပြွားကိုထုတ်ပြလိုက်တော့ ရှုံ့မဲ့
သည်။

"ဟာ…ခတ်ပုံမဟုတ်ဘူးလား၊ ဒါ…ဒါကို ဘယ်
လုပ်ဆွဲရမှာလဲ"

"ရှင်…ပန်းချီဆရာမဟုတ်ဘူးလား၊ ဘာပုံပဲချပေးပေး
တတ်ရမှာပေါ့"

"မဟုတ်ဘူးလေ၊ အခု ညီမပစ္စည်းက ဒီမှာရှိနေတာ
ဘ ဘာမှန်းမသိတဲ့ဟာ၊ ဒီဘက်က မင်းသမီးကိုပါ ထဲ
ည့်ဆွဲရဦးမှာဆိုတော့"

မထူးတော့ပြီမှန်းသိလိုက်သဖြင့်လွှာက ကျောက်စိမ်း
လေးကို ကျောပိုးအိတ်လေးထဲ ပြန်ထည့်ပြီး စေ်ပိတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး

"လာ..ဘိုဘို..သွားမယ်.."

"ပန်းချီဆရာက ဈေးပို့ပေးအောင် တမင်မူပိုနေတာ ထင်တယ်၊ လွှာ သူ့အတွက် ရေးခပို့ပေးကြည့်ပါလား"

ကားနားပြန်ရောက်လာကြတော့ ဘိုဘိုထိုက်က ကပ် ပြောသည်။

"ဘာလုပ်ရမှာလဲ၊ လွှာ သူ့ကို ငွေရေးကြေးရေး ပြောကို မပြောရသေးဘူး၊ သူ မဆွဲချင်တာကို သူပြောပြီးပြီ၊ မဆိုင်တာချည်းကို ထပ်ရှည်နေစရာလား"

ဘိုဘိုထိုက်ကခေါင်းညိတ်၍ လွှာကို ကားတံခါးဖွင့် ပေး သည်။ ပြီးမှ သူက မောင်းသူနေရာမှဝင်ထိုင်ကာ..

"ကျွန်တော် ဘယ်ကိုပို့ပေးရဦးမလဲလွှာ.."

"နာမည်ကျော် ပန်းချီဆရာမှဖြစ်မယ်ထင်တယ်၊ ယူ့ အသိထဲက မရှိဘူးလား၊ စဉ်းစားကြည့်ပါဦး"

ဘိုဘိုထိုက်က ကားစက်နှိုးဟန်လုပ်ပြီးမှ မျက်မှန် တစ်ချက်ပင့်၍ စဉ်းစားသလိုလုပ်သည်။

ရှုံ့တွတွအဖြေမရသော မျက်နှာကို မြင်ရလျှင် လွှာ ကျွတ်ခနဲ စုတ်သပ်ကာ တောင်းဆိုသည့်ဟန်နှင့်လက်ခါပြလိုက် မိသည်။

ဘိုဘိုထိုက်ကခေါင်းညိတ်၍ ချက်ချင်းမောင်း၏။

ဒီနေ့ အပြင်ထွက်ရခက်နေသဖြင့်ဘိုဘိုထိုက်ထံ ဖုန်း ဆက်ခေါ်လိုက်ခြင်းဖြစ်သည်။

သူ ချက်ချင်းရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လွှာ သွားချင်သမျှ မညည်းမညူလိုက်မောင်းပို့သည်။
အနားမှာ အရိပ်လို လိုက်ပေးသည်။
သူ ဦးဆောင်ခေါ်သွားတာမျိုးတော့မရှိပါ။
လွှာလိုချင်သည့် ယောကျ်ားက ဒါမျိုးမဟုတ်။
ဘယ်အချိန်စဉ်းစားစဉ်းစား၊ လွှာအတွက် အမှတ်ပေးနည်းများထဲမှာ ဘိုဘိုထိုက်ဘယ်တုန်းကမှ မဖေါ်ခဲ့ပေ။
သို့သော် လိုအပ်သည့်အခါတိုင်း သတိရမိတာကတော့ ဘိုဘိုထိုက်ပဲဖြစ်၏။ ထိုလိုအပ်မှုများသည်လည်း ယောကျ်ားကောင်းတစ်ယောက်မို့ အားကိုးလိုက်တာမျိုးမဟုတ်ဘဲ မဖြစ်မနေလိုအပ်သည့်အဖော်အလျော် တစ်ယောက်အဖြစ်သာ၊ နေကလေးညိုလာတော့ လွှာ့မျက်နှာလေးပါ ညိုလာသည်။
မဖြစ်မှန်းသိလေ ဖြစ်အောင်လုပ်ချင်လေ။
ပန်းချီဆရာဦးသိုက်အောင် ပြောလိုက်သောစကားကြောင့် စိတ်ဝင်စားမှုက ပိုမိုသွားသည်။ ဘဝက ပန်းချီကားတစ်ချပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် လှလှပပ မြင်လိုသောအဖြူထည်သက်သက် စိတ်လေးမှာဖြစ်ကိုဖြစ်ရမယ်ဆိုသည့် ဖွဲ့စိတ်လေး ကပ်မိလာ၏။
"ပင်ပန်းနေပြီလားလွှာ.. တစ်ခုခုစားပါလား၊ ဒီနေရာက လမ်းမကြီးမှာ မကောင်းပါဘူး"
ပလက်ဖောင်းဘေးမှာ ပါကင်မဟုတ်ဘဲ ထိုးရပ်ကာ Traderဘေးက ဝန်းခတ်ထားသည့်မြက်ကလေးထဲဝင်၍ ခုံတန်းလေးမှာထိုင်ချလိုက်သည်။
မီးပွိုင့်မှာ တန်းစီးနေသည့် ကားတန်းတွေကို ငေး၍



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်မျက်နှာနှင့်ထိုင်နေသောလွှာဘေးမှာ ဘိုဘိုထိုက်က ခပ်ကွာကွာလေးဝင်ထိုင်၏။

"လွှာ..."

"ဟာကွာ.. ဘာမှန်းလဲမသိဘူး၊ ယူမစောင့်ချင်ရင် ထားခဲ့ပြီး သွားတော့"

"မစောင့်ချင်လို့မဟုတ်ဘူး၊ ဒီမှာလွှာ တစ်နေကုန် ညထိထိုင်နေလည်း ကျွန်တော်က စောင့်နေပေးမှာပါ၊ လမ်းဘေးကြီးမှာဆိုတော့ ပြောင်ပြောင်ရှင်းရှင်းကြီး၊ ပန်းခြံလည်းမဟုတ်၊ ဘာမဟုတ်နဲ့"

"ဘယ်နေရာဖြစ်ဖြစ် ခုံရှိလို့ထိုင်တာ ဘာဖြစ်လဲ၊ ဆူးလေးကနေ ဟိုဘက်တွေလျှောက်ပတ်၊ ပြီးတော့ ပြန်လာ၊ ဒီကိုပဲ ပြန်ရောက်တာပဲ၊ ဘာမှလည်းမထူးခြားဘူး၊ ဘယ်လောက်စိတ်ညစ်ဖို့ကောင်းလဲ"

"စိတ်မညစ်ပါနဲ့လွှာ.. ဒီနေ့ လွှာကချက်ချင်းထဖြစ်တော့ ကျွန်တော်လည်း ကိုယ်နဲ့ အလှမ်းဝေးတဲ့ကိစ္စဖြစ်နေလို့ပါ၊ နောက်နေ့ ကျွန်တော် သေသေချာချာစုံစမ်းပေးမယ်၊ တစ်ရက်ပဲအချိန်ပေး၊ နောက်နေ့ လွှာကျေနပ်စေရမယ်လို့ ကျွန်တော် ကတိပေးပါတယ်"

လွှာက တစ်ချိန်လုံး တဆွဲဆွဲဖြစ်လာသည့်ကျောပိုးအိတ်လေးကို ရင်ခွင်ထဲမှာပွေ့ပိုက်လိုက်ပြီး ဘိုဘိုထိုက်မျက်နှာကို မျက်မှောင်လေးကုတ်၍ စိုက်ကြည့်သည်။

ပြီးမှ နှုတ်ခမ်းမဖွင့်ဘဲ ပြုံးပြလိုက်ကာ

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ လှာ.."

"ဒီနေ့ စိတ်ရှည်လက်ရှည်လိုက်ပို့ပေးတာရော၊ ကူညီဦးမယ်ဆိုတာကိုရော..."

"လှာရယ်... ကျွန်တော် စွမ်းဆောင်ပေးလိုက်လို့ လှာ ကျေနပ်သွားတယ်၊ ပျော်ရွှင်သွားတယ်ဆိုရင် ကျွန်တော့် အတွက် ကပြည့်စုံပါတယ်"

"လှာကတော့ မပြည့်စုံသေးဘူး၊ မာမီတို့က လှာ့ကို အိမ်ထောင်ချပေးကြတော့မယ်လေ..."

"ဗျာ.."

ဘိုဘိုထိုက် လန့်ဖျန့်သွားပုံကိုကြည့်၍ လှာ စိတ်မကောင်းဖြစ်သွားမိသည်။ သူဘယ်လောက်ထိ မျှော်လင့်နေခဲ့မှန်းသိ၍ပါ။

"တ...တကယ်ပြောတာလားလှာ၊ တကယ်လားဟင်၊ ကျွန်တော့်ကို မနောက်ပါနဲ့ဗျာ"

"ဒါ နောက်စရာမှမဟုတ်တာ ဘိုဘိုရယ်၊ လှာ ဘယ်လောက်ထိ စိတ်ညစ်နေရတယ်မှတ်လဲ.."

လှာက နားသယ်စပ်ဆံစလေးများကို နားရွက်နောက်မှာ သိမ်းညှပ်ထားလိုက်သည်။

ပန်းနုရောင်ပြေပြေလေးရှိသော ပါးပြင်မှ နားသယ်စထိ ဖြူနုနုလေး ရှိန်းမြသွားသည့် မျက်နှာလေးကို ဘိုဘိုထိုက် တမေ့တမောကြည့်နေမိပြီး အသားလေးတွေကျတော့ ဘယ်နှရာကြည့်ကြည့် ရွှေလိုဝင်းနှစ်လျက်.. ပါးပြင်နဲ့နှုတ်ခမ်းလေးတွေက သန္တာရောင်..

www.burmeseclassic.com



စိမ်းဝန်းညိုသောမှောင်သော မျက်ခုံးတန်းလေးတွေက ထင်းနေသည်။ ရယ်လိုက်တိုင်း အရောင်တဖိတ်ဖိတ်လက်သွား တတ်သည့် မျက်ဝန်းညိုတို့က လှုပ်ရှားနေသည့်အရာ အားလုံးကို ရပ်တန့်သွားစေသည်အထိ ညှို့နိုင်စွမ်းရှိနေသည်။

စိတ်ဆတ်၍မှင်သင်းသော ချစ်ကြသူတွေဝိုင်းဝိုင်းလည် နေသော်လည်း အချစ်ကိုရှောင်ကျဉ်ခဲ့သော ရွှေရုပ်လွှာဆို သည့် နတ်မိမယ်လေးကို သူတမ်းတမ်းစွဲခဲ့မိတာများပါသလား။

"လွှာ…"

လွှာက ဖျတ်ခနဲလှည့်ကြည့်ကာ မျက်ခုံးလေးပင့်ထူး သည်။

"လွှာ.. ကျွန်တော့်ကိုမမေ့ပါဘူးနော်"

လွှာက တွေခနဲကြည့်နေပြီးမှ ခေါင်းလေးခါပြ၍ ပြန် လှည့်သွား၏။

"လွှာ..မမေ့ဘူးဆိုပေမယ့် ကျွန်တော်ရင်တွေပူနေ တယ်ဗျာ၊ လွှာ့ကို အိမ်က ဖွတ်ပေးစားကြရင် လွှာဘယ်လို ဆုံးဖြတ်မလဲဟင်.."

"ခုမှ မပေးစားသေးတာ ဘယ်သိမလဲဘိုဘို.."

"ပေးစားမယ့်လူကို လွှာက.."

"မြင်တောင် မမြင်ဘူးသေးဘူး"

"ဒါဆို ကျွန်တော် မျှော်လင့်ချက်ရှိသေးတာပေါ့နော်"

လွှာတစ်ခုခုပြောမလို ပါးစပ်ပြင်နေတုန်း..

"တော်တော်ကြောင်တဲ့ကောင်ပဲကွာ၊ အတွတ်.. အဟွတ်"



www.burmeseclassic.com

www.burmeseclassic.com



အသံက ဘေးတိုက်နီးနီးလေးမှ ဖြစ်သည်။

လွှာနဲ့ ဘိုဘိုထိုက် နှစ်ယောက်လုံးလှည့်ကြည့်လိုက်မိကြ၏။

ခြေတစ်ဖက်က ယူပလစ်ပင်ကို လှမ်းထောက်လျှက် စီးကရက်ကို တစ်ရှိုက်ဖွာ၍ မီးခိုးမွှန်သွားသလို တဟွတ်ဟွတ် ချောင်းဆိုးနေပုံက တမင်တကာကြီး

ပြီးတော့ စီးကရက်ကို ပစ်ချကာ ခြေထောက်နဲ့ ဖိနင်းခစ်လိုက်ပြီးမှ..

"မိန်းကလေးတစ်ယောက်က အိမ်ကယောက်ျားပေးစားတော့မှာ ဘာညာ ထွေရာလေးပါး မဟုတ်က ဟုတ်က လက်နက်ကြီးတွေနဲ့ပစ်၊ မင်းတို့လို ကောင်တွေ ပျာယာခတ်နေသမျှ ရသမျှအခွင့်အရေးတွေက ဖွတ်ဆက်ယူ၊ ဟိုဘက်ကျတော့လည်း တစ်မျိုးပြောပြီးတွဲ၊ မိဘ သဘောကျနေပေးရသလိုလို၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရသလိုလို၊ တကယ်ကျတော့ နှစ်ယောက်နဲ့နှစ်ခေါက်သွားတော့ဗိုလ်ချုပ်ဈေးမှာ ဆက်ညှိုးထိုးသမျှ အိတ်ထဲအကုန်ရောက်ရော၊ မိန်းကလေးတွေ ဘယ်လောက်မာယာများသလဲ၊တွေးကြည့်"

"ဒီမှာ.."

"ဟာ..ဘယ်လိုဖြစ်တာလဲ"

ယူကလစ်ပင်မှာ ထောက်ထားသည့် သူ့ခြေထောက်ကို မိုက်မိုက်ကန်းကန်းပဲ တိုက်ချပစ်၍ မျက်နှာရှေ့မှာခါးထောက်ရပ်လိုက်သည်။

"ဒီမှာ သူများအကြောင်းပြောချင်ရင် မျက်နှာတည့်



www.burmeseclassic.com

www.burmeseclassic.com



တည့်ကြည့်ပြီးပြော၊ ယောက်ျားဖြစ်ပြီးစောင်းချိတ်မပြောနဲ့"

မချိုမချဉ် ဖျတ်ခနဲဖြတ်ပြေးသွားသည့် မျက်နှာက ချက်ချင်းကြီး စည်ကျသွား၍ ခပ်စူးစူးမော့ကြည့်သည်။

ဖြုတ်ကျသွားသည့်ခြေထောက်ကို မူလနေရာမှာ ပြန်တင်လိုက်ပြီးမှ

"ဘယ်သူက စောင်းချိတ်ပြောနေလို့လဲ"

"ရှင် အူကြောင်ကြောင်မလုပ်နဲ့နော်၊ ကျွန်မတို့စကားပြောနေတာကို ခိုးနားထောင်ပြီး ယုတ်ယုတ်မာမာတွေပြောနေတယ်"

"ဟာ...ပြဿနာပဲ.. ကြည်လွှင် လုပ်ပါဦးကွာ"

အစက မဆိုင်သလို ပန်းခြံလေးဘေးမှာ ကျောပေးထိုင်နေသူက ဖျတ်ခနဲထရပ်လိုက်ကာ လွှာကိုအထူးအဆန်းလိုလှည့်ကြည့်သည်။

"ဗျာ...ကျွန်တော်...ကျွန်တော်..ကျွန်တော့်ကို သူ ပြောနေတာ"

'မယုံဘူး...ခုမှ ငါမယုံ ငါ့မယားမေးကြည့်လာမလုပ်နဲ့၊ ဒီကပြောတဲ့အကြောင်းကို ရှင်လိုက်ပြောတာ၊ ဒီမှာ မျက်နှာကိုသေချာကြည့်ထား၊ ယောက်ျားတစ်ယောက်ကို မဟုတ်တာဟုတ်က မာယာဆင်ပြီး ချူစားမယ့်ရုပ်လားဆိုတာ"

လွှာက လက်မလေးထောင်၍ ကိုယ့်မျက်နှာကိုထိုးပြောတော့ သူက ခပ်ပြောပြောပဲ ရယ်ချပစ်လိုက်သည်။

ပြီးတော့ တကယ့်ကို စူးစူးစိုက်စိုက် ခြေပြန်ခေါင်းပြန်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှပ်လဲတော့ မသိဘူး၊ တော်တော်လှတာတော့ အထပ်ထပ် သေချာတယ်.."

"ရှင်..ရှင်..တောက်..."

"လွှာ...."

ဘိုဘိုထိုက်ခမျာ ထိုင်ရမလို ထရမလို စိုးရိမ်ပူပန်စိတ်များနှင့်အနားကိုလည်း မလာရဲဘဲ ခပ်တိုးတိုးခေါ်ပြီးမှ ရှေ့ကို တိုးလာသည်။

ပထမတစ်ကြိမ်မှာကတည်းက မေ့မရဖြစ်ခဲ့သည့် ဒီမျက်နှာကို ဘေးတိုက်မြင်လိုက်သည်နှင့်လွှာချက်ချင်းမှတ်မိခဲ့သည်။ ဒီလူနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် တွေ့နေရသည်။

တွေ့လိုက်ရတိုင်း လွှာ့မှာသာ..း

"ယောကျာ်းတန်မယ့် မိန်းမလို မိန်းမရပြောတဲ့လူ၊ ရှင့်ကိုဖြစ်နိုင်ရင် ငရဲမီးနဲ့လောင်းပြီး မီးသဂြိုဟ်စက်ထဲထည့်ပစ်ချင်တယ်..သိလား"

"စေတနာတွေထားနေတာ၊ စေတနာတွေ...မင်းကို"

"ဟား...ဟား..."

ကြည်လွင်ဆိုသူ့ပခုံးကို ခပ်ခတ်ခတ်လှမ်းထိုး၍ ရယ်နေပုံကို ကြည့်ကာ ချာခနဲ လှည့်ထွက်လာခဲ့သည်။

"ဟုတ်တယ်..ငါ့ကိုက မှားတာ.."

"ဒီလို သွားမမေးသင့်ဘဲ ငါသွားမေးတာ"

"သူ့ကို နိုင်ခွင့်ပေးလိုက်တာ..ငါ..."

ကားပေါ်မှာ ဝုန်းခနဲ ထိုင်ချလိုက်မိစဉ် မျက်ရည်တွေ ဖိုးပေါက်ပေါက် ကျလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မိဘ ရိုက်နှက် မဆုံးမခံဖူးသော လွှာဘဝမှာ ဤကဲ့သို့ ငိုခဲ့ရခြင်းမျိုး ခံစားခဲ့ဖူးတာ ဒါဟာ ဒုတိယအကြိမ်…

တစ်ချိန်သောအခါကတော့ ဘာမှမဟုတ်သည့် တောသားကောင်လေးတစ်ယောက်ကြောင့်…။

✻✻✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သေသေချာချာကြည့်ပါဦး..ကိုကိုနိုင်..လုပ်ကြည့် ရင်ဖြစ်မှာပါ.."

"နေပါဦးကွ.. ငါကြည့်ပါ့မယ်.."

ပန်းချီဆရာ ကိုကိုနိုင်ဆိုသူက ကျောက်စိမ်းပြားကို လက်ကိုင်ပါသည့် မှန်ဘီလူးဝိုင်းလေးနှင့် သေချာကပ်ကြည့်၏။

ပြီးတော့ ဘေးမှာထိုင်ကြည့်နေသည့် လွှာ့ကို တစ်ချက်ငဲ့ကြည့်ပြီး

"ညီမက ဒီပစ္စည်းကို ဘာဖြစ်လို့ဆေးကြောမထားတာလဲ.."

"မလိုဘူးထင်လို့ပါ"

"မဟုတ်ဘူးလေ... ဟို..."

"ဘာဖြစ်ဖြစ် မလိုဘူးလို့ထင်တယ်လေ၊ ဒီဆိုင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်း ရုပ်ပုံရဲ့ မျက်နှာကိုယ်ဟန် အသေးစိတ်အားလုံးပေါ်နေဖို့ပဲ''

''ဒါပေမယ့် ဒီထက်သန့်စင်သွားရင် မကောင်းဘူးသား''

''မကောင်းဘူး··လှိုဏ္ဍာကူဒီပ်စွည်းကို ရလာခဲ့တဲ့အတိုင်း ဒီတိုင်းလေးပဲ ထားချင်တာ''

''ဩော်··ဩော်···''

သူက ပစ္စည်းအပ်သူ၊ ကိုယ်က ဆရာပါ။

ဒါပေမယ့် ကိုကိုနိုင် အောင့်သက်သက်နှင့်ပဲ ခေါင်းညိတ်လိုက်ရသည်။

''ဒီပုံစံကို စုံတွဲပုံဖြစ်အောင် ဖြည့်ဆွဲဖို့ဆိုတာ သိပ်ခဲယဉ်းဘူးထင်ရပေမယ့် ဒီထဲကခေတ်ကို ပြန်လေ့လာရမယ်၊ ဘစ်စွန်းတစ်စကျန်ခဲ့တဲ့ မင်းသမီးရဲ့ ကိုယ်အစိတ်အပိုင်းနဲ့ ငြိအောင် သေချာယူရမှာဆိုတော့ မင်းသမီးက ဘယ်လို ပုံစံနေဘာဖြစ်မလဲ၊ အဲ··အဲဒါ··ညီမ မှတ်မိလား···''

လှိုဏ္ဍာ···မျက်မှောင်လေးကုတ်၍ ရှည်လျားကော့နက်သော မျက်တောင်တွေကို တဖျတ်ဖျတ်ခတ်နေသည်။

ကိုကိုနိုင်က ပုံကို စူးစိုက်လေ့လာနေသော်လည်း ဘိုဘိုထိုက်ကတော့ လှိုဏ္ဍာမျက်နှာလေးကိုသာ ငေးမောကြည့်နေပြီး·· လှိုဏ္ဍာက တစ်လောကလုံးမှာ သူမတစ်ယောက်တည်းရှိနေသည့်နှယ် လေးလေးနက်နက် စဉ်းစားမှု ပြုနေလျက်မှ

''မင်းသမီးက···''

''စဉ်းစားလို့ရပြီလား··ဘယ်လိုလေးလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မမှတ်မိဘူး"

"ဟောဗျာ..."

ကိုကိုနိုင် ခေါင်းကုတ်တော့ ဘိုဘိုထိုက်က ဟက်ခနဲ ယ်သည်။ လွှာက ခပ်ပြုံးပြုံးလေးဖြစ်သွားလျက်

"ဟုတ်တယ်၊ မှတ်မိသလိုလို မျက်လုံးထဲမှာ မြင်နေ လိုလိုနဲ့ ပြောဖို့ကျတော့ ဘာမှမသိတော့ဘူး"

"တစ်ခြမ်းက ဘယ်ရောက်သွားတာလဲ၊ ညီမ မြင်ဖူး က်လား.."

"အဲ...အဲ့ဒါ... က..."

လွှာ ပါးစပ်ဖျားရောက်လာသည့်စကားလုံးတွေကို ပြော ပ်ပြင်ပြီးမှ တစ်စုံတစ်ယောက် မျက်နှာကို ဖျတ်ခနဲသတိရ းကာ

"အဲဒါတွေက ပြီးခဲ့ပါပြီ၊ ဒီပစ္စည်းကို လွှာကောက် တာ၊ လွှာပိုင်တဲ့ ပစ္စည်းအမှန်ပဲ၊ 'ကျန်တဲ့တစ်ခြမ်းကို တော့တဲ့အတိုင်းပဲထားလိုက်ပါ၊ ဒီစုံတွဲပုံကို လွှာကျေနပ်တဲ့ ဒီ ပြည့်စုံအောင်ဆွဲပေးမယ်ဆိုရင် လွှာဘက်က ဘယ်လောက် န်ကုန် ပုံပေးဖို့အဆင်သင့်ပဲ"

"ဟုတ်ပြီ...တို့ကလည်း ညီမ ပေးနိုင်တာကိုသိတယ်၊ ည်းဆွဲမှာပါ၊ ဒါပေမဲ့ ဖြစ်ရမယ်လို့တော့ အာမ မခံဘူး၊ ခုထပ်ရှိတာက အချိန်တော့ပေးရမယ်"

"ဟင်.. ဦးကိုကိုနိုင်က အချိန်တွေတအားယူပြီး နောက် မှ ဆောရီးပါပဲဆိုရင် လွှာကနစ်နာတာပေါ့"

"ဒါကတော့"



www.burmeseclassic.com

www.burmeseclassic.com



"လွှာ…အတိအကျပဲသိချင်တယ်၊ ဖြစ်အောင်ဆွဲပါ့မယ် ဆိုရင် အခု စရံပေးခဲ့မယ်၊ သိပ်မကြာတဲ့ကာလတစ်ခုကိုပဲ သတ်မှတ်ပေးပါ၊ ဦးကိုကိုနိုင်က လက်လျှော့မယ်ဆိုရင် လွှာက ဒီပြင်ဆရာတစ်ယောက် ထပ်ရှာရဦးမှာ…"

ကိုကိုနိုင်က လွှာကို စိတ်ဆိုးရတော့မလိုလို၊ ကျေနပ်လိုက်ရတော့မလိုလိုနှင့်မအီမလည်ကြီးပြန်ကြည့်သည်။

ဘိုဘိုထိုက်က သူ့မိတ်ဆွေ နေလင်းထိုက်၏ညီဖြစ်သည်။ ဒီညနေ ပစ္စည်းလာအပ်မည်ဖြစ်ကြောင်းပြောကတည်းက ရွှေရုပ်လွှာပေါ် သူဘယ်လောက်ထိ မျှော်လင့်ထားကြောင်း၊ ချစ်မြတ်နိုးကြောင်း အားလုံးပြောပြထားခဲ့သည်။

လူကိုမြင်လိုက်တော့လည်း ဒီလောက်ထိတောင်လှတာပါလားဟု စိတ်ထဲမှ ချီးမွမ်းခဲ့မိသေးသည်။

ဒါတင်ဘယ်ကလို့လဲ၊ ပြောရဲ ဆိုရဲ ထက်ထက်မြက်မြက်ကလည်းရှိပါ့။ တစ်ယောက်က ပျော့တိပျော့ဖတ်၊ အေးစက်စက်နဲ့ကောင်။

မင်းမလွယ်ဘူး ဘိုဘိုထိုက်ရေ…၊

"ဦးကိုကိုနိုင်… လွှာမေးတာကို မဖြေသေးဘူးနော်"

"ဟင်…ဘာကိုလဲ"

"အလုပ်ကို ဦးကိုကိုနိုင် လက်ခံနိုင်မလား၊ မခံဘူးလားဆိုတာ…"

"ခံပါတယ်… ရရပါစေမယ်လို့တော့ အာမမခံဘူး စရံမယူဘူး၊ ရက်မကြာအောင် ကြိုးစားပေးမယ်"

"ဘယ်နေ့လာခဲ့ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ခုကနေ ဆယ်ရက်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

လွှာ..ထပြန်လာတော့ ဘိုဘိုထိုက်က နောက်က ပါလာကာ..

"လွှာ.."

"ဟင်...ဘာလဲ"

"တစ်ခုခု သွားစားရအောင်လေ.."

လွှာက ကားတံခါးနားမှ ရပ်၍နာရီကိုငုံ့ကြည့်လိုက်ကာ

"အချိန်မရတော့ဘူး ဘိုဘို၊ မာမီ့ကို မပြောဘဲထွက်လာတာ၊ နောက်မှနော်..."

လွှာ..တံခါးကိုဖွင့်ပြီး ဝင်ထိုက်လိုက်တော့ ဘိုဘိုထိုက်မျက်နှာ မသာမယာနှင့် ဘေးမှာဝင်ထိုင်လိုက်ကာ..

"လွှာ..ဒါဆို နောက်ဆယ်ရက်ကျမှ ကျွန်တော်တို့ပြန်တွေ့ရမှာပေါ့နော်.."

"အကြောင်းရှိရင် ယူ ဖုန်းဆက်လို့ရပါတယ်"

"အကြောင်းရှိမှတဲ့လား လွှာရယ်..."

ဘိုဘိုထိုက် မျက်နှာပျက်သွားတာကို လွှာမသိကျိုးနှံပြုနေလိုက်၏။ သူ့အပေါ် လွှာ အသုံးချရုံသက်သက်စိတ်မျိုးတော့ရှိပါ။

ဒါပေမယ့် အလေးအနက် မရှိခဲ့တာကတော့ သေချာနေသည်။

"တစ်ခုတော့ ကျွန်တော်တောင်းဆိုပါရစေလွှာ.. လွှာ ..တ်ဆိုးသွားမှာလည်း စိုးပါတယ်..ဒါပေမဲ့.."


www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ...ပြောပါ..လှာ့အပေါ် ယူဒီလောက် စကား ပလ္လင်ခံနေဖို့မလိုပါဘူး..."

လှာက လမ်းဖွင့်ပေးလိုက်တာတောင် ဘိုဘိုထိုက်က လှာ့မျက်နှာကို ငေးကာ ပြောခါနီးမှ ချီတုံချတုံ..

"လှာ...လှာ့ရင်ထဲမှာ ကျွန်တော်က ဘယ်နေရာ ဘယ် အဆင့်လောက်များရှိနေသလဲဟင်၊ အဲ့..အဲ့ဒါကို ပွင့်ပွင့်လင်း လင်း သိပါရစေ..."

"ဩော်..."

လှာက မျက်နှာပေါ် ဝဲကျလာသည့် ဆံပင်တချို့ကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်ပြီး ကူရှင်မှာ ခပ်လျောလျောမှီလိုက် သည်။

"လှာ့ကိုယူ အဖြေတောင်းထားတယ်၊ ဒါကို သိသိနဲ့ လှာက တွဲနေတော့ ချစ်တယ်လို့လည်းမပြောဘဲ ကြိုးရှည်ရှည် နဲ့ လှန်သလို ဖြစ်နေမှာပဲ၊ ဒါပေမဲ့ လှာ့ဘက်ကတော့ လုံးဝ မဟုတ်ဘူး"

လက်ကလေးပိုက်ကာ ရှေ့ကိုသာကြည့်ပြောနေသည့် လှာကို ဘိုဘိုထိုက်ကတော့ စိတ်လှုပ်ရှားငေးမောနေခဲ့သည်။

လှာ့ကို ဘယ်အချိန် ဘယ်နေရာမှာပဲတွေ့တွေ့၊ စတင် မြင်ဖူးကတည်းက ခုချိန်ထိ သူ တစိမ့်စိမ့်ထိုင်ငေး နေခဲ့ရသည် ချည်းသာ။

အဲဒီလောက်ထိ သူမြတ်နိုးခဲ့မိသည်။

လှာဟာ မထိမကိုင်ရက်လောက်ဖွယ် အိစက် လှပနေ သော်လည်း ရှုပ်ရှုပ်ပွေပွေ မနေတတ်တာ သူသိသည်။

ဘယ်သူကမ်းလှမ်းကြိုးစားစားလို့မှ ရှုမစိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူသိသည်ပဲ။ ထို့ကြောင့် သူပို၍မြတ်နိုးမိသည်။

လှာ သူ့အပေါ် ဘယ်လိုပဲသဘောထားထား၊ အနားမှာနေခွင့် ရင်းနှီးခွင့်လေးနဲ့ပဲ ကျေနပ်နေခဲ့သည်။

သူချစ်ရေးဆိုလို့ စိတ်မဆိုးခဲ့သောလှာအပေါ် မျှော်လင့်ခဲ့မိတာလည်း စိုးရွံ့အားငယ်စွာပဲဖြစ်လေသည်။

နောက်ထပ်တစ်ခါ မမေးမိ မမေးရဲလောက်အောင် လှာထံက ရင်းနှီးခွင့်လေးကို သူဖက်တွယ်ထားခဲ့မိသည်။

ဒီနေ့တော့ လှာကို မစွန့်လွှတ်နိုင်လွန်းသည့်ချစ်စိတ်များကြောင့်

"ယူ့ကို လှာမချစ်နိုင်ဘူး"

"ဗျာ..."

"ခုချိန်ထိတော့ လုံးဝသေချာပါတယ်"

"နောက်..."

"နောက်ဆိုတဲ့အထဲမှာလည်း ဘိုဘို့ကို လှာချစ်ဖို့ မချစ်
အရေးထက် ပိုအရေးကြီးတာတွေ လှာ့မှာရှိလာဦးမှာပဲ၊
ူ့ကိုသာမကဘူး၊ ဘယ်ယောကျာ်းကိုမှ လှာစိတ်မဝင်စားဘူး၊
စ်ခုတော့ရှိပါတယ်၊ လှာ ဘယ်သူနဲ့မှ အရောတဝင် မရင်းနှီး
ူးဘူး၊ ယူ့ကိုတော့ခင်တယ်၊ အဲဒါက ယူ အရမ်းအေးချမ်း
ယ်လို့ ထင်လို့လေ"

လှာက ကိုယ်လေးမတ်မတ်ပြင်ကာ သူ့ကိုလှည့်ကြည့်၍

"အသုံးချတယ်၊ မျှော်လင့်ချက်တွေပေးထားတယ်ဆို့
င်ရင် ယူနောက်ဆုတ်လို့ရပါတယ်၊ ဒီအတိုင်းနေသွားမယ်ဆို
်တော့ ထာဝရသူငယ်ချင်းပဲ၊ အချစ်ကို လှာလုံးဝ စိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စားဘူး”

“စိတ်ဝင်စားတဲ့တစ်နေ့မှာ ကျွန်တော်ဟာ လွှာနဲ့အနီး ဆုံးမှာရှိနေခွင့်ရမယ်ဆိုရင် ကျေနပ်မှာပါလွှာ… နည်းနည်းလေး ဖြစ်ဖြစ် မျှော်လင့်နေခွင့်လေးပေးပါ”

“ဒါက မှုဆိုးဖြတ်··လွှာ့ဘက်က ပြေးပြီးပြီ၊ အနာ ဂတ်အတွက် ဘာကိုမှ လွှာအာမ မခံနိုင်ဘူး”

ဘိုဘိုထိုက် မျက်နှာက မှိုင်းညို့လျက်… မချိတချိ အပြုံးနှင့်ခေါင်းညိတ်ရှာသည်။

“ကျွန်တော့်ဘက်က စပြီးဘယ်တော့မှ နောက်မဆုတ် ဘူးလွှာ··လွှာ့ဆီက တုံ့ပြန်လာနိုင်မယ့်တစ်နေ့နေ့ကို စိတ်ရှည် လက်ရှည်စောင့်နေမှာပါ”

ခပ်သဲ့သဲ့ပြောကာ ကားစက်နှိုးလိုက်သည်။

“ဒါဆို ကျွန်တော် အိမ်ကိုပဲမောင်းရတော့မှာပေါ့နော်”

“အင်း…”

“နောက်တစ်ခု ထပ်မေးလို့ရမလားဟင်”

“မေးလေ”

“ဟိုတစ်ယောက်နဲ့လွှာ တစ်ခုခုပတ်သက်နေသလားလို့”

“ဟင်··ဘာ…ဘယ်တစ်ယောက်လဲ”

လွှာ မျက်ခုံးလေးပင့်တက်သွားကာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ဘိုဘိုထိုက်က လွှာ့ဘက်က လှုပ်ရှားမှုကို အက ခတ်၍ သူပြောလိုက်လို့ လွှာဘယ်လိုတုံ့ပြန်လာနိုင်သလဲဆိုတာ ကိုပဲ ချင့်ချိန်နေသည်။

သိချင်စိတ်ကိုလည်း ထိန်းချုပ်မရဖြစ်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိတာတော့ နှစ်ကြိမ်ပဲရှိပါသေးတယ်၊ အရပ်မြင့်မြင့် အသားလတ်လတ်နဲ့လူလေ၊ ပုံစံကတော့ ဘယ်သူနဲ့မှ မတူအောင်ထင်းနေတာပါပဲ၊ မိတယ်၊ ချောတယ်၊ လွှာနဲ့ ကျွန်တော်အတူရှိတုန်း ရုပ်ရှင်ရုံထဲမှာတစ်ခါ၊ ဟိုနေ့က တစ်ခါ နှစ်ကြိမ်ဆုံတယ်၊ သူနဲ့လွှာ အစကတည်းက သိနေကြတာလား"

သူပြောတာကို နားထောင်နေရင်းက လွှာတစ်ခုခုကို ဖျတ်ခနဲ သတိရလိုက်ပြီး ဒါကိုမှ မှတ်မှတ်ရရ လာမေးနေသည့် ဘိုဘိုထိုက်ကိုပါ အံ့ဩသွားမိရင်း မျက်မှောင်ကုတ်ကြည့်ကာ

"သူနဲ့လွှာ ပတ်သက်နေတယ်လို့ ဘိုဘိုထင်လို့လား"

"အဲ·· ဘယ်လိုပြောရမလဲမသိဘူး၊ မဆိုင်ဘူးလို့လည်း ထင်တယ်၊ ဆိုင်နေသလားဆိုတဲ့ စိုးရိမ်စိတ်လည်းဖြစ်တယ်၊ ပြိုင်ဘက်မရှိဘဲနဲ့တောင် ပန်းမဝင်နိုင်သေးတဲ့ကျွန်တော့်အတွက် အဲဒီလို အားကောင်းတဲ့ပြိုင်ဘက်မျိုးကို မလိုချင်တာအမှန်ပဲ လွှာ၊ လွှာ့ကို ကျွန်တော်ယုံပါတယ်၊ ဒါပေမဲ့ သူ့မျက်လုံးတွေက အရမ်းရင်းနှီးနေသလိုပဲ"

ဒါကို လွှာ ဘယ်တုန်းကမှ တရေးရေးတွေးကြည့်တာမျိုးမလုပ်ခဲ့ဖူးသေး၊ မကြာခဏ ဖျတ်ခနဲ သတိရ သွားတတ်သည်မှာ ဒေါ်သများနှင့်သာဖြစ်၏။ ဘိုဘိုထိုက်မှာ လွှာ့ထံမှ တစ်စုံတရာ တုံ့ပြန်ခြင်းကိုစောင့်နေသော်လည်း လွှာက ငြိမ်သက်နေသော်အခါ သက်ပြင်းခိုးတရှိုက်နှင့်အတူ ကားကိုသာမောင်းထွက်ခဲ့ရလေသည်။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟင်…ဘယ်လိုဘိုဘို…ဦးကိုကိုနိုင်က ကျောက်ပြား လေးကို ပြန်ပေးထားတယ်ဟုတ်လား၊ သူမဆွဲနိုင်ဘူးပေါ့"

"-------------"

"ဘာတွေလဲ ဘိုဘိုရယ်၊ တကယ်ဆို သူ လွှာကိုပဲ ပြန်အပ်သင့်တာ၊ ဒီထက်ရှင်းအောင်ပြောသင့်တာ၊ ဒါပဲလား၊ ဘာပြောသေးလဲ"

"---------------"

"အင်း…ပြီးရော ပြီးရော… ဘိုဘို့ဆီမှာပဲထားလိုက် ပါ၊ လွှာလာယူမယ်"

"----------"

"အင်း…အဲဒီကပဲစောင့်…လွှာလာခဲ့မယ်"

ဖုန်းကို စားပွဲပေါ်ပြန်တင်ပြီး ဒီဘက်လှည့်လိုက်တော့ အိပ်ရာဘေးမှာ မားမားကြီးရပ်နေသည့် မာမီ့ကိုမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အစဉ်သဖြင့် နူးညံ့နေတတ်ခဲ့သည့် မာမီ့မျက်နှာက
နီးရင့်ရောင်သမ်းလျက်..အနည်းငယ်တင်းမာနေသယောင်ရှိ၏။

"ဘယ်ကိုချိန်းနေတာလဲသမီး၊ ဘိုဘိုဆိုတာဘယ်ကလဲ၊
မီးနဲ့ဘယ်လို ပတ်သက်နေတာလဲ"

"မာမီ..."

"ချစ်သူပါလို့တော့ ဝန်မခံနဲ့နော်၊ ဒီလိုလုံးဝမဖြစ်ရ
း၊ မဟုတ်သေးရင် နောက်ဆုတ်၊ ဟုတ်နေရင်ဖြတ်ပစ်ရမယ်၊
မီးကို မောင်စိုးချာန်နဲ့ လက်ထပ်ပေးဖို့ စကားကျွံပြီးနေပြီ"

"ဘယ်လို မာမီ..."

လွှာ မျက်လုံးလေး ပြူးသွားတာမြင်တော့ ဒေါ်ကြွေရုပ်
မျက်နှာကို ပို၍ တင်းပစ်လိုက်သည်။

တစ်လှမ်းချင်း ခပ်လေးလေးလှမ်းကာ မှန်တင်ခုံရှေ့မှာ
ထိုင်လိုက်ပြီး

"ဟုတ်တယ်...သမီးကို မာမီတို့က ယုံကြည်လို့ တစ်
ာ်မှာပုံပြီး ကတိပေးလိုက်တာ၊ မောင်စိုးချာန်က တစ်ဦးတည်း
ာသား၊ သမီးထက် အသက်နည်းနည်းကြီးတာကလွဲရင်
ည် ပညာ ဥစ္စာ ဘာမှ ပြောစရာမရှိဘူး၊ သူတို့ဘက်က
ည်း မောင်စိုးချာန်ရဲ့ အသက်အရွယ်အရ အချိန်သိပ်မဆွဲသင့်
ာဘူးထင်လို့ လက်ထပ်ပေးဖို့ကို အမြန်ဆုံးစီစဉ်ချင်ကြတာ၊
ီးရဲ့ ဒယ်ဒီကိုယ်တိုင် ဖြစ်ရပါ့မယ်လို့ ကတိပေးပြီးပြီ"

"ဟာ..."

လွှာ..မွေ့ယာပေါ်မှာပဲ ခေါင့်ခနဲထထိုင်လိုက်မိကာ ငိုချ
ာ့မတတ် ရင်ထဲမှာ လှိုက်ခါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်လိုက်တာ မာမီရာ…လွှာ‥ဘာမှလည်းမသိရဘဲနဲ့ တစ်ခါမှ မမြင်ဘူးတဲ့လူကို ချက်ချင်းကြီးယူရမယ်တဲ့၊ လွှာက အရုပ်တစ်ရုပ်မှ မဟုတ်တာ"

"အရုပ်မဟုတ်လို့ စိုးရိမ်တာ၊ သမီးကို မာမီတို့လုံးဝစိတ်မချနိုင်ဘူး၊ သမီးရဲ့အလှ၊ သမီးရဲ့ဘဝနဲ့ တင့်တယ်ထိုက်တန်တဲ့ ယောကျ်ားကို တမင်စိတ်ကြိုက်ရွေးချယ်လိုက်တာ"

"ဘာကိုရွေးတာလဲ မာမီ၊ ချမ်းသာတာကိုလား၊ ရိုးသားတာကိုလား၊ လွှာ့ဘေးမှာ ချမ်းသာ ရိုးသားတဲ့ရွယ်တူတန်းတူ ယောကျ်ားလေးတွေရှိတာပဲ၊ မဖြစ်မနေ ရွေးရမယ်ဆိုရင် လွှာ့စိတ်ကြိုက်ရွေးချယ်ခွင့်ပေးပါ"

ဒေါ်ကြွေရုပ် ဆတ်ခနဲ ထရပ်လိုက်သည်။

"မရွေးရဘူး၊ ချစ်သူရှိထားတာမဟုတ်ဘဲ မဖြစ်မနေ လက်ထပ်ဖို့အတွက် ချက်ချင်းထရာတော့ ဘာတွေ့မှာလဲ၊ မာမီ လုံးဝခွင့်မပြုဘူးသမီး… ကြီးရင်မှီ ငယ်ရင်ချီတဲ့၊ သမီးကို အလိုလိုက်ယုယပြီး တစ်သက်လုံး သည်းခံခွင့်လွှတ်သွားနိုင်မယ့် ယောကျ်ားမျိုးကို မာမီတို့ ရွေးချယ်ထားတာ၊ မောင်စိုးဈာန်ဟာ သိပ်ကို တည်ငြိမ်အေးချမ်းတဲ့လူ၊ အကျင့်သိက္ခာကောင်းတဲ့လူ၊ မနက်ဖြန် သူတို့ ဒီကိုလာလိမ့်မယ်၊ သူနဲ့သမီးဆုံဖူးသွားရင် သမီးလက်ခံနိုင်မှာပါ…"

ဒေါ်ကြွေရုပ်က ပင့်သက်တရှိုက်နှင့်အတူ မျက်နှာပေါ်မှ ကောက်ကြောင်းနေသော အရေးအကြောင်းတို့ကို ဖြေလျော့ချလိုက်ပြီး

"သမီးဒယ်ဒီရဲ့ ကျန်းမာရေးကရှိသေးတယ်၊ နေရာ



www.burmeseclassic.com

www.burmeseclassic.com



တကာ မိုက်ရူးရဲစိတ်နဲ့ မဆုံးဖြတ်ချင်ပါနဲ့သမီးရယ်.. တစ်သက်လုံး သမီးစိတ်တိုင်းကျလိုလေသေးမရှိ မာမီတို့ဖြည့်စွမ်းပေးခဲ့တာပါ၊ သမီး..ဒီတစ်ချက်ကလေးကိုတော့ မာမီတို့အတွက် ပြန်ပေးဖို့ စဉ်းစားသင့်ပါတယ်"

ဒီတစ်ချက်ကလေးတဲ့လား..

မဟုတ်ဘူး...ဒါ..ကိစ္စသေးသေးလေးမဟုတ်ဘူး..

တစ်သက်လုံးအတွက် တစ်သက်စာဘဝအရေး.. လွှာ ဘယ်လိုလုပ်ရမှာလဲ..

"သမီးကိုတစ်သက်လုံး သည်းခံခွင့်လွှတ်နိုင်မယ့်သူ"

"အလိုလိုက် ယုယသွားမယ့်သူ.."

မာမီ့စကားတွေကို သတိရကာ ဘိုဘို့မျက်နှာကိုမြင်ယောင်လာမိ၏။ လွှာ့ကို ဘိုဘို့ဘက်က အလျှော့ပေး အလိုလိုက်နိုင်တာ ရှိဦးမှာလား၊ မချစ်နိုင်တာချင်းအတူတူ ရင်းနှီးခင်မင်တဲ့ ဘိုဘို့ကို မစဉ်းစားသင့်ဘူးလား၊ လွှာတစ်ယောက်တည်း အိပ်ရာပေါ်သို့ အရှပ်ကြိုးပြတ် လှဲချလိုက်မိတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

အပြင်ကိုမထွက်ရ အမိန့်ထုတ်ထားပေမယ့် အရိပ်လို ကြည့်နေသည့် မာမီ့မျက်လုံးများရှေ့မှာ လွှာကျဉ်းကျပ်လာသည်။

ကျောက်စိမ်းပြားလေး ကိစ္စကိုလည်း မာမီနဲ့ဒယ်ဒီတို့ ဒီနေ့အထိ ဘာမှ မသိကြတာမို့ ဒီကိစ္စနဲ့ပတ်သက်၍ပြောပြပြီး သွားလာဖို့က မဖြစ်နိုင်၊ ဒီနေ့လည်း ညီ့သည်တွေရောက်လာကြမည်ဆို၍ဘာအကြောင်းနဲ့မှထွက်ဖို့မဖြစ်နိုင်တော့တာ သေချာသွားပြန်ပြီ။

ကျောက်စိမ်းပြားလေးကလည်း ဒီနေ့ထိ ဘိုဘို့လက်ထဲမှာပဲ ရှိနေခဲ့သည်။

"လာပါ··လာပါ·· ထမင်းပွဲကို အဆင်သင့်လို ပြင်ထားတာ၊ ဒေါ်ခင်မမ မပါဘူးလားဟင်···"



www.burmeseclassic.com

www.burmeseclassic.com



"သူလိုက်ချင်တာ ဒေါကြွေရှပ်ရေ..ထွက်လာခါနီးမှ ကာ်ပူကညွှသည်တွေ လေဆိပ်ကိုရောက်နေပြီလို့ ဖုန်းဆက်တာ မဖြစ်မနေ သွားရတာ၊ တော်ကြာ သူဖုန်းဆက်ပြောလိမ့်ဦး ယ်"

"ဪ...ရပါတယ်ရှင်၊ ဒါအရေးကြီးတဲ့ကိစ္စပဲဟာ"

"ရမှာပါ တယ် ကိုသစ်လွင်ရယ်၊ လာဗျာ..ထိုင်ကြ၊ မောင်စိုးချာန်ထိုင်ကွယ့်"

ညွှသည်တွေရောက်လာသည်နှင့်မာမီက လှသူလက်ကို ၍ ထမင်းစားခန်းထဲသို့လိုက်ဝင်သည်။

ဆံပင်တိုတိုရှင်းရှင်းညှပ်ထားလျက်... ကရင်မ်တစ်မျိုး မ်းကာ ကျကျပုံသွင်းပြီးထားသဖြင့် ဖြူဝင်းသောအသားနှင့် တော် ကြည့်ကောင်းပါသည်။

စိုးချာန်ဆိုသောလူ၏မျက်လုံးများက လှသူမျက်နှာလေး သော ဝေ့ဝေ့ဝဲဝဲရှိလျက်.. ထမင်းစားရင်းပြုံးပြတတ်သေးသည်။

လှသူ မပြုံးဖြစ်ဘဲ မျက်နှာလွှဲလိုက်တာကိုလည်း သည်းခံ ပုံပေါ်တာ၊ စားသောက်ပြီးကြတော့ လူကြီးတွေက အိမ်ရှေ့ခန်း စကားဝိုင်းဖွဲ့နေတုန်း သူက ပွင့်ပွင့်လင်းလင်းခွင့်တောင်း၏။

"ရွှေရှပ်လှသူ... ကိုယ်တို့စကားပြောရအောင်၊ ဆွေးနွေး သဘောပေါ့၊ ခြံထဲခဏဆင့်လို့ရတယ်မှတ်လား"

"ဟုတ်တယ်..သားနဲ့သမီး ဆွေးနွေးဖို့လိုတာပေါ့၊ ခြံထဲ အေးအေးဆေးဆေး လမ်းလျှောက်ရင်း စကားပြောကြ က်သွားလိုက် သမီး"

မာမီကလည်း ပြောင်ပြောင်တင်းတင်းပဲ ခွင့်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



လွှာ မလှုပ်တလှုပ်လေး လျှောက်ကာ ခေါင်းငုံ့မျက်မှောင်ကုတ်ထားမိ၏။

"ရှေ့ရုပ်လွှာ"

"ပြောပါ"

လွှာက တစ်ချက်မှမော့မကြည့်...

"မင်းကြည့်ရတာ မင်္ဂလာကိစ္စမှာ တော်တော်စိတ်အားထက်သန်ပုံရတယ်၊ နည်းနည်းလောက်မော့စမ်းပါကွာ၊ ဆွေးနွေးလို့ရပါတယ်"

လွှာ ဆတ်ခနဲမော့ကြည့်သည်။

"ဘာလဲ ဆွေးနွေးလို့ရတယ်ဆိုတာ"

"မင်းရင်ထဲမှာ ရှိတာတွေပြောလေ"

လွှာက သစ်ခွတိုင်တွေဘေးမှာ ခြေလှမ်းတွေကိုတုံ့ရပ်ပစ်လိုက်ပြီး

"လွှာက ဘာကိုမှ ဘယ်သူ့ကိုမှ အလကားမပေးဘူး၊ ပေးပြီးရင် ပြန်ရမှကြိုက်တာ"

"ဘယ်လို.."

"လွှာ့ရင်ထဲမှာရှိတာကိုပြောပြီးရင် လွှာဖြစ်ချင်တာကိုရှင်လိုက်လျောနိုင်မလား"

စိုးချွန် တည်တော့မလို၊ ရယ်တော့မလိုမျက်နှာနှင့် ခေါင်းမညိတ်နိုင်၊ ခေါင်းမခါနိုင်၊ ရုတ်တရက် ခပ်ကြောင်ကြောင်ဖြစ်သွားပြီး...

"နေဦး..အဲဒါက ကိုယ့်ဘက်ကလည်း ချက်ချင်းပြောဖို့ခက်တယ်၊ ဆွေးနွေးတယ်ဆိုတာ ပြောမယ်၊ လှယ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာ ဖယ်သင့်တာ နုတ်မယ်၊ ယူမယ်၊ ဒါပဲ မဟုတ်လား၊ မင်းပြောကြည့်ပါ"

"ရပြီ… ရှင်နဲ့လွှာ ဆွေးနွေးဖို့မလိုတော့ဘူး"

"မဟုတ်သေးဘူးလေ‥"

"လွှာက လွှာကိုလက်ထပ်ဖို့ ရှင့်ဘက်က ငြင်းပေးပါဆို ရှင် ငြင်းပေးနိုင်လား"

"ဒါက…"

သူမဖြေနိုင်ပါ။

လွှာကို ခတ်ပုံမြင်ကတည်းက သူမြတ်နိုးသွားခဲ့ရတာ ဖြစ်၍ တကယ်အပြင်မှာမြင်လိုက်ရတော့ သက်ဝင်လှုပ်ရှားနေသည့် မျက်ဝန်းကလေးတွေ ချင်ခြင်း မုန်းခြင်းတို့ကိုလိုလားခြင်း၊ မလိုလားခြင်းအဖြစ် ဖွင့်ဆိုတတ်သည့် စေ့ပိတ်ထားသော နှုတ်ခမ်းလေးတွေ…

ခတ်ပုံနဲ့ ဘာမှကိုမဆိုင်အောင် လှနေတာကို သတိလက်လွှတ်မေးမောသွားခဲ့မိသည့်အဖြစ်‥

ပန်းသွေးရိပ်ပြေးနေသည့် ပါးပြင်လေးနှစ်ဘက်ကြောင့် ဒီနေ့ထိ မလှုပ်မရှားငြိမ်သက်နေခဲ့သည့် နှလုံးသားက တဒိတ်ဒိတ်အခုန်မြန်လာခဲ့သည်။

ဒီမိန်းမလှလေးကို လက်မထပ်ချင်ဘူးလို့ ဘယ်လို အင်အားမျိုးနဲ့ ငြင်းရမလဲ‥

"ကိုယ်ပြောချင်တာက ဒီလို‥"

"နေပါစေ… လူကြီးတွေဆန္ဒနဲ့မဟုတ်ဓဲ လွှာကို လိုချင်တပ်မက်နေတဲ့ ရှင့်မျက်လုံးတွေကို လွှာ နားလည်သွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနဲ့ဖြစ်ဖြစ် ငြင်းပေးမှာမဟုတ်ဘူးဆိုတာလည်း သေချာနေပြီ၊ ရှင်လည်း ပိုင်ဆိုင်ဖို့ကြိုးစားပေါ့၊ လွှာကလည်း လွတ်မြောက်ဖို့ ကြိုးစားမှာပဲ''

''ရွှေရုပ်လွှာ..ကိုယ်က...''

''လွှာမှာ ချစ်သူရှိတယ်''

ပိတ်ပြောပစ်လိုက်တော့ စိုးရှာန်မျက်နှာပျက်သွား၏။

''လွှာ..မင်းကို မင်းရဲ့မိဘတွေကတော့ သိပ်ကိုယုံကြည်ကြတာ၊ မိဘမျက်နှာပျက်အောင် လုပ်မယ့်သမီးမဟုတ်ဘူးဆိုတဲ့ ယုံကြည်ချက်တွေနဲ့ မင်္ဂလာကိစ္စကို စီစဉ်နေကြတာ၊ ခရီးအတော်ရောက်နေပြီ၊ ဒါကို မင်းမေ့လို့မဖြစ်ဘူး''

သူ ပျာပျာသလဲဖြစ်သွားပုံကြောင့် လွှာက မခိုးမခန့်လေးရယ်လိုက်သည်။

''မျက်နှာပျက်ရတာက ဘဝပျက်ရတာနဲ့စာရင် အများကြီးတော်သေးတာပဲ မဟုတ်ဘူးလား၊ လွှာဆိုလိုတာ အဲဒါပဲ''

ပြောချင်ရာပြောပြီး လွှာလှည့်ထွက်လာခဲ့သည်။

မိဘနဲ့သားသမီးကြားမှာ ထိမ်းမြားခြင်းဆိုတာ ဝတ္တရားတစ်ခုကို မိဘတွေ မဖြစ်မနေပေးနေကြတိုင်း၊ သားသမီးနဲ့အဆင်မပြေဖြစ်ခဲ့ကြသည့် သာဓကတွေကလည်း အစဉ်အဆက်မှသည် ယနေ့ထိ မပျောက်မပျက်ရှိနေဆဲ၊ မိဘစကားကို သားသမီးက နားထောင်လိုက်သည်ပဲဖြစ်ဖြစ်၊ ဖွတ်တိုးမိုက်ခဲ့၍ အမွေဖြတ် ကြ၊ ပြတ်စဲကြ၊ ဘာဖြစ်ကြ၊ ဖြစ်ကြပြီးတော့လည်း သားရယ်၊ မြေးရယ် သံယောဇဉ်ဆိုတာတွေ နှောင်တွယ်လာကာ ပေါင်းစည်း အေးချမ်းသွားခဲ့ကြတာ မဟုတ်ဘူးလား..



www.burmeseclassic.com

www.burmeseclassic.com



လွှာဆုံးဖြတ်လိုက်မိသည်။

တစ်သက်တာစိတ်ချမ်းမြေ့ရဖို့အတွက် ခဏလေး ဖြစ်ဖြစ် သမီးမိုက်လုပ် ပစ်ရလိမ့်မည်ဟု…။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

လှာ…

ချိန်းတဲ့နေရာမှာ ကျွန်တော်နေ့တိုင်းသွားစောင့်တယ်

ဒီနေ့ဆို ငါးရက်ရှိပြီဗျာ‥

လှာတို့အိမ်မှာ လူဝင်လူထွက်တွေလည်း ရှုပ်နေတာတွေ့တယ်‥ ကျွန်တော်ဖုန်းဆက်တော့လည်း လှာနဲ့မတွေ့ရဘူး‥ ကျွန်တော်တစ်ခုခု သိပါရစေ… လှာ့ပစ္စည်းကိုပြန်ပေးလိုက်ပါတယ်‥ ကျွန်တော့်ကိုဆက်သွယ်ပါဦးလှာရယ်‥

လှာ့ရဲ့ပတ်ဝန်းကျင်မှာ အရိပ်လိုအမြဲရှိနေတဲ့

ကျွန်တော်

နေ့စဉ် ပန်းလာပို့သည် မသန္တာ့ရဲ့ပေးခိုင်းလိုက်တာမို့ မာမီ ဘုရားရှိခိုးတုန်း… ဒယ်ဒီလမ်းလျှောက်သွားစဉ် ကျောက်စိမ်းပြားလေးကိုရော စာကိုပါ လှာရရှိလိုက်သည်။

"ညီမ…ဘာပြန်ပေးဦးမလဲဟင်‥"



www.burmeseclassic.com

www.burmeseclassic.com



မသန္တာက ဟိုဒီ ကျိုးကန်းတောင်းမှောက်ကြည့်ရင်း ထပ်မေး၏။

"ရပြီ မသန္တာ သွားတော့"

လွှာ ခြေသံဖွဖွနှင့် ဖုန်းပြေးယူ၍ ခြံထဲဆင်း ချောင်လေး ထဲမှာ ပုဝင်ကာ..

"ဘိုဘိုလားဟင်.."

"လွှာ..."

သူမ ထင်ထားသည့်အတိုင်း လမ်းထိပ်က လက်ဖက် ရည်ဆိုင်မှာ ဘိုဘို စောစီးစွာရှိနေသည်ပဲ။

အမြဲတမ်းအမှတ်တမဲ့ ဂရုမစိုက်စွာရှိနေတတ်ခဲ့သည့် နှလုံးသားက ဖျတ်ခနဲနွေးသွားသည်။

မချစ်ပေမယ့်လည်း ကိုယ်တိုင်ရင်းနှီးနေခဲ့ပြီးသော.. သူ့ဘက်ကလည်း အစွမ်းကုန် အလိုလိုက် သည်းခံနေခဲ့သော.. ဘိုဘိုထိုက်ကို ရွေးချယ်ဖို့ ဆုံးဖြတ်ချက်က ပိုင်နိုင်မာသွားခဲ့ပြီ..

"မနက်ဖြန်.. သို့မဟုတ် နောက်ငါးရက်အတွင်းမှာ ဘိုဘို ဒီနားတစ်ဝိုက်မှာပဲရှိနေနော်၊ လစ်တာနဲ့ လွှာထွက်လာခဲ့ မယ်"

"ဘယ်လို...ဘယ်လိုလွှာ..."

"လွှာ..ယူ့နောက်ကိုအပြီးလိုက်ခဲ့တော့မလို့"

"ဟာ..."

ဖုန်းထဲက ရိုက်ခတ်လာသည့် ဘိုဘို့နှုတ်ဖျားက ဟာသံ ကြီးကြောင့် လွှာခစ်ခနဲ ရယ်လိုက်မိသည်။

"သူ သိပ်ကိုပျော်သွားရှာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်သောသူ့ထံမှ မချစ်တတ်သည့် နှလုံးသားကို အပ်နှင်း၍ ရင်ခုန်သံကို စည်းချက်ညီအောင် လက်ထပ်သင်ကြားဖို့ လွှာဆုံးဖြတ်၍ ကြည်နူးစိတ်လည်းဖြစ်ရလျက်…

✱✱✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒီနေ့ကျမှာပဲ မိုးဖွဲလေးတွေက ကျနေသည်။

တမနက်လုံး တဖွားဖွားကျနေခြင်းကြောင့် ပေတရာ
မ်းမကြီးက စိုစွတ်ပြောင်လက်နေ၏။

နိုးချောင်နိုးဝှက် လိုင်းကားတိုးစီးရင်း နာရီကို ကြည့်
ုက်၊ အပြင်ကိုငုံ့ကြည့်လိုက်··

နေ့လည်ခင်းကြီးမို့ ကားက သိပ်မကျပ်ပါ။

သို့သော် လွှာလက်ထဲက လက်ဆွဲသေတ္တာလေးက
ာခဏ ပြုတ်ကျနေရာ··

"တောက်..."

အိတ်ကို ကပ်ကပ်တိုက်ချသွားတာကို အမှတ်တမဲ့ ကနေ
ခုတ်တရဖြစ်လာကာ ထိုပုဂ္ဂိုလ်ကို လည်ပင်းလေးလိမ်၍
တ်ကြည့်မိ၏။

ဘယ့်နှယ် ကားပေါ်ကလည်းမဆင်းဘဲ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ယေဒက်ယက်တိုက်နေတာပဲ။

တောသားပုံခေါင်းပေါင်းနှင့် ရှမ်းတိုက်ပုံ ဝတ်ထားသူသည် လှသာကို ကျောပေးရပ်လျက် အတင်းအဆင်း နားမှာ တိုင်ကို ကိုင်၍ ရပ်နေ၏။

မှတ်မှတ်ရရ ဒီလူ လှသာအိတ်ကို တိုက်ချပစ်တာ နှစ်ခါတောင်၊ အထဲမှာ အကျီဆယ်စုံနှင့် ကျောက်စိမ်းပြားလေးပဲပါသည်။

သေတ္တာလေးကလည်း ပေါ့ပေါ့လေးပါပဲ။

ဒါကြောင့် အမှတ်တမဲ့ ကိုင်ထားမိရင်း လွတ်လွတ်ကျတာဖြစ်သည်။

ဟွန်း…ဒီတစ်ခါ လာတိုက်ကြည့်…

လှသာ·· စိတ်စောနေရသည့်အထဲ ထိုသူ့ကို ဒေါသဖြစ်ရပြန်သည်။ နာရီကိုကြည့်တော့ နှစ်နာရီတိတိ

နောက်ငါးရက်အထိ စောင့်လို့ ဘိုဘိုထိုက်ကို သူမှာထားပေမယ့် အိမ်ကထွက်ဖို့ ဘယ်လိုမှ မလစ်တာကြောင့် ဒီနေ့ဆို ကိုးရက်မြောက်ပြီ။ ရှေ့အပတ်ထဲမှာပဲ မင်္ဂလာဆောင်ရတော့မည်။

"ဘယ်လိုမှ နေလို့မရတော့သဖြင့် ဖွတ်တရွတ်ထွက်လာခဲ့သော်လည်း မာမီတို့ ချက်ချင်းသိမှာသေချာနေသည်။

'ထိုစဉ်, ကားရပ်သွား၏

မှတ်တိုင်မှတ်လို့ကြည့်လိုက်တော့ ကားကြောပိတ်နေတာဖြစ်သည်။

"ဒီမှာ··ဒီမှာ··"



www.burmeseclassic.com

www.burmeseclassic.com



စပယ်ယာက လှမ်းကြည့်ပြီး

"ဒီကနေဆင်းသွားလို့မရဘူးလား"

"ဆင်းချင်လို့လား၊ ခဏနေဦး"

ဟု ဆို၍ စပယ်ယာက ယာဉ်ကြောအခြေအနေကို ရှေ့နောက်ကုန်းကွကြည့်လိုက်ပြီး..

"ဆင်းချင်ဆင်း...မြန်မြန်ဆင်း..."

"ငါတို့လည်း ဆင်းမယ်"

ပြောတုန်းက လှာတစ်ယောက်တည်း... ဆင်းဆိုတော့ ခလှိုလှိုတံခါးပေါက်ရောက်လာလိုက်ကြတာ လှာက နောက်ဆုံးမှ အလှည့်ကျ၏။

ဆင်းချင်လွန်းလို့ ခြေဖျားကပင် ကြွနေခဲ့သည်အထိ ရှေ့ကခေါင်းပေါင်းနှင့်လူက မလှုပ်တလှုပ် မားမားကြီးကွယ်ထို့...

"ဆင်းချင်လည်းဆင်းလေ..ဘာလုပ်နေတာလဲ"

ပြောပြောဆိုဆိုနှင့် လှာ ဒေါသဖြစ်နေပြီမို့ ထိုသူ့ကိုတိုးတိုက်ဆင်းပစ်လိုက်၏။

"ဘုတ်..."

"ဟာ...တောက်..."

ကားပေါ်ကလူက ခုန်ဆင်း လှာသာအောက်ရောက်သွား၍ ကိုင်ထားသည့်သေတ္တာလေးကို တစ်ယောက်ယောက်က ဆောင့်ဆွဲထားလိုက်သလို လှတ်ကျကျန်ခဲ့၏။

လှာ..ဒေါသဖြစ်ဖြစ်နှင့် တက်ခေါက်ကာ သေတ္တာကိုကောက်ပြီးမှ မော့ကြည့်လိုက်တော့ ဟိုလူဘယ်ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်မသိ။

လိုက်လည်း ရှာနေချိန်မရပါ။

သေတ္တာကို ကမန်းကတမ်းကောက်၍ လှာ ပလက်ဖောင်းပေါ် ပြေးတက်လာခဲ့မိသည်။

ဒီကနေ့ ဘိုဘိုနဲ့ဆုံဖို့ချိန်းထားသည့် ကဖီးဆိုင်ရောက်အောင် အတော်လှမ်းသေးသည်။

ပိတ်မိနေကြသည့် ကားတန်းကြီးထဲမှာ ကိုယ့်အသိ တစ်ယောက်ယောက် ပါနေ၍ ကိုယ့်ကိုမြင်သွားမှာလည်းစိုး..

မာမီတို့လိုက်လာမှာကိုလည်း စိုးရင်းအပြေးတစ်ပိုင်းလျှောက်နေမိသည်။

"အင့်..."

ရှေ့ကဖြတ်ဝင်လာသူနှင့် အင့်ခနဲဝင်တိုက်မိတော့သည်။

"ဟင်..."

အံ့သြလွန်းသဖြင့် ဒေါသဖြစ်ဖို့တောင် မေ့သွားခဲ့သည့်အဖြစ်....

ခေါင်းပေါင်းနှင့်ရှမ်းတိုက်ပုံနှင့် ထိုလူသည် လှာ ပုံဖျက်ပန်းပျက်ဟပ်ထိုးဖြစ်ကျန်ခဲ့သည့်အဖြစ်ကို လုံးဝမသိသလို လှစ်သွားကာ လူတွေရှုပ်သော လမ်းခရီးအကွေ့ထဲသို့ တိုးဝင် ပျောက်ကွယ်သွား၏။

ဒီလူဘာလဲ...

ကိုယ့်ကိုတမင်နှောက်ယှက်နေတာလား၊ ဘာအဓိပ္ပာယ်နဲ့လဲ... တမင်လုပ်နေတာဆိုလျှင် မိန်းကလေးမို့ မျိုးသားတာမျိုးသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု မရှိသားဖို့ဆိုတာ လွှာ့ကိုလည်း သူစေ့စေ့ကြည့်တာမဟုတ်·· ကျောပေး၍တစ်မျိုး ငုံ့ချထားသည့်ပုံနှင့်တစ်မျိုး·· သူ့မျက်နှာကိုလည်း လွှာသေချာမမြင်ရ··

တိုက်ဆိုင်တာမဟုတ်တာကလည်းသေချာမိသည်။

ဘာဖြစ်ဖြစ် မတွေးနိုင်၊ ဂရုမစိုက်နိုင်စွာ ရှေ့ဆက်လှမ်းမြဲလှမ်းလာခဲ့သော လွှာ့ခြေလှမ်းတွေ ဘယ်လိုမှ မမြန်ဆန်နိုင်တော့ဘဲ ထိုသူ့ကိုသာရှာဖွေနေမိကာ အတွေးများက တရစ်ရစ်ရှုပ်ထွေးလာ၏။

ထို့ကြောင့် အချိန်တွေ အတော်ကြာသွားသည်။

ပြီးမှ နာရီကိုငုံ့ကြည့်မိကာ ရှေ့ဆက်သွက်သွက်လှမ်းလိုက်တော့

"ဟင်··ဒါ··သူပဲ"

လမ်းက ကျပ်နေသည်။

ဘေးမှာအော်ဟစ်ရောင်းချနေကြသည့် ပလက်ဖောင်းဈေးသည်များနှင့် အလယ်လူသွားလမ်းကလေးက လူတွေစည်ကားရှုပ်ထွေးနေသည်။

လွှာ့ရှေ့မှာ သူမ ရှာဖွေခဲ့သော ရှမ်းတိုက်ပုံနှင့်ကျောပြင်ကျယ်ကြီးတစ်ခုက တုံ့နေးနေး ကန့်လန့် ကန့်လန့်၊ ဘေးကကျော်သွားဖို့လည်းမဖြစ်၊ ရှေ့ဆက်မြန်မြန်သွားလို့လည်းမရတော့··။

သေချာပါသည်··· ဒီလူ လွှာ့ကို ခရီးဖင့်အောင် လုပ်နေတာပဲ··သို့သော် သူနဲ့ကိုယ် ဒီလိုလုပ်ဖို့ ဘာအကြောင်းမှရှိဘဲ··



www.burmeseclassic.com

www.burmeseclassic.com



လွှာ့ရှေ့ကိုတိုးတက်ကာ ထိုသူ့ပခုံးကို ခပ်ရိုင်းရိုင်းပဲ ပုတ်ပစ်လိုက်၏။

"ဒီမှာ.."

ထိုလူက လှည့်မကြည့်

"ဒီမှာ..ဒီမှာ.."

လွှာမကျေနပ်ခြင်းတွေ ပိုကဲလာသည်၊ ဆင့်၍ ဆင့်၍ ပုတ်ခေါ်လိုက်သည်။ ထိုသူ့မျက်နှာ နောက်လှည့်လာသည်။

သို့သော် လွှာ့မျက်နှာတည့်တည့်သို့မရောက်မီ ဖျတ် ခနဲ ပြန်လှည့်ကာ လူကြားထဲ တိုးဝင်ဖို့ကြိုးစားနေ၏။

ခဏလေးမြင်လိုက်ရသည့် သုံးချိုးတစ်ချိုးပုံကို မျက်နှာ အကျကို လွှာသိနေသည်။ ဘယ်သူမှန်းမသိသော်လည်း လွှာသိ တဲ့တစ်ယောက်ယောက်ဆိုတာ ကိုယ့်ဟာကိုသေချာသွားကာ လွှာ မျက်ခြည်ပြတ်မခံဘဲ ခွတ်လိုက်ခဲ့၏။

"ရွှေရုပ်လွှာ..မင်းရှေ့ဆက်မတိုးနဲ့တော့"

"ဟင်..."

ကိုယ့်နာမည်ကိုခေါ်လိုက်တာ.. နားနားကပ်ပြောလိုက် သလိုပါပဲလား..

ဘေးနှစ်ဘက်နဲ့ နောက်ကိုလှည့်ကြည့်ပေမယ့် လွှာ့ကို စကားပြောဆိုလိုက်ပုံမျိုး တစ်ယောက်မှမရှိဘဲ ကိုယ့်လမ်း ကိုယ်သွားနေကြသူများသာရှိနေသည်။

"ရွှေရုပ်လွှာ မင်းရှေ့ဘက်တိုးလာရင် မကြာခင် မိတ် မချမ်းသာစရာတွေ ဖြစ်တော့မယ်.."

"ဘုရား..."



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းကြောင်တောင်ကြီး လွှာ ကြက်သီးတွေထကာ ဟိုဒီလိုက်ကြည့်၍ အရူးဖြစ်နေသည်။

"ပြန်လေ.."

"ပြန်တော့..."

အခြားတစ်ယောက်က တစ်ယောက်ကိုပြောနေသံမျိုး၊ လွှာ ဘာကို နားထောင်ရမှန်းမသိ။

ရွှေရုပ်လွှာဆိုတာ ငါ့ကိုခေါ်တာပဲ၊ ဒါ ဘယ်သူလဲ..

ခေါင်းပေါင်းနှင့်ရှမ်းတိုက်ပုံဝတ်ထားသူကိုတွေးမိလာ၏။ လိုက်ရှာတော့မရှိတော့ပေ။

ငါနဲ့ဘာဆိုင်လို့လဲ...

ဘာဖြစ်လို့လည်းပြန်ရမှာလဲ..

လွှာ ဘာကိုမှစဉ်းစားမရဘဲ ခြေလှမ်းတွေကတော့ ဖျက်ပြားကုန်ပြီဖြစ်သည်။

ရှေ့ကိုတိုးလျှောက်ရင်း ဟိုလူကြီးကို လိုက်ရှာနေခဲ့မိသည်။ အစအန အရိပ်အယောင်မျှပင် မတွေ့ရတော့ပါ။

ချိန်းဆိုထားသည့် ကဖီးဆိုင်ကိုရောက်တော့ ချိန်းသည့်အချိန်ထက် ဆယ့်ငါးမိနစ်တိတိ နောက်ကျနေပြီဖြစ်သည်။

ထို့ပြင် ဘိုဘိုနဲ့သူမ ထိုင်နေကျစားပွဲမှာလည်း ဘိုဘိုရှိမနေပေ...

လွှာ..အမောမပြေဖြစ်သွားမိသည်။

ဘိုဘို မရောက်သေးတာနေမှာပါ...

လွှာ နောက်ကျလို့ ထပြန်သွားတာမဟုတ်ဘူးဆိုတာတော့ အကြွင်းမဲ့ယုံကြည်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျနေတယ်ဆိုတာကျတော့လည်း မဖြစ်နိုင်သလို လို စိတ်ထဲမှာအောင့်သက်သက်…

သူချိန်းလိုက်တော့ ငါးရက်အတွင်းထွက်မလာနိုင်ခဲ့သည့် သူ့မအပေါ် စိတ်ပျက်အားငယ်စွာ နောက်ဆုတ်သွားခဲ့ရှာသည့် ဘိုဘို့ခမျာ… ဖုန်းဖြေရှင်းပင် ဝမ်းသာလွန်း၍ အသံတွေဘာတွေ တုန်နေရှာတာ လှှာအသိ…

"လှှာ…လှှာ…တကယ်နော်…တကယ်လာမှာနော်… ဒီတစ်ခါတော့ ကျွန်တော့်ကို ရင်ကွဲအောင်မလုပ်ပါနဲ့လှှာရယ်…"

တောင်းပန်ခယရှာတာလည်းတတွတ်တွတ်…

ဒီလိုလူက ခုချိန်ထိမရောက်ခဲ့တာ သဘာဝကျသလား။

လှှာမကျေနပ်ပေမယ့် ဟိုနားဒီနားခဏဆိုပြီး လစ်ထွက် လာခဲ့တာမျိုးမဟုတ်သည်မို့ နောက်ပြန်လှည့်သွားလို့မှမရတာပဲ။

ခုလောက်ဆို မာမီတို့ ဒေါင်ချာစိုင်းနေလောက်ပြီ…

အောက်နှုတ်ခမ်းလေးကို ခပ်ဖိဖိကိုက်ထားလိုက်ကာ ထိပ်ဆုံးစားပွဲမှာပဲ ခပ်ပြောင်ပြောင်ဝင်ထိုင်လိုက်မိသည်။

"အစ်မ…အပူလား အအေးလား"

"ကော်ဖီပလိန်းပဲပေး…"

လက်ကို တမင်အလုပ်ပေးထားကာ ကော်ဖီထုပ်ကို ဖောက်ထည့်ပြီး စိမ်ပြေနပြေ မွှေနေမိသည်။

နာရီကိုကြည့်တော့ နာရီဝက်တိတိလွန်ခဲ့ပြီ…

ထိုစဉ် လှှာ့မျက်လုံးထဲကို အဖြူရောင်တိုရိုတာကားလေး တစ်စီး တိုးဝင်လာသည်။

လှှာနှင့်အလွန်နီးသော ပလက်ဖောင်းဘေးမှာ ကပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



သွားကာ အထဲက မျက်နှာ တစ်ခုပေါ်လာ၏။

အမှတ်တမဲ့ လှမ်းကြည့်နေမိသည့် လှှာကိုယ်လေး မတ်ခနဲဖြစ်သွား၏။

"ဟိတ်…ကျွတ်…"

မျက်နှာကို တမင်တင်း၍စူးစိုက်ကြည့်နေသူကိုမှ သူက ကားပေါ်ကနေ လှမ်းခေါ်ကာ

"ဒီမှာ မင်းကိုခေါ်တာ၊ မင်းရဲ့ဟိုတစ်ယောက်ကို စောင့်နေတာပေါ့.."

လှှာ မျက်စောင်းထိုးကာ ဖျတ်ခနဲ မျက်နှာလွှဲပစ် လိုက်သည်။

"ဒီကိုကြည့်လေ… အကောင်းနဲ့ပြောမလို့၊ မင်းရဲ့ မျက်မှန်လေး… စော်ဘွားကြီးကုန်းနားမှာ ကားအက်ဆီးဒင့်ဖြစ်နေတယ်.."

"ဟင်…"

လှှာ..ဆတ်ခနဲ တုန်သွားသည်။

သူ့ကိုကြည့်လိုက်တော့ လှှာ့ကိုခပ်တည်တည်ပဲစိုက် ကြည့်နေသည်။

"ရှင်…ရှင်..ထောင်ကျသွားမယ်နော်၊ ဘာမှတ်လို့လဲ၊ စကားကိုဆင်ခြင်ပြော.."

"ဘာလဲ..မင်းမယုံဘူးလား၊ ဟိုမှာ ဆေးရုံကားလာရင် ဝါသွားတော့မှာ..မင်းမမြင်လိုက်ရမှာစိုးလို့ လာပြောတာနော်၊ အကျရာရကြတာ သုံးယောက်၊ မင်းရဲ့မျက်မှန်လေးက တော်တော် နာသွားတာ၊ မယုံလည်းပြီးရော..သွားမယ်.."



www.burmeseclassic.com

www.burmeseclassic.com



သူ ကားမောင်းဖို့ပြင်တော့ လွှာ…ဝုန်းခဲထရပ်လိုက်မိသည်။

“နေဦး…”

သူက ပြန်ကြည့်၍မေးဆတ်ပြ၏။

“လွှာ့ကို လိုက်ပို့ပေး၊ မဟုတ်ရင် ရှင့်ကိုတစ်ခါတည်း အချုပ်ထဲကို ထည့်ခဲ့မယ်”

“ဪ… ဪ…သတင်းပေးမိတဲ့အပြစ်က ဟိုကို မှီအောင်မပို့နိုင်ရင် ထောင်ပါကျသွားနိုင်ပါလား…ကဲ…ကဲ… တက်…”

ကားပေါ်ဆောင့်အောင့်ထိုင်လိုက်မိရင်း ဒါတကယ်ဖြစ်နိုင်သည်ကို သုံးသပ်မိလာသည်။

ကားက တကယ့်ကို မြန်မြန်ဆန်ဆန်ကြီးမောင်းချသွားကာ လွှာ့ကိုအမြဲတမ်းကပ်ဖွဲ့စနောက်ဖို့ ကြိုးစားခဲ့ဖူးသော သူ့မျက်နှာက အပြုံးအရယ် ကင်းမဲ့နေလျက်…စကားသံလည်း တိတ်ဆိတ်နေသည်။

ဤသည်ကြောင့် ဗို၍ဗို၍သေချာလာခဲ့သည်။

ကားက သမိုင်းလမ်းဆုံမှ ဝေါခနဲကွေ့ချသွားကာ ရှိသမျှ ကားတွေကို ကွေ့ဝိုက် ကပ်သပ်၍တစ်မျိုး၊ လမ်းတောင်း၍ တစ်မျိုး ကျော်တက်ပစ်သည်။

ရှိသမျှ မီးပွိုင့်တွေကိုလည်း လွတ်အောင်မောင်းနိုင်သည်။ ကားမောင်းကျွမ်းကျင်ပုံကတော့ သတိမထားမိဘဲ မနေနိုင်လောက်အောင်ဖြစ်လေသည်။

ထိုစဉ် ရှေ့မှာမြင်လာရသည်က မီးနီလေးတပ်လက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆေးရုံကားကိုမြင်ကာ ထိုပတ်ဝန်းကျင်မှာ လူတွေ အုံခဲနေသည်။

ထိုဘက်ခြမ်းမှာ ကားကြောပိတ်နေသဖြင့် သူက ဒီဘက်ထဲလမ်းတောင်းကူးဝင်ပြီး နီးနိုင်သမျှ နီးအောင် ကပ်ပေး၏။

"ကားပေါ်ရောက်သွားပြီထင်တယ်၊ မင်းသွားကြည့်လေ..."

လွှာ့တစ်ကိုယ်လုံးတောင့်တင်းလျက် ကြောင်တောင်တောင်ဖြစ်နေစဉ် သူ့စကားကြောင့် ဆင်းဖို့ကိုသတိရလာသည်။

သားရေသေတ္တာလေးကို အောက်ဆွဲကာ လွှာကားပေါ်က ဆင်း၍ ထိုနေရာသို့ပြေးထွက်လာခဲ့မိ၏။

"ဘုရား..ဘုရား..မဟုတ်ပါစေနဲ့"

သေချာသလောက်ရှိနေတာကို မျှော်လင့်ချက်ကင်းမဲ့ စွာဆုတောင်းမိသည်။ မရှိုက်ငိုမိပါဘဲ ပါးပြင်ထက်မှာ မျက်ရည်ကြောင်းလေးပြေးဆင်းသွား၏။

လွှာ ထိုနေရာရောက်သည်နှင့် ဆေးရုံကားက အရေးပေါ်ဥဩသံပြုကာ ထွက်ခွာသွားလေသည်။

"ဘာမှ တိုက်စရာမရှိဘူးကွာ၊ တကယ့်ရှင်းရှင်းကြီးရယ်..."

"ဟုတ်လား.. ငါက ဒီဘက်ကိုဝေါခနဲဆွဲချလိုက် တော့ တစ်ခုခုကိုရှောင်လိုက်တယ်ထင်တာ"

"မဟုတ်ဘူး... ငါသေသေချာချာမြင်တာ၊ ဘာမှမရှိဘူး၊ သူ့ရှေ့မှာ ဒီကားအနီက သူ့လမ်းနဲ့သူ အေးအေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးမောင်းလာတာကို သူက တမင်ကွေ့ပြီးတိုက်ချပစ်လိုက်တာ..."

"သေရမယ့်ကံပါတာဖြစ်မယ်၊ မကောင်းဆိုးဝါး ဖိစီးပြီး သတ်တာအလိုလိုဖြစ်သွားတာ"

"သေလောက်သလား"

"မသိဘူး၊ သွေးတွေတော့ အိုင်ထွန်းနေတာပဲ၊ မျက်မှန်နဲ့ဆိုတော့ မျက်လုံးတွေ ဘာတွေများ ထိသွားသလားပဲ၊ မသေလည်း ကန်းမှာတော့သေချာတယ်..."

ယာဉ်တိုက်မှုဖြစ်သည့်နေရာမှာ လှသာကိုမောင်းပို့ခဲ့ဖူးသော ဘိုဘို့ကားအဖြူလေးကို လှသာမြင်နေရသည်။

ကားဘော်ဒီမှာ သွေးစတချို့ရှိနေသေး၏။

လူတွေတစ်ယောက်တစ်ခွန်းပြောသံများက နှလုံးသားတစ်ခုလုံးကို ဆုတ်ချေပစ်နေသည့်နှယ်...ဖြစ်ရလေ ဘိုဘိုရယ်..

"ငါ့ကြောင့်..အဲဒါ ငါ့ကြောင်းသိလား"

လှသာ...ရင်ထဲမှာ တင်းကျပ်ကာ မျက်လုံးတွေ တစ်စစပြာဝေလာ၏။ ဆုပ်ကိုင်ထားနိုင်စွမ်းမဲ့လျက်လက်ထဲက သားရေသေတ္တာလေး လျှောခနဲ လွတ်ကျသွားသည်။

ထိုနေရာမှာပင် လှသာ သတိလစ်ခွေကျသွားသတ်..

"ဟာ..ဟိုမှာ ဟိုမှာ တစ်ယောက်ဘာဖြစ်သွားတာလဲ"

လှသာ..ဘာဆိုဘာမှ မသိတော့...။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

လွှာ··ဘာကိုမှမကြည့်၊ ဘာကိုမှလည်း စိတ်မဝင်စားတော့ပါ။ စားသောက်စရာတွေ မနက်ည အချိန်မှန်ရောက်လာည်။

စားချင် ထစားလိုက်သည်။ မစားချင် ဒီတိုင်းပဲထားလိုက်၏။

စိတ်ဆင်းရဲသော်လည်း အစာငတ်ခံဆန္ဒပြရလောက်ဆောင်တော့ ရင်ထဲမှာ မပြင်းထန်ခဲ့ပေ···

ဒယ်ဒီနဲ့မာမီကိုလည်း ငယ်ငယ်ကတည်းက ချစ်ကြောက်ရိုသေရှိခဲ့ပြီးသား··လွှာ··အနိုင်ယူချင်တတ်တာ၊ ထင်လုပ်တတ်၊ စိတ်ကောက်တတ်တာဟာ ဆိုးနွဲ့ခြင်းသက်သက်ဖြစ်၍ သမီးဆိုးလိုတော့ မိုက်မိုက်ရိုင်းရိုင်းပြန်လှန်ခံမပြော··ဘယ်တော့မှလည်း ပြောလို့ထွက်နိုင်မှာမဟုတ်··



www.burmeseclassic.com

www.burmeseclassic.com



စိုးရျာန်ဆိုသည့် အသက်ကြီးကြီး ခပ်ကြော့ကြော့ပုံနှင့် အရည်အချင်းကောင်းများပြည့်လျှံ၍ လိုချင်သူတွေလည်း ဝိုင်းဝိုင်းလည်နေသော လူကြီးကို လက်မထပ်ချင်…

ထို့ကြောင့် ကိုယ့်သဘောအတိုင်းဖြစ်ရမည့်သူ၊ ကိုယ့်ကို အလိုလိုက်ယုယမည့်သူ…

ပြီးတော့ ကိုယ့်အသက်နဲ့ရွယ်တူတန်းတူ… ဘိုဘို နောက်လိုက်ဖို့ ချိန်းလိုက်မိတာ… အချစ်မပါပေမယ့် ဘဝကို ပုံအပ်ထိုက်သူအဖြစ် ကိုယ်တိုင်စီရင်ချက်ချခဲ့မိသော ဘဝ အတွက် နောက်ဆုံးရွေးချယ်မှုပုဒ်မပဲဖြစ်သည်။

ခုတော့ ဘိုဘိုဆေးရုံပေါ်မှာ မသေဘူးဆိုတာ သိရပေမယ့် ဘယ်ဘဝ ဘယ်အခြေအနေရောက်သွားပြီမှန်းမသိရ။

သူမဘဝဟာလည်း လုံးဝထွက်ပေါက်မရှိခဲ့တော့သည့် စိန်လှောင်အိမ်လေးထဲမှာ ဘယ်လိုပုဒ်မနှင့် စီရင်ချက်ချလေမလဲ ဟု စိုးထိတ်ရင်မောစွာ စောင့်နေခဲ့ရသည့် တရားခံတစ်ဦးနှယ်…

"အလွှာ…မမကြွေက ဖုန်းလာပြောပါတဲ့…"

"ဟင်…"

အတွေးလွန်နေတုန်း တံခါးဝမှ အိမ်ဖော် ဒေါ်မြရောက် လာကာ ပြောလိုက်သဖြင့် လွှာ တအံ့တသြဖြစ်သွားသည်။

ဖုန်းဆက်ရဖို့နေနေသာသာ ပြတင်းပေါက်နားမှာ ကြာ ကြာရပ်တာတောင် မကြိုက်ခဲ့သော မာမီက ဖုန်းဆက်လှည့်ပါ တဲ့…

"ဘယ်သူ့ဆီက ဖုန်းလဲ ဒေါ်လေးမြ…"

"ဆေးရုံကဆက်တာထင်တယ်၊ ဟိုဘက်က တော်တော်



www.burmeseclassic.com

www.burmeseclassic.com



လး တောင်းပန်လိုက်ပုံရတယ်၊ လာ..သမီး၊ မြန်မြန်လိုက်ခဲ့"

ဆေးရုံကဆို ဘိုဘို့ဆီကပေါ့..

ဘုရားဘုရား...ဘိုဘိုဘာမှ မဖြစ်ပါစေနဲ့...

ဘိုဘိုဖြစ်ခဲ့ရတာ သူမကြောင့်...

လွှာ ခလုတ်တိုက်မတတ် ထွက်လာတော့ ဖုန်းဘေးက
ာမီက လက်ပိုက်ရပ်နေလျက်...

"ဟိုဘက်က လူနာရဲ့အသက်ရှင်သန်ခွင့်ဆိုပြီး တောင်း
ာင်းပန်ပန်ပြောလာလို့ ခွင့်ပြုလိုက်တာနော်၊ လိုရင်းတိုရှင်း
ပြော..."

လွှာ ဖုန်းကိုင်တော့မှ မာမီက နေရာကနေလှည့်ထွက်
ားသည်။

"ဟလို... ရွှေရုပ်လွှာပါရှင်..."

"လွှာ..."

"ဟင်..ဘို...ဘို... ဘိုဘိုနေကောင်းတယ်နော်၊ အခု
ယ်လိုနေလဲဟင်၊ လွှာလေ..လွှာဘယ်လိုမှသတင်းလာ မမေး
င်တာခွင့်လွှတ်ပါနော်.."

"ရပါတယ်လွှာရယ်..."

ဘိုဘို့အသံက စကြဝဠာအပြင်ကနေ ဟစ်အော်နေသံ
သို့ တိုးတိုးယဲ့ယဲ့လေးဖြစ်နေရှာသည်။

"လွှာ.."

"ဘိုဘို..."

"ကျွန်တော် လွှာ့ကိုသိပ်ချစ်တယ်..."

"ဘိုဘိုရယ်..."



www.burmeseclassic.com

www.burmeseclassic.com



လွှာ မျက်ရည်တွေ အိခနဲ ဝေ့တက်လာသည်။

"ကျွန်တော့်ကို မတောင်းပန်ပါနဲ့လွှာ၊ ကျွန်တော်လေ ကျွန်တော့်ကိုချိန်းပြီးပြီဆိုတဲ့ ယုံကြည်ချက်နဲ့ ရဲရဲတင်းတင်း အား ကိုးထွက်လာမယ့် လွှာ ဘယ်လိုနေရာမှာလဲဆိုတာကိုပဲ ပူတာ၊ ကျွန်တော့်အဖြစ်ကို သိပြီး လွှာမူးလဲသွားတယ်၊ လူကြီးတွေ လက်ထဲပြန်ပါသွားတယ်ဆိုတာတွေကို ကြားလိုက်ရတော့၊ လွှာ ကျွန်တော့်ကို ပူပန်တာအတွက် ကြည်နူးတယ်၊ လွှာ့ဘဝ လွတ်လပ်ခွင့်တွေ ပိုပြီး ကျပ်တည်းသွားတဲ့အတွက် လွှာ့ကို သနားတယ်.."

"ကိုယ့်ဟာကိုယ်ပဲ စိတ်ချမ်းသာအောင်ကြိုးစားနေပါ ဘိုဘိုရယ်.. လွှာက ဘာမှဖြစ်တဲ့သူမဟုတ်ဘူး.."

"လွှာ..လွှာ..ငိုနေတာလားဟင်.."

"ဘိုဘိုရယ်..."

"ကျွန်တော့်အတွက် မငိုပါနဲ့လွှာ၊ ကျွန်တော်က အားလုံး ကို အရှုံးပေးခဲ့ပြီးတဲ့သူပါ၊ အားလုံးထဲမှာ လွှာ့ကိုသိမ်းပိုက်နိုင် ဖို့ ဘယ်အခက်အခဲကိုမဆို ကျော်လွှားမယ်ဆိုတဲ့ သတ္တိခွန်အား တွေကို စွန့်လွှတ်ဆုံးရှုံးလိုက်ရတဲ့အတွက်ကိုတော့ ရင်နာမိတယ် လွှာရယ်..လွှာ.. ကျွန်တော့်ကို ချစ်ချစ် မချစ်ချစ် အားကိုးချင် တဲ့စိတ်လေးနဲ့ လာခိုးပါတော့လို့ပြောလာတဲ့အချိန်လေးမှာ ကျွန်တော်ဟာ သူရဲကောင်းကြီးပေါ့"

ဖုန်းထဲက ကြားနေရသည့် ရယ်သံသဲ့သဲ့က ရယ်သံနှင့် မတူဘဲ ကြေကွဲဆို့နင့်ဖွယ်ဖြစ်လေသည်။

"ခုတော့ ကျွန်တော် လွှာ့အတွက် သူရဲကောင်းမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘူး…"

"ဘိုဘို..ဘိုဘိုဘာဖြစ်နေလို့လဲဟင်..နေကောင်းရဲ့လား ဘိုဘိုရယ်…"

ဘိုဘို့ထံမှ ဖြေသံထွက်မလာဘဲ အတန်ကြာတိတ်ဆိတ်နေပြီး…

"ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ကျွန်တော့်ကိုမေ့လိုက်ပါတော့လှ.. ကျွန်တော်လှရဲ့အနာဂတ်..လှအဖြစ်အပျက်တွေအားလုံးကို မကြားမိအောင်နေလိုက်တဲ့အခါ ကျွန်တော့်ကိုခွင့်လွှတ်ပေးပါ…"

"ဘိုဘို…ဘိုဘိုရယ်…"

လှ..ဖုန်းကို တင်းကျပ်စွာဆုပ်ကိုင်ထားလျက် မျက်ရည်စက်တွေ အဆက်မပြတ်ကျဆင်းလာသည်။

ဖုန်းချသွားပြီမှန်းသိလိုက်ပေမယ့် လှ ဖုန်းကိုမချဖြစ်သေးဘဲ အငိုခံနဲ ရှိုက်မိသည်။

"သူမသေဘူးဆိုတာ သိလို့ လွမ်းနေတာလားသမီး.."

ဒေါ်ကြွေရှပ်က လှလက်ထဲဖုန်းကိုယူ၍ ချထားလိုက်ပြီး..

"သူ ခြေထောက်တစ်ဖက် ဖြတ်ပစ်လိုက်ရတယ်၊ မသေပေမယ့် ဘဝကတော့ အညွှန့်ကျိုးသွားပြီပေါ့.."

"ဟင်…"

ရွှေရှပ်လှ မျက်လုံးလေးဝိုင်းစက်သွား၏။

"ဖြစ်ရလေ ဘိုဘိုရယ်…"

မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ်ဖြစ်လာကာ မျက်တောင်တစ်ချက်အခတ်မှာရွှေးခနဲပြေးဆင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး…ငါ့ကြောင့်ဘာညာနဲ့ လူငယ်တွေ သူရဲကောင်းဆန့်ချင်ကြတာမျိုး သမီးဖွတ်တိုးဖို့မစဉ်းစားနဲ့၊ မောင်စိုးရှာန်နဲ့ သမီးကို လက်ထပ်ပေးဖို့ အစီအစဉ်ကအားလုံးသေချာပြီးသား၊ မနက်ဖြန်ညနေ မင်္ဂလာပွဲအတွက်အားလုံးအဆင်သင့်ဖြစ်ပစေ"

"မာ်မီ…"

"မာမို့ကိုဘာမှ ထပ်မပြောနဲ့သမီး၊ သမီးလုပ်ချင်ရာလုပ်လိုက်လို့ အားလုံးမျက်နှာပျက် အရှက်ရခဲ့ပြီးပြီ၊ သမီးကိုထပ်ပြီး အလိုမလိုက်နိုင်တော့ဘူး၊ အခု ဖုန်းပြောခွင့်ပေးလိုက်တာလည်း ဒီကောင်လေးရဲ့မိဘတွေကိုယ်တိုင်က သူ့သားစိတ်ကျခံစားပြီး တစ်စုံတစ်ခု ဖြစ်သွားမှာစိုးလို့ပါဆိုပြီး တောင်းပန်လွန်းလို့ခွင့်ပြုရတာ…နောက်ဘယ်တော့မှ စကားထဲထည့်မပြောပါနဲ့"

လွှာ…မျက်ရည်မဆည်နိုင်ဘဲ တစ်ယောက်တည်း ကျန်နေခဲ့၏။

မာမီတပ်သွားခဲ့သည့်ပုဒ်မက လွှာကိုယ်ထင်ရာလုပ်သွားခဲ့ပြီး၍ဆိုသော နှုတ်သိမ်းယူသည့်ကျူးလွန်မှုကြောင့် လွှာမှာငြင်းဆန်ခွင့်မရှိတော့ပါ။

ဤချုပ်နှောင်ခြင်းမှ လွတ်မြောက်အောင် လွှာ ကြိုးပမ်းခဲ့ခြင်းအားလုံးဟာ ဘိုဘိုတစ်ယောက်ဒုက္ခတဖြစ်ရလျက်…လွှာက မချစ်မနှစ်သက်နိုင်သူကို လက်ထပ်ဖို့ သေချာသွားခဲ့ရခြင်းသည်သာ…

မျက်ရည်ကိုသုတ်ပစ်ကာ လွှာ အခန်းထဲပြန်ဝင်ခဲ့ရသည်။ မျက်ဝန်းတို့၏ တူရူရာအရပ်က အိပ်ရာခေါင်းရင်းအောက်မှာ ဒီတိုင်းလေးချထားသည့် လွှာယူသွားခဲ့သော သားရေ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာလေး..

ဘယ်ကဘယ်လို ထင်မြင်မှန်းဆ၍ လိုက်ပါလာကြမှန်း မသိသော မာမီနဲ့ ဒယ်ဒီတို့၏ကားက လွှာကို အချိန်မီရုံလေး ကပ်ရောက်လာကြသတဲ့။

သတိလစ်နေသော လွှာကို ဆေးရုံပို့ဖို့အားလုံးစိုင်းပြင်းနေကြချိန်မှာ မာမီတို့က ကားပေါ်တင်ခေါ်လာခဲ့ကြတာတဲ့။

အဲဒီအချိန်မှာ လွှာသေသွားခဲ့လျှင်အကောင်းသား။

သားရေသေတ္တာလေးကိုကောက်ယူပြီး အိပ်ရာပေါ်မှာ ထိုင်ချလိုက်မိသည်။

ပြီးတော့ ဘာရယ်မဟုတ်ဘဲ သေတ္တာကို စေ့ကုန်အောင် ဆွဲဖွင့်၍ အတွင်းအိတ်လေးထဲမှာထည့်ထားသည့် ကျောက်စိမ်းဖြားလေးကို ထုတ်ယူကြည့်လိုက်မိသည်။

"ဟင်..."

စိုက်ကြည့်နေရင်း လွှာ့မျက်ဝန်းလေးတွေ စူးစူးနစ်နစ် ဖြစ်ကာ မျက်ခုံးတွေပါ ကျုံ့သွားမိ၏။

လေးကိုကိုင်၍ ကိုယ်ကိုမြောက်ကြွ 'က'နေပုံတွင် သုံးချိုးတချိုးမျက်နှာက လွှာ့မျက်လုံးထဲမှာ ရင်းနှီးနေသလိုလို..

မဟုတ်သေးပါဘူး...အို..ဟုတ်တယ်..ဒီမျက်နှာမျိုး ငါမြင်ဖူးတယ်.. ခေါင်းပေါင်း..ခေါင်းပေါင်းနဲ့ဟုတ်တာပေါ့..။

မျက်ဝန်းလေးတွေ မိတ်ချ၍ စဉ်းစားနေရင်း ဖျတ်ခနဲ မြင်ယောင်လာသည်။ ကားပေါ်ကနေ တောက်လျှောက်လွှာ့ကို အမြဲမျိုး နောက်ယျက်ခဲ့သည့်သူ.. အရပ်အမောင်း... လူပုံနှင့် ခေါင်းပေါင်း..



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ကြည့်လေ တူလေ…
ပြီးတော့ ရှမ်းတိုက်ပုံဝတ်ထားပုံကအစ အတူတူ‥
ဒါဖြစ်နိုင်သလား‥
ဒီပုံနဲ့ငါ ဘာဆိုင်လို့လဲ‥
“ရွှေရုပ်လှ”မင်းလှည့်ပြန်သွားပါ‥
“မင်းနောင်တရလိမ့်မယ်‥”
နားထဲမှာအားလုံးကို သတိရကြားယောင်လာ၏။

ဒါဆို ဘိုဘိုသေဆုံးရတာ ဒီပုံနဲ့ပတ်သက်နေသလား‥ အို‥မဖြစ်နိုင်ပါဘူး‥ မဖြစ်ပါစေနဲ့‥

လှာ ကျောက်စိမ်းပြားလေးကိုပွေ့ပိုက်ရင်း အထပ်ထပ် ဆုတောင်းမိလေသည်။

✳✳✳



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သမီး..သမီးရဲ့မျက်နှာကိုပြင်ယူလိုက်စမ်း"

"ပြင်လို့မှရတာတော့ သေချာတယ်မာမီ.. ခုချိန်မှာ ဘို့ခမျာ သမီးကြောင့် ဆေးရုံပေါ်မှာ၊ သမီးက မချစ်တဲ့သူ လက်ထပ်နေရတယ်၊ သမီးကိုထပ်ပြီး ရက်ရက်စက်စက် ဖြိုးခိုင်းပါနဲ့မာမီ.."

"ကြွေ..."

ဒယ်ဒီက မင်္ဂလာပွဲကို ပစ်ခဲ့ပြီး လွှာတို့ သားအမိ ကြိတ်အနယ် ဆွေးနွေးနေကြတဲ့ဆီရောက်လာသည်။

"မောင်စိုးချမ်းကိုယ်တိုင် သမီးကို နားလည်ပေးနိုင် တယ်လို့ပြောခဲ့ပြီးသားပဲကြွေ... မုန်တိုင်းမလာတော့ဘူးဆိုရင် ချုပ်လိုက်ပါ၊ အဲဒီလောက် အေးနေနေ နွေးနေနေ လေပြည် ညင်းဖြစ်ဖို့ပဲလိုတာမဟုတ်ဘူးလား"

မာမီ့မျက်နှာပြေကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်ကျလျက် သက်ပြင်းမျှင်းမျှင်းချလိုက်သည်။

ထို့နောက် မျက်နှာပြန်မော့လာကာ လွှာမေးဖျားလေးကို ဆွဲမော့ကြည့်လိုက်ပြီး

"မာမီ့ အတ္တတွေဟာ ရက်စက်ရာကျချင်ကျမယ်၊ ဒါပေမဲ့ သမီးကိုချစ်လွန်းလို့ဆိုတာတော့ နားလည်ပါ သမီးရယ်.."

လွှာပါးပြင်ရဲရဲလေးတွေပေါ်က မျက်ရည်ကြောင်းတွေကို တယုတယ သုတ်ပေးပြီး ဒယ်ဒီနောက်ကိုလိုက်ပါသွားခဲ့၏။

မိဘတွေရဲ့ ရင်ထဲမှာသာ အချစ်ရှိတာလား..

တစ်မိသားနဲ့ တစ်မိသား ချစ်ကြိုက်ရစ်တွယ်ကြတဲ့ နှောင်တည်းခြင်းတွေ၊ ချစ်ခြင်းမေတ္တာတွေကိုတော့ အချစ်လို့ မဆိုနိုင်ဘူးလား.. လေစုန်ပဲဖြစ်ဖြစ်.. ဘယ်အရပ်ကပဲ လာလာ၊ လေညာအရပ်ဆိုတာ ရှိနေတာပဲမဟုတ်လား..။

"လွှာ..."

မျက်နှာအနှံ့မျက်ရည်တစ်စက် လွင့်အကျမှာ လွှာ မျက်ဝန်းအောက်ကို ဖြူဝင်းနူးညံ့သည့်ခြေအစုံ ကျရောက်လာသည်။

မြန်မာသတို့သားဝတ်စုံနှင့်တင့်တယ်ချောမွေ့နေသည့် စိုးရှာန်...

"မျက်ရည်တွေသုတ်လိုက်ပြီး ဧည့်ခံပွဲထဲကိုလိုက်ခဲ့ဦးလွှာ.. ဧည့်သည်တွေက မေးနေကြတယ်.."

လွှာ.. မျက်ရည်သုတ်ဖို့သူက လက်ကိုင်ပဝါလေး ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

လွှာလှမ်းယူတော့ လွှာ့လက်ဖဝါးလေးကို ထွေးဆုပ်၍ သူ့နားရောက်အောင် ဆွဲယူလိုက်သည်။

ထို့နောက် သူကိုယ်တိုင်ပဲ လွှာ့မျက်ရည်တွေကို တယုတယ သုတ်ပေးပြီး

"တိတ်တော့နော်၊ ကိုယ်သဝန်တိုတတ်လွန်းလို့တော့ မဟုတ်ဘူး၊ ကြာရင် ခံနိုင်ရည်မရှိမှာစိုးလို့ပါ၊ မင်းကို ကိုယ်မြတ်နိုးတယ်.."

ခေါင်းကို အတင်းငုံ့ချပစ်ကာ မျက်လုံးတွေကို မှိတ်ပစ်လိုက်တာ စိုးချာန် မြင်မည်မထင်...။

မင်္ဂလာပွဲမှာကျတော့ ဧည့်သည်တွေအားလုံးက လွှာတို့ဖြစ်ပျက်ခဲ့သမျှကို မသိကြတာလား၊ မသိချင်ယောင်ဆောင်ကြတာလား..

ဘာမှမသိသလိုပဲ ပြုံးရွှင်စွာ ဖော်ရွေနွေးထွေးဆက်ဆံနေကြတာက တကယ့်ငယ်ပေါင်းကြီးဖော်များအတိုင်းပင်...

စိုးချာန်သည်လည်း နဖတ်အိစက်နေသည့် ဇနီးချောလေး၏ လက်ကိုတွဲ၍ ပြုံးကြည့်နေသည်မှာ ဘာသံသယ ညစ်နွမ်းမှုမှ ရှိမနေ...

ခတ်ပုံတွေ တဖျတ်ဖျတ်ရိုက်ကြ၊ ဗီဒီယိုကင်မရာတွေက ရှုထောင့်အမျိုးမျိုးကနေ အမျိုးမျိုးရိုက်ကြ၊ စကြံနောက်ကြ နှင့် ဟန်လုပ်ပြုံးရယ်နေရင်းကနေ လွှာ့စိတ်ကူးလေးတွေ လူအများထဲမှာ ပျော်ဝင်စပြုလာခဲ့၏။

လူပျိုညဆိုသော အထိမ်းအမှတ် စားသောက်ပွဲဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် သူငယ်ချင်းတွေ သူ့ကိုဆွဲကြခေါ်ကြတော့ စိုးချာန် လှ့ကို တကြည့်ကြည့်နှင့်ပါသွားခဲ့လေသည်။

"လာစမ်းပါကွာ..ရှော့..တစ်ကျိုက်နှစ်ကျိုက်တော့ ချ"

"မလုပ်ပါနဲ့ကွာ၊ မင်းတို့ကလည်း ကိုယ်ချင်းမစာ လိုက်ကြတာ၊ ကျွေးဆိုလို့ ကျွေးထားလည်း အေးဆေးမစားဘူး"

"ဘာလဲကွ..ဒါ မင်းရဲ့လူပျိုနောက်ဆုံးည၊ တပျော်တပါး နှုတ်ဆက်တဲ့ပွဲ၊ နည်းနည်းတော့သောက် ရှော့.."

"ဟာ..မလုပ်ပါနဲ့.."

"မလုပ်လို့မရဘူး၊ ရှော့..နည်းနည်းကွာ၊ နည်းနည်းပဲသောက်..."

စိုးချာန်နည်းနည်းဆိုတာတွေ တစ်ယောက်ပြီးတစ်ယောက် ကမ်းပေးလာတော့ အရှိန်လေးရလာသည်။

"တော်ပြီ...တော်ပြီ..မလုပ်နဲ့၊ အရက်မူးရင် မိန်းမစိတ်ကောက်တော့မှာ"

"အံမာကွာ၊ မိန်းမတဲ့ ဟား..ဟား..ဟား.."

"ဒီကောင် စိတ်မဝင်စားဘူး၊ မဝင်စားဘူးနဲ့"

"ဘယ်ကလာ.. ငါ့ကိုပြောတုန်းက ဖေဖေတို့စီစဉ်တာ၊ သူရွေးတာမဟုတ်ဘူးတဲ့"

"ဟုတ်လား.."

"ဟုတ်ပ... ခုကျတော့ မိန်းမကိုများ ရေခဲမုန့်ဝယ်စားရင်းမဝတဲ့ကလေးလို၊ ဝေဖာခွက်ကိုပါ ဝါးစားတာမျိုး၊ မိန်းမ်မျက်နှာတကြည့်ကြည့်နဲ့ ကောက်ပဲ ဝါးစားတော့မလိုလို၊ ကောက်ပွေ့ပြီးတော့ပဲ ခေါင်းပေါ်တင်တော့မလိုလို.."





"မ..မ...မ...."

"ခွေးကောင်"

အားလုံးရယ်ထော့ရီဝေဝေ မျက်ဝန်းတွေကို မှေးစင်းရင်း သူပါရောရယ်မိသည်။

"ဒါကတော့ မင်းတို့မှ မရသေးတာ၊ ဘယ်ကိုယ်ချင်းစာတတ်မှာလဲ၊ ရွှေရုပ်လှာဆိုတဲ့ မိန်းကလေးကို ဖျတ်ခနဲ လှမ်းမြင်လိုက်ကတည်းက ရင်ခုန်သွားတာ၊ သေချာမြင်လိုက်ရတော့ သေချာသွားတယ်၊ နောက်တစ်ခါထပ်ဆုံဖြစ်တော့ သူ့ကိုလက်ထပ်နိုင်ဖို့ ငါအသည်းအသန်ကြိုးစားခဲ့ရတာ၊ လှ့ကို သူများစေ့စေ့ကြည့်မှာတောင် စိုးတယ်"

"မကြည့်ပါဘူးဗျာ.. လုံးဝကိုမကြည့်ပါဘူး၊ မင်းပဲကြည့်ပါ၊ မင်းပဲချစ်ပါ.."

"မင်း...မ...မ..."

စိုးချာန်လေးလံလာသည့် ရီဝေနေသော မျက်ဝန်းတွေကို အားယူဖွင့်၍ လက်ကနာရီကိုကြည့်လိုက်သည်။

ထိုစဉ် သူ့လက်မောင်းကို တစ်စုံတစ်ယောက်က လာချောက်ဆုပ်ကိုင်ခံလိုက်ရပြီး..

"ကောင်လေး...ထ...ထ.."

"ဟင်..."

"သွားမယ်လေ...ထ..."

"အိမ်ကိုလား.."

"အေး..."

"ပြန်မယ်..ပြန်မယ်..."



www.burmeseclassic.com

www.burmeseclassic.com



စိုးချာန်…လွှာကိုသတိရကာ ချက်ချင်းထရပ်လိုက်သည်။

"ဟာ…ဟော့ကောင်…ဘာဖြစ်တာလဲ…ဒါ… မင်းကို ဖွတ်တိုက်တဲ့ကဏ္ဍက ပြီးပါပြီ၊ ကျန်တာ ပျော်ပျော်ပါးပါးလေကွာ၊ ပြန်ထိုင်စမ်းပါ"

"ငါ….ပြန်တော့မလို့"

စိုးချာန် ဆွဲထားသည့်လက်ကို လှည့်လိမ်ရုန်းထွက်ကာ လာခေါ်သူ၏နောက်ကို ထလိုက်လာခဲ့သည်။

"ဟာ…ဒီကောင် ဘာဖြစ်သွားတာလဲ၊ ရာဇာအောင်… သွားလိုက်ပို့လိုက်ကွာ.."

"ဟာ…ပြန်ပစေ…ဒီကောင်မမူးသေးဘူး၊ ကြည့်ပါလား.. လမ်းလျှောက်သွားတာအကောင်းပဲ"

"သူ့မှာ ကားမပါဘူးကွ.."

"သူ ကားတစ်စီးစီးကို တက်မောင်းသွားမှာပါ၊ မနက်ကျမှ ပြန်ပို့လိမ့်မယ်…"

စိုးချာန်ကတော့ နောက်ကို တစ်ချက်မှ ပြန်မကြည့်တော့ဘဲ အဖြူရောင်ကားလေးတစ်စီးကို မောင်းထွက်သွားပြီဖြစ်လေသည်။

ဟိုတယ် သီးသန့်ခန်းထဲမှာ သူတို့ချည်းသာ ကျန်နေခဲ့ကြ၏။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

တစ်ကိုယ်လုံးမှာ ဝတ်ဆင်ထားသမျှ စိန်ထည်ရတနာ တွေကိုကော အဝတ်အစားများပါချွတ်လဲ၍ ဒီတိုင်းထားခဲ့ပြီး မှာ···ရေချိုးသည်။

ညဝတ်အင်္ကျီ ပါးပါးလေးဝတ်၊ သနပ်ခါးရေကျဲ လေး မိမ်းပြီးမှ ရတနာတွေကို ဘူးထဲသေသေချာချာ စီထည့်လိုက် သည်။

ဘူးသုံးဘူး သေချာစီထပ်ထားပြီးမှ မင်္ဂလာအဝတ် အစားတွေကို ချိတ်မှာ ပြန်ချိတ်၍ မှန်တင်ခုံရှေ့မှာ ဝင်ထိုင် လိုက်မိစဉ်···

"သမီးရေ···"

"ရှင်···"

လှာ အပြင်ကိုထွက်ခဲ့တော့ ဒေါ်ကြွေရုပ်က သမီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူကို သေသေချာချာ စိုက်ကြည့်လိုက်ပြီး

"မာဓိတို့ ပြန်မယ်နော်.."

"ဟုတ်ကဲ့..."

"မောင်မိုးချာန် ပြန်လာရင် အဆင်ပြေအောင် ပြောဆိုဆက်ဆံနော်သမီး—"

"ဟုတ်ကဲ့ပါ..."

လွှာ..မျက်နှာလေးချ၍ ခေါင်းညိတ်နေပြန်တော့လည်း ဒေါ်ကြွေရုပ် ဘဝင်မကျနိုင်..

သမီး အံကြိတ်ခေါင်းညိတ်နေတာလား...

တွေ့မယ်ကြည့်ဆိုပြီးတော့ 'စုသိပ်ခံစားရင်း အခွင့်အခါကို စောင့်နေခဲ့သည်လား.. စိုးရိမ်ပူပန်စွာအကဲခတ်နေခဲ့၏။

"သမီး..မာဓိကိုကြည့်စမ်း"

လွှာ..မျက်နှာလေးမော့လာတော့ မျက်ဝန်းလေးတွေကို အပြေးအလွှားပင် ကြည့်မိပြန်သည်။

လွှာ မျက်ဝန်းမှာ မျက်ရည်ရောင်လဲ့နေတာမျိုးမရှိ။

အေးစက်သော ကြွေကွဲသော ကြိတ်မှိတ်ခံစားနေရသည့် သွင်ပြင်ဟန်ပန်မျိုးလုံးဝမရှိပါ။

"ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ လက်ထပ်ခဲ့ကြပြီးပြီ။ ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက်မှာပဲ၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်မှာပဲ။ ဒါဟာ သမီးတို့ ကြားဖူးနေကျ အလွန်ရိုးအီနေတဲ့စကားဖြစ်ပေမယ့် မိန်းမဟာ ယောကျ်ားနဲ့ကွာခြားကွဲပြားနေသရွေ့ ဒီတိုင်းပဲသွားမယ့် သဘာဝတရားပဲသည်မိတဲ့ဘုရား ဟာသံပဲနားနား၊ လင်းတပဲနားနား၊ မိန်းမဘဝရဲ့ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကို သမီးစောင့်ထိန်းနားလည်စေချင်တယ်"

လှှာ ခေါင်းညိတ်ပြန်သည်။

"သမီးနားလည်ပါတယ် မာမီ"

"သမီး··ဒယ်ဒီစောင့်နေတယ်၊ ဒီစကားတွေကို သူပြော နိုင်းတာပဲ၊ ခုချိန်ထိ မာမီတို့ မပြန်နိုင်ဘဲ နောက်ဆံတင်းနေကြ တာ၊ ဒါကြောင့်ပဲသမီးရယ်·· သမီးလေး မမိုက်နဲ့နော်"

"ဟုတ်ကဲ့"

"ကိုသစ်လွင်တို့က သမီးကိုချစ်ကြပါတယ်၊ ရှေ့ဆက် မေတ္တာမပျက်အောင်နေဖို့ကိုပဲကြိုးစားပါ၊ နေရာတကာ အချစ်ကို ရှေ့တန်းတင်ပြီး မိုက်ရူးရဲမဆန်နဲ့၊ အချစ်တစ်ခုတည်းမှာ ဘဝတွေ သိက္ခာတွေ အရှက်တရားတွေအားလုံးကို သိမ်းကျုံးထုပ်ပတ်လို့ မရနိုင်ဘူး၊ ဆင်ခြင်တုံတရားနဲ့လွှမ်းခြုံမှ လုံမှာ၊ မာမီစိတ်ချမ်း သာပါရစေနော်··"

"ဟုတ်ကဲ့ မာမီ·· စိတ်ချမ်းချမ်းသာသာ ပြန်ပါ"

"ဗွတ်ဒ်နိုက်ထ်"

"ဗွတ်ဒ်နိုက်ထ် မာမီ"

ဒေါ်ကြွေရုပ် သမီးရဲ့နဖူးလေးကို အမြတ်တနိုးနမ်းလိုက် သည်။ ခြေလှမ်းမရွေ့ရသေးမီ ဖုန်းသံမြည်လာတာ ဘယ်က မှန်းမသိ။

"ဟဲလို··ကျွန်မ··ခင်မမပါ၊ ဟုတ်ပါတယ်၊ မေတ္တာရိပ် ငြိမ်ကပါရှင်···"

"-----------"

"ဟင်···ရှင်··ဘယ်လို···"



www.burmeseclassic.com

www.burmeseclassic.com



"-------------"

"ဘာလဲ…ဘယ်ကဖုန်းလဲ မမ"

ဦးသစ်လွင်၏မေးသံ…

အပြင်ကိုလှမ်းထွက်ပြီးမှ နောက်ပြန်လှည့်ကြည့်လာသည့် ဦး…

အခြေအနေက အရေးပေါ်အမှတ်သို့ ချက်ချင်းခုန်တက်သွားသောကြောင့် ဒေါ်ကြွေရုပ် လှသာ့လက်ကလေးကိုဆွဲ၍ ညှော်ခန်းဘက်ကိုထွက်လာခဲ့၏။

တကယ်ဆို ဒီတိုက်လေးက ကလေးနှစ်ယောက်အတွက် လက်ဖွဲ့ခဲ့တာ… နှစ်ဘက်မိဘတွေကတော်ကြာမှပဲ ပြန်ကြမှာဖြစ်ပြီး ဒေါ်ကြွေရုပ်တို့ ဇနီးမောင်နှံက အရင်ပြန်နှင့်မှာဖြစ်ကာ ဒေါ်ခင်မမတို့စုံတွဲက စိုးရျာန်ပြန်လာမှ ပြန်ကြမှာဖြစ်သည်။

ထို့ကြောင့် ဖုန်းလာချိန်မှာ မပြန်ဖြစ်သေးတာကြောင့် လူစုံတက်စုံရှိနေကြတာဖြစ်လေသည်။

ဒေါ်ခင်မမ ဖုန်းကိုကိုင်ရင်း နတ်ပူးသလိုတဆတ်ဆတ်တုန်ရင်နေပြီး မျက်လုံးတို့က ပြူးကျယ်ကာ ရုတ်တရက် မေးနေကြတာကိုလည်း ပြန်မဖြေနိုင်ဘဲ…

"အစ်ကို…သား…သား…လေး"

"သားလေး ဘာဖြစ်လဲ ပြောလေကွာ"

"သား…ကားမှောက်လို့ ဆေးရုံရောက်…"

"မမ…"

"မခင်မမ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမ ဖုန်းလွှတ်ကျကာ ခွေခေါက်မေ့မျောသွားသသည်။ လွှာ နှုတ်ခမ်းပါးလေးတွေ တဆတ်ဆတ် လှုပ်နေလာကာ လက်သီးလေးနှစ်ဖက်ကို တင်းကျပ်နေအောင် ဆုပ်ထားမိသည်။

သွားပြန်ပြီ တစ်ယောက်…

ရင်ထဲမှာ ပြင်းထန်စွာ တုန်ဟီးနာကျင်သွားသည်က ဘိုနဲ့ထပ်တူ အဖြစ်ဆိုးခဲ့ပြန်ပြီဟူသော အစွဲတစ်ခုကြောင့်…

မဖြစ်ရဘူး…ဦးစိုးချွန်ဘာမှ မဖြစ်ရဘူး…

ဘာမှမဖြစ်ပါနဲ့…လွှာနဲ့ပတ်သက်ပြီးတော့ မဖြစ်ပါစေနဲ့

မျက်ရည်စက်တို့ တသောသောကျလာကြပြန်သည်။

လွှာသည် သူမကိုယ်တိုင်ဘာဖြစ်နေခဲ့သည်ကို နားသည်နိုင်တော့ဘဲ ဖြစ်ခဲ့ရုံရင်ဖြင့်……

***



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

## အခန်း (၁၄)
## နေဆီးစာအောင်း

စတီးချောင်းသေးသေးလေးနဲ့ အကြိုအကြားနေရာလပ် မကျန်အောင် စိတ်ရှည်လက်ရှည်ထိုး၍ အညစ်အကြေးတွေ ကုန်စင်သွားသည်အထိ အနုစိတ်မွမ်းမံလိုက်သည်။

မသိတဲ့လူဘေးကကြည့်နေလျှင် သူဟာ ပန်းပုထုနေသည့် ဆရာကြီးတစ်ဦးလိုလို‥ ဘေးတိုက်မှန်ထဲမှာပေါ်နေသည့် ကိုယ့်ပုံစံကို အမှတ်တမဲ့လှမ်းကြည့်မိပြီးပြုံးလိုက်မိသည်။

တစ်စစ စိမ်းညို့ညို့ကျောက်သားပေါ်မှာ ရင်လေးကော့ကော့ တင်ဂါလေးဖွံ့လျှက် မျက်နှာလေးကိုလည်း ပြန်မော့နေသည့် ရိုးရာဝတ်စုံနှင့်အမျိုးသမီးပုံ၏ ကောက်ကြောင်းမှုံလှကအသေးစိတ်ကအစ ပီပြင်လာသည်။

ဘာလူမျိုး‥ဘာဝတ်စုံမှန်း သူမသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ထွင်းထုထားသည့်ကျောက်ပြားပေါ်က မင်းသမီး၏ ကြွရှုပေါ်လွင်နေသော အလှကိုတော့ မချီးကျူးဘဲ မနေနိုင်။

ပုံသည် အင်္ဂါမစုံဘဲ မညီမညာကွေ့ဝိုက်ပဲ့ကျနေသော အစွန်း ဒီဘက်မှာသာ ကျန်နေသ၍ အစိတ်အပိုင်းတို့ကလှပနေခြင်းဖြစ်သည်။

ဒီပစ္စည်းလေးကို ဒီပြင်ပစ္စည်းတစ်ခုခုထုတ်ဖြစ်ရင်း သိမ်းဆည်းရင်း မကြာခဏမြင်နေပေမယ့် ခုလိုစိတ်ဝင်တစား ရှုပြင်မွှမ်းမံဖို့ထိတော့ မထက်သန်ခဲ့ပေ။

ဒီနေ့ကျမှ စိတ်ထဲမှာ ဒါကိုသတိတရကြီးတွေးဖြစ်နေတာ ထုတ်ယူလိုက်မိခြင်းဖြစ်သည်။

ထုတ်ကြည့်ရင်း သေချာဆေးကြောသန့်စင်ဖို့ထိ စိတ်ကူးခဲ့မိသည်။

"ဘာလုပ်နေတာလဲသား"

"ဗျာ..."

ကျောဘက်က ဖေဖေဝင်လာတာကို သတိမထားမိလိုက်..။

ထမင်ဖုံးကွယ်ချင်တာတော့ မဟုတ်ပါ။

ဒါပေမဲ့ ဒီကျောက်ပြားလေးကိစ္စက အထူးတလည် မျိုးစ်သိမ်းဆည်းထားတာမဟုတ်ဘဲ ဘယ်သူ့ကိုမှလည်း အသိပေးခဲ့မိတာ နှစ်ပေါင်းကြာခဲ့ပြီ။

ထို့ကြောင့် ဖေဖေ ရုတ်တရက်ဝင်လာတော့ ကိုယ်က ဖွာထားခဲ့တာမဟုတ်ပါဘဲ ဖေဖေ မြင်သွားရို့ ပြောလိုက်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာမျိုး မဖြစ်ချင်တာကြောင့် စိတ်က မလုံမလဲနှင့် ဖျတ်ခနဲ မော့ကြည့်လိုက်မိ၏။

"ကျွန်တော်ဒီပစ္စည်းလေးကို သတိရလို့ထုတ်ယူပြီး ချေးချွတ်နေတာ"

"ဘာပစ္စည်းခဲ့ အားရဲ့…"

ပြောပြောဆိုဆို ဦးမိုးမြင့်က အနားမှာလာရပ်ရင်း ကျောက်ပြားလေးကိုသေချာငုံ့ကိုင်းကြည့်ပြီး

"ဘာလဲ… သားပစ္စည်းကတွင်းထွက်ရတနာတစ်ခုလိုပဲ"

ရတနာကုန်သည် စိန်ပွဲစား၊ ကျောက်ပွဲစား ဦးမိုးမြင့်က ပစ္စည်းအရည်အသွေးကိုမြင်တာနဲ့ ဒတ်ခနဲသိလိုက်ပြီးဖြစ်ကာ

"ဖေဖေ့ကိုပြစမ်း"

သေချာကိုင်ကြည့်လိုက်သည်တွင်

"ဟာ…တော်တော်ကောင်းတဲ့အနှစ်ပဲ၊ အပေါ်လွှာမှာ အနှစ်မပေါက်အောင် ထုထားတဲ့အရပ်ကလည်းကြွနေတာပဲ၊ သား ဒါဘယ်ကရတာလဲ၊ ဘာဖြစ်လို့ တစ်ခြမ်းပဲ့နေရတာလဲ"

"ကျွန်တော်တို့ရွာနားက မြို့ဟောင်းတစ်နေရာကပါ ဖေဖေ… အုတ်ကျိုးအုတ်ပဲ့တစ်ခုလိုကောက်ယူခဲ့မိတာပါ…"

"ကျောက်စိမ်းဆိုတာ မသိဘူးလား"

"ယူလာခဲ့တုန်းက မသိဘူးဖေဖေ၊ ဖေဖေတို့နဲ့ မတွေ့ခင် နှစ်နှစ်လောက်က ဒီပေါ်ကပုံလေးကိုပဲ မက်ပြီးကောက်သွားခဲ့တာ"

"ယူလာကတည်းက ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဖေဖေ၊ ကျွန်တော့်ဆီမှာ ပါလာတာတော့ ဒီတစ်ခြမ်းပါပဲ"

သူ မုသားပြောတာတော့မဟုတ်ပါ။

တစ်ခြမ်းက ဘယ်မှာဆိုတာ ထည့်ပြောဖို့ မလိုဟုထင်သောကြောင့် . မပြောဖြစ်တာပဲဖြစ်၏။

ဦးမိုးမြင့်က ကျောက်စိမ်းပြားလေးကို ပြန်ချထားလိုက်ပြီး ခုံဆွဲ၍ အနားမှာထိုင်လိုက်သည်။

ဦးမိုးမြင့်က မွေးစားဖခင်ဆိုပေမယ့် သူ့အပေါ်သား အရင်းလိုပဲ နွေးထွေးနူးညံ့တဲ့သူပါ။

မေမေ ဒေါ်သန္တာချိုကျတော့ နုနုလှလှလေးပေမယ့် သူနဲ့ ဆုံဆည်းခဲ့စဉ်ကတည်းက ရောဂါဝေဒနာသည်ဖြစ်သည်။

ပုဂံမှာ စေတီတော်ကိုးဆူ တိတိကို အရပ်မျက်နှာအလိုက် အမိဋ္ဌာန်၍ တရားစခန်းဝင်ဖို့ရောက်လာကြသည့် ဦးမိုးမြင့်၊ ဒေါ်သန္တာချိုတို့မှာ သားထောက်သမီးခံမရှိကြတာ အစကတည်းက...

ရွာမှာတည်းခိုကြတာမို့ စပ်မိစပ်ရာပြောဆိုတွေ့ဆုံကြရင်း နေထီးဆောင်းဆိုသော နာမည်ကိုရော လူကိုပါ စိတ်ဝင်စားခဲ့တာလည်း ဒေါ်သန္တာချိုပဲဖြစ်၏။

"နာမည်လေးက လှလိုက်တာ၊ သားကလည်း လူချော လေးပဲ၊ ဒီရွာမှာပဲ နေတာလား"

ထိုသို့ မေးမြန်းသိကျွမ်းကြကာ ကျန်းမာရေး မကောင်းတော့သည့် နဂိုကတည်းက ဒုက္ခိတဖြစ်နေခဲ့ရှာသော ဘကြီး ကိုယ်တိုင် နေထီးဆောင်းကို ဦးမိုးမြင့်လက်ထဲသို့အပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က သူ့အဖေရဲ့အစ်ကိုပါ၊ ဒါပေမဲ့ ကလေးက ကျုပ်ကိုပြန်ပြီး စောင့်ရှောက်နေရတဲ့အဖြစ်ပဲရှိပါတော့တယ်၊ ဦးမိုးမြင့်တို့လို မြို့ပြက လူကုံထံတွေလက်ထဲမှာ ကျုပ်တူလေးကို အနာဂတ်ကောင်းမွန်အောင် ထည့်ပေးလိုက်ချင်တာ အမှန်ပါပဲ..."

ကံကြမ္မာက ရက်စက်သည်။

ဘကြီးဟာ နေထီးဆောင်းအတွက် စိတ်ချရမယ့်သူတွေ့သွားၡလား... မီးဇာကုန်ဆီခမ်းနေသည့်အချိန် တကယ်ဖြစ်ခဲ့တာလားမသိ... ထိုအချိန်အတွင်းမှာပဲ ဆုံးပါးသွားခဲ့သည်။

ထို့ကြောင့် နေထီးဆောင်း...ဦးမိုးမြင့်၏သားဖြစ်သွားခဲ့သည်။ အဖြစ်အပျက်တို့က ဖြစ်ရိုးဖြစ်စဉ်လေးတစ်ခုပါပဲ။

သို့သော်...နေထီးဆောင်း၏ဘဝကတော့ မြေပြင်နဲ့ ကောင်းကင်လို လုံးဝခြားနားသွားခဲ့သည်။

ကမ္ဘာကြီး လုံးဝန်းနေသည်မို့ မိုးကုတ်စက်ဝိုင်းတစ်နေရာမှာ ထိစပ်နေသည်လား.... အရင်တစ်ချိန်က နေထီးဆောင်းကတော့ ကမ္ဘာခြားတစ်ခုမှာ လုံးဝကျွန်ခဲ့ပြီဖြစ်လေသည်။

ဒေါ်သန္တာချို ဆုံးသွားတော့ ဦးမိုးမြင့်က နေထီးဆောင်းအပေါ်ပို၍ ရင်းနှီးလာသည်။ အားကိုးလာသည်။

ခုဆို..နေထီးဆောင်းကို ဦးမိုးမြင့်အတော်အားကိုးနေရပြီ။

"သားကို ဖေဖေပြောစရာရှိတယ်ကွ"

ဦးမိုးမြင့်စကား စလာလိုက်ပြီး နေထီးဆောင်းကို ကြည့်သည်။

သူက လုပ်လက်စတို့ကိုဘေးဖယ်ထားလိုက်၍ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



အက်လှည့်ပြီး

"ဘာလဲ ဖေဖေ..."

"သိုင်းဝိုင်းပြောရမှာလည်း သိပ်ဝါသနာမပါဘူးကွ၊ ငါ့သားကို ဖေဖေ မိန်းမပေးစားဖို့ စိတ်ကူးမိတယ်၊ တွေ့လည်း တွေ့ထားတယ်၊ စကားလည်းစခဲ့တယ်၊ ဟိုဘက်က အတိုင်း အတာ လွှမ်းအောင် ကြည်ဖြူနေတာလည်းသိသာတယ်၊ ငါ့သား သဘောတစ်ခုပဲ လိုတော့တာ"

"ဗျာ.."

တည့်တည့်ကြီးပြောချကာ အပြီးသတ်ထိ သေချာနေ ဖြစ်သည့် မင်္ဂလာကိစ္စဆိုတာကို သူဘက်ထွက်ပေါက်ဆီပြေး ပြင်းရမှန်းမသိ။

ဦးမိုးမြင့်က သူ့ကိုကြည့်ပြီးပြုံးလိုက်သည်။

"ငါ့သားကိုကြည့်ရတာ ဖေဖေက ပြောဆိုစီစဉ်ပြီးမှ ပြာတော့ ငြင်းဖို့ခက်နေတယ်၊ ဒါပေမယ့် သဘောမကျဘူး ဟုတ်လား"

ဖေဖေဟာ စိန်ကဲ ကျောက်ကဲ ခတ်ရာမှာတင်တော်တာ ဟုတ်ဘူးဆိုတာ သူလက်ခံသွားသည်။

ပြုံးလိုက်မိသည့်သူ့ကိုကြည့်၍ ဦးမိုးမြင့်က ခေါင်း တ်သည်။

"ကောင်းပြီ..ဒါဆိုဖေဖေမေးမယ်၊ သားမှာချစ်သူ လား"

"မရှိပါဘူး"

"ဒါဆို ဒီအရွယ်ရောက်နေတဲ့သားကို မိဘက အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချပေးဖို့ စီစဉ်တာ သဘာဝမကျဘူးလား"

"ကျပါတယ်"

"သားက လက်မခံနိုင်ဘူးလား"

"မခံနိုင်သေးတာပါ"

"စဉ်းစားခွင့်တောင်းဖို့အထိတော့ ဖေဖေက မလိုက်လျောချင်ဘူး၊ ဒီလောက်ထိ ဖေဖေတို့ဘက်က မာနမကြီးသင့်ဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက စကားစလိုက်တာနဲ့ သူတို့ဘက်က မင်္ဂလာကိစ္စကို စီစဉ်ချင်တာ၊ သူတို့မှာ အကြောင်းရှိတယ်၊ ကိုထွန်းဝတို့က လားရှိုးကိုအပြီးပြောင်းတော့မှာ၊ သမီးလေးကို ခေါ်လို့မရဘူး၊ မိန်းကလေးက ရန်ကုန်မှာ အလှပြင်ဆိုင်ဖွင့်ထားပြီ အတော်လေးအဆင်ပြေနေတာရယ်၊ ဟိုကိုမလိုက်ချင်တာရယ် အကြောင်းပြပြီး ဒီမှာထားခဲ့ရမလိုဖြစ်နေတော့"

သူ ခေါင်းညိတ်၍ ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။

"ကျွန်တော် သဘောပေါက်ပြီ"

"အေး...ဖေဖေပဲဆက်ပြောမယ်၊ အဲဒါကြောင့် မိန်းကလေးကိုထားခဲ့ဖို့ထိဖြစ်လာတဲ့အကြောင်းထဲမှာ စိတ်ချရ အောင် သင့်တော်တဲ့လူနဲ့ တစ်ခါတည်းလက်ထပ်ပေးခဲ့ချင်တယ်ကွာ"

"အလှပြင်ဆိုင်က ဆရာမဆိုတော့ ခေတ်မီတဲ့မိန်းကလေးပဲဖြစ်မှာပါ၊ သူက ဒါကိုလက်ခံသတဲ့လားဖေဖေ၊ ပြီးတော့ မိဘနဲ့မလိုက်ချင်တာဟာ လွတ်လပ်မှုကို မက်မောလို့လို့ ထင်တယ်၊ ဒီလိုမိန်းကလေးက အိမ်ထောင်ပြုဖို့ကို ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်ပါမလား၊ သူ့ရင်ထဲမှာ ရန်ကုန်မှာနေချင်တဲ့အကြောင်း တစ်ခုခုရှိမနေဘူးလို့လည်း မပြောနိုင်ဘူး၊ ကိုယ်ကလည်း အင်တင်တင်၊ သူ့ဘက်ကလည်း ကဗျာတွေ စာတွေရှိပြီးသားဆို ဘယ်ကောင်းတော့မလဲ"

"ဟား..ဟား..ဟား..ဟား.."

ပွင့်လင်းသူဗီဗီ ဦးမိုးမြင့်က ဟက်ဟက်ပက်ပက်ရယ် ချလိုက်သည်။ ပြီးတော့ သူ့ပခုံးကို ခပ်ဖျစ်ဖျစ်လှမ်းဆုပ်ကိုင် လိုက်ပြီး

"ကောင်မလေးမှာ ရည်းစားရှိနေမှာစိုးတာလား၊ ဖေဖေ တော့မထင်ပါဘူးကွာ၊ မင်းမလိုချင်လို့ ချေးထူးနေတာ မဟုတ် လား.."

"ဒီလိုလည်း မဟုတ်ပါဘူး..ကျွန်တော်.."

ဦးမိုးမြင့်က စကားဆက်ခွင့်မပေးဘဲ လက်ကာပြလိုက် ပြီး..

"စိမ်းညိုလွင်ဆိုတာ.. ဘားသိလား.."

"ဦးထွန်းဝကို ကျွန်တော်သိပါတယ်၊ သူ့သမီးကို တော့ ဘယ်သူဘက်ဝါဆိုတာ မသိဘူး"

"အေး...ကောင်မလေးက သားကိုသိတယ်၊ မြင်ဖူး တယ်၊ ဖေဖေထင်တာပြောရရင် ကောင်မလေးကိုယ်တိုင်က သားကိုမြင်ဖူးပြီး စေ့စပ်တာကို သဘောတူလိုက်တာပဲ"

နေထီးဆောင်းစိတ်ညစ်သွားသည်။ ဖြစ်ချင်တော့လည်း ချက်ချင်းကြီးပါလား။

"ငါ့သားက ကျောင်းတက်နောက်ကျလို့ အဆက်လွန်



www.burmeseclassic.com

www.burmeseclassic.com



မှဘွဲ့ရတာ၊ တကယ်ဆို အိမ်ထောင်ပြုသင့်နေပါပြီ၊ ချစ်သူလည်း မရှိဘူးဆိုတော့ လက်ခံဖို့ပဲ စဉ်းစားကွာ၊ စိမ်းညို့လွင်ကို သွားတွေ့လိုက်ပါ၊ အကဲခတ်လေ့လာရင်းပေါ့၊ မဖြစ်မနေ အတင်းအကျပ်စီစဉ်ပေးမှာမျိုးတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ တစ်ခွန်းစ နှစ်ခွန်းစ စကားလွန်သွားတာရှိတယ်၊ ဖြစ်လည်းဖြစ်စေချင်တယ်၊ ငါ့သားလက်ခံနိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့ကွာ၊ ငြင်းမယ်ဆိုလည်း ငြင်းခွင့်ရှိပါတယ်''

သူ သက်ပြင်းချ၍ ခပ်ယဲ့ယဲ့ပြုံးမိ၏။

''ခေါင်းညိတ်ပြီးပြီ လို့သာမှတ်လိုက်ပါတော့ ဖေဖေ''

ရင်ထဲမှာသာ မြည်တမ်းမိ၍·····

✳✳✳

## အခန်း (၁၅)

မျက်နှာလေးက သွယ်သည်၊ ကိုယ်လုံးက ပါးပါးနွဲ့နွဲ့လေးပေမယ့် အရပ်မြင့်သူတစ်ဦးမို့ ကြည့်ကောင်းပါသည်။

ဆံပင်ကတော့ ယောကျ်ားဆံပင်လို တိုကပ်ကပ် ပါးပါးလေးမို့ မိန်းကလေးနဲ့ ဆံပင်ပုံက သိပ်ကြည့်မကောင်း။

ဒါပေမဲ့ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်လေးနှင့် ရောင်စုံနားကွင်းဝိုင်းကြီးတွေ တလှုပ်လှုပ် ပန်ထားတတ်သည့် မျက်နှာလေးက အမြဲတက်ကြွနေတတ်သဖြင့် စိတ်ချမ်းမြေ့စရာ မျက်နှာလေးဟုတော့ မှတ်ချက်ချမိရသည်။

တစ်ခုရှိသည်ကား စိမ်းညို့လွင်ဆိုသော အလှပြင်ဆရာမဆိုသည့် မိန်းကလေးသည် လိုတာထက်ပို၍ ကျပ်ကပ်နေသော ဟိုမရောက် ဒီမရောက် တိုနံ့နံ့ အင်္ကျီနှင့် ဟိုက်တာတွေ ရှိုက်တာတွေကို ဝတ်ရဲတာကတော့ လွန်လွန်းသည်ဟုထင်၏။

အင်း··နောင်အနာဂတ်ရောက်လာမယ့် သဏ္ဍာရှင် နှစ်ထောင်မှာပေါ့···

ထိုအချိန်မှာ သူနဲ့ကိုယ်ဟာ သားပျို သမီးပျိုတွေနဲ့





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မျက်နှာလေးက သွယ်သည်၊ ကိုယ်လုံးက ပါးပါးနွဲ့နွဲ့လေးပေမယ့် အရပ်မြင့်သူတစ်ဦးမို့ ကြည့်ကောင်းပါသည်။

ဆံပင်ကတော့ ယောက်ျားဆံပင်လို တိုကပ်ကပ် ပါးပါးလေးမို့ မိန်းကလေးနဲ့ ဆံပင်ပုံက သိပ်ကြည့်မကောင်း။

ဒါပေမဲ့ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်လေးနှင့် ရောင်စုံနားကွင်းဝိုင်းကြီးတွေ တလှုပ်လှုပ် ပန်ထားတတ်သည့် မျက်နှာလေးက အမြဲတက်ကြွနေတတ်သဖြင့် စိတ်ချမ်းမြေ့စရာ မျက်နှာလေးဟုတော့ မှတ်ချက်ချမိရသည်။

တစ်ခုရှိသည်ကား စိမ်းညို့လွှင်ဆိုသော် အလှပြင်ဆရာမဆိုသည့် မိန်းကလေးသည် လိုတာထက်ပို၍ ကျပ်ကပ်နေသော ဟိုမရောက် ဒီမရောက် တိုနံ့နံ့ အင်္ကျီနှင့် ဟိုက်တာတွေ ရှိုက်တာတွေကို ဝတ်ရဲတာကတော့ လွန်လွန်းသည်ဟုထင်၏။

အင်း..နောင်အနာဂတ်ရောက်လာမယ့် သက္ကရာဇ်နှစ်ထောင်မှာပေါ့...

ထိုအချိန်မှာ သူနဲ့ကိုယ်ဟာ သားပျို သမီးပျိုတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဥပုသ်ကျောင်းကိုသွားရတော့မယ့်အရွယ်တွေလည်း ဖြစ်နေပေပေမယ့် ထိုသားထိုသမီးတွေကို သူမ ဘယ်လိုပြင်ဆင်ပေးမှာလဲ။

ခုတောင် ဤမျှ ခေတ်လွန်ပြင်ဆင်နေသည့် မိန်းကလေးဟာ နောင်တိုးတက်ပြောင်းလဲလာမယ့်နှစ်များစွာ နောက်မှာ ဘယ်လောက်ထိ ခေတ်ရေစီးမှာ စီးမျောမလဲ…

မျက်နှာထက်က ရောင်စုံကာလာတို့က လှပနေပေ မယ့် သူပင့်သက်ရှိုက်မိ၏။

"ကိုနေ..ဘာဖြစ်လို့ စိမ်းကို မှန်ထဲက ခဏခဏ ကြည့်နေတာလဲ"

မေးလာတော့ ကားမောင်းရင် သူပြုံးမိသည်။

"မင်းလှလို့ကြည့်တာပါ"

စိမ်းညို့လွင်က ပခုံးလေးတွန့်ရယ်သည်။

နားဆွဲလေးလှုပ်ခတ်သွားပုံက မျက်နှာသွယ်သွယ်နုနုလေးနှင့်ချစ်စဖွယ်လေးဖြစ်သွား၏။

"ကိုနေ…တစ်ခုခုမပြောတော့ဘူးလား"

"ဘာပြောရမှာလဲ"

"အင်း..ဘာလဲတော့မသိဘူး၊ တစ်ခုခုမေးတာ မြန်းတာမျိုးပေါ့"

သူခေါင်းခါစဉ် ကားကို ဦးဝိစာရလမ်းဘက်ကွေ့ဝင်လိုက်ပြီး

"စိတ်ကူးထဲမှာတော့ ဘာမှမရှိဘူး၊ မင်းမေးချင်တာ ရှိရင်မေးလေ"

"ရှိတယ်.. ကိုနေ အမှန်အတိုင်းဖြေမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းဆိုတာ နားထောင်လက်ခံတဲ့သူက ဆုံးဖြတ်ဖို့ပဲလိုတာပါ၊ တို့က အမှန်ပြောပေမယ့် မင်းက ညာတာလို့ထင်ရင်လည်း ရတာပဲ"

"ဘာလဲ..စိမ်းကို ယုံနိုင်းတာလား"

"တို့ ဘာမှကို မစရသေးဘူး၊ ကိုဖြေမှာကို မကြားခဲ့ရင် မမေးနဲ့လေ"

"ခစ်...ခစ်..."

စိမ်းညို့လွင်က လက်ဖျားလေး ပါးစပ်ထဲထည့်၍ အသံထွက်ရယ်သည်။

"ကိုနေက စိမ်းထင်ထားတာထက်တောင် ခင်ဖို့ကောင်းသေးတယ်"

ပြောပြီး သူ့ဘက်ကို ကိုယ်လေးတခြမ်းစောင်းထိုင်လိုက်သည်။

"ဒါဆိုမေးမယ်နော်၊ ကိုနေ့မှာချစ်သူရှိဖူးလား"

"မရှိဘူး"

"မရှိတာလား၊ မရှာတာလား"

"မရှာလို့ မရှိတာဖြစ်မယ်"

"ဘာဖြစ်လို့ မရှာတာလဲဟင်"

"မရှာချင်လို့ မရှာတာ"

"ဟင်..ကိုနေကလဲ..."

စိမ်းက နှုတ်ခမ်းလေးစူသည်။

ခုနလေးတင်ပဲ အိမ်မှာ စကားခဏပြောပြီး ပန်းချီပြခန်းတစ်ခုကို သွားဖို့အတူထွက်လာကြတာ..



www.burmeseclassic.com

www.burmeseclassic.com



စိမ်းရဲ့သွက်လက်မှုကြောင့် ရင်းနှီးမှုက အချိန်တိုတို လေးအတွင်းမှာ ပိုပိုမိုမိုလေးဖြစ်သွားခဲ့သည်။

"ကိုနေက တကယ်ချောတာ‥"

"ဟုတ်လို့လား"

"အင်း… အဲဒါ ရှည်ရှည်ဝေးမရှိဘူးဆိုတော့ယုံရခက်နေတယ်"

"ချောရင် ရည်းစားထားကြမှာပေါ့"

"များသောအားဖြင့်ပေါ့"

"ဒါဆို မင်းလည်း ရည်းစားရှိတယ်ပေါ့"

စိမ်းမျက်နှာလေး ကွက်ခနဲပျက်၏။

ဒါပေမဲ့ ချက်ခြင်းရယ်ပစ်လိုက်ကာ ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်သည်။

"စိမ်းကို ချောတယ်လို့ ပြောလိုက်တာလား၊ ဟုတ်တိ ပတ်တိတော့ မရှိခဲ့ပါဘူး"

သူက မီးပွိုင့်မှာ ကားကိုရပ်ပစ်လိုက်ပြီး ရယ်တော့ စိမ်းက မျက်နှာလေးငုံ့ကြည့်လာကာ

"ကိုနေက မယုံဘူးလား၊ တကယ်ပြောတာ၊ စိမ်းကို အားနာလောက်အောင် လိုက်တဲ့ ယောကျ်ားတွေ သနားလာအောင် ဒူးထောက်နေကြတာတွေ တကယ်အများကြီးပဲ၊ စိမ်းပြန်ကို မကြိုက်ခဲ့ဘူး၊ ခုထိ ရည်းစားမထားဖူးဘူးဆိုတာတကယ်‥"

သူ ပြုံးစစနှင့်ဖျတ်ခနဲ ငဲ့ကြည့်မိ၏။

"တို့ဘာမှလည်း မစွပ်စွဲရသေးပါလား"

"သွားပါ‥သူပဲ မယုံသလိုလို ဘာလိုလိုနဲ့"

စိမ်းပုံစံ သမီးရည်းစားစိတ်ကောက်နေသလိုမျိုး‥





နှုတ်ခမ်းလေးစူ၍ မေးလေးဆတ်၍ မျက်နှာလွှဲနေသည်။

သူ့ရင်ထဲမှာ ဘယ်နေရာမှာမှ ထိရှမသွားဘဲ သာယာ ကြည်နူးခြင်းလည်းမဖြစ်။ နှုတ်ခမ်းစူနေတာကိုလည်း စိတ် မဝင်စားဖြစ်ဘဲ အနားမှာ မိန်းမချောလေးတစ်ယောက်ရှိနေသည့် အဖြစ်ဟာလည်း ဘာမှမဟုတ်ဘဲ ဖြစ်နေပြန်သည်။

ပန်းချီပြခန်းရောက်တော့ နှစ်ယောက်အတူ လျှောက် ကြည့်နေဆဲ‥

"ဟင်‥စိမ်း…"

စိမ်းဘက်က မျက်နှာချင်းဆို ဘွားခနဲပေါ်လာသူတစ် ယောက်၊ အရပ်မြင့်မြင့် အသားလတ်လတ်နှင့် ဝတ်စားထားပုံ ကတော့ ရုပ်ရှင်မင်းသားရှုံးလောက်သည်။

မျက်နှာမှာ ဝက်ခြံဖုအနည်းငယ်ရှိ၍ မေးစင်းသောမျက် ခ်နှ်း၊ ပါးလှသော နှုတ်ခမ်းတို့က မျက်နှာကိုအေးစက်ခက်ထန် နေသကဲ့သို့ ရှိကာ‥

"စိမ်း…"

သူ့ကိုကြည့်၍ ရှေ့မှာဝိတ်ရပ်ကာ ခေါ်လိုက်သံကို နား ထည်လိုက်သည်။ ထို့ကြောင့် သူရှေ့ဆက်လျှောက်လာခဲ့လိုက်၏။

သူတို့နှစ်ယောက် ဘာတွေ အချေအတင်ဖြစ်နေကြမှန်း သိဘဲ ပြခန်းထဲမှာ သူ တစ်ပတ်ပြန်ပတ်ပြီးတော့မှ စိမ်း ရောက် လာသည်။

"ဆောရီးနော် ကိုနေ… သူငယ်ချင်းကိစ္စအတွက် ဖြေ ရှင်းပေးနေရလို့၊ စောစောကလူက ကိုထွတ်လွင်တဲ့၊ လျှပ်စစ် ဝန်မာစတိုးဆိုင်ကြီးဖွင့်ထားတယ်၊ စိမ်းသူငယ်ချင်းရဲ့ချစ်သူ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးစူ၍ မေးလေးဆတ်၍ မျက်နှာလွှဲနေသည်။

သူ့ရင်ထဲမှာ ဘယ်နေရာမှာမှ ထိရှမသွားဘဲ သာယာကြည်နူးခြင်းလည်းမဖြစ်။ နှုတ်ခမ်းစူနေတာကိုလည်း စိတ်မဝင်စားဖြစ်ဘဲ အနားမှာ မိန်းမချောလေးတစ်ယောက်ရှိနေသည့်အဖြစ်ဟာလည်း ဘာမှမဟုတ်ဘဲ ဖြစ်နေပြန်သည်။

ပန်းချီပြခန်းရောက်တော့ နှစ်ယောက်အတူ လျှောက်ကြည့်နေဆဲ··

"ဟင်··စိမ်း···"

စိမ်းဘက်က မျက်နှာချင်းဆို ဘွားခနဲပေါ်လာသူတစ်ယောက်၊ အရပ်မြင့်မြင့် အသားလတ်လတ်နှင့် ဝတ်စားထားပုံကတော့ ရုပ်ရှင်မင်းသားရှုံးလောက်သည်။

မျက်နှာမှာ ဝက်ခြံဖုအနည်းငယ်ရှိ၍ မေးစင်းသောမျက်ဝန်း၊ ပါးလှသော နှုတ်ခမ်းတို့က မျက်နှာကိုအေးစက်ခက်ထန်နေသကဲ့သို့ ရှိကာ··

"စိမ်း···"

သူ့ကိုကြည့်၍ ရှေ့မှာပိတ်ရပ်ကာ ခေါ်လိုက်သံကို နားထည်လိုက်သည်။ ထို့ကြောင့် သူရှေ့ဆက်လျှောက်လာခဲ့လိုက်၏။

သူတို့နှစ်ယောက် ဘာတွေ အချေအတင်ဖြစ်နေကြမှန်းသိဘဲ ပြခန်းထဲမှာ သူ တစ်ပတ်ပြန်ပတ်ပြီးတော့မှ စိမ်း ရောက်လာသည်။

"ဆောရီးနော် ကိုနေ··· သူငယ်ချင်းကိစ္စအတွက် ဖြေရှင်းပေးနေရလို့၊ စောစောကလူက ကိုထွတ်လွင်တဲ့၊ လျှပ်စစ်ဌာနမှာစတိုးဆိုင်ကြီးဖွင့်ထားတယ်၊ စိမ်းသူငယ်ချင်းရဲ့ချစ်သူ"

www.burmeseclassic.com



"ဟုတ်လား‥"

"စိမ်းက ကိုနေနဲ့တောင် မိတ်ဆက်ပေးမလို့"

"ရတယ်လေ‥ဘာမှမှမဆိုင်ဘဲ"

စိမ်းက သူ့မျက်နှာကို စိုက်ခနဲကြည့်၍ ခဏငြိမ်သွားသည်။ သူလှည့်ထွက်လာတော့ နောက်ကထွက်လိုက်လာပြီး

"ကိုနေ‥ဘာလာရှာတာလဲဟင်၊ တွေ့လား"

"အင်း‥‥စိတ်ကူးလေးတစ်ခုရှိလို့၊ လက်ရာတွေကို လာကြည့်တာပါ၊ မတွေ့ပါဘူး"

"အခု ဘယ်သွားမှာလဲ"

"တို့ကတော့ ဒါပါပဲ၊ မင်းဘယ်သွားချင်လဲပြောလေ၊ လိုက်ပို့မယ်‥"

"ကောင်းတယ်‥ ဒါဆို စိမ်းတို့ ကရဝိတ်မှာ တစ်ခုခု သွားစားရအောင်"

သူ ခေါင်းညိတ်လိုက်တော့ စိမ်းက သူ့လက်မောင်းကို ဖွဖွလေးဆုပ်ကိုင်လာ၏။ ကားပေါ်တက်ပြီး ပန်းချီပြခန်းရှေ့က ပြန်အဆုတ်မှာ မလှမ်းမကမ်းကွမ်းယာဆိုင်လေးရှေ့က မျက်နှာတစ်ခုကိုဖျတ်ခနဲ မြင်လိုက်၏။

သူပြုံး၍မှန်ထဲကတဆင့် လှမ်းကြည့်တော့ စိမ်းမျက်ဝန်းလေးတွေ ထိုဆီမှဖျတ်ခနဲ ပြေးထွက်သွားတာကို လမ်းခုလုပ်မှာပဲ မိ၏။

ဖေဖေရေ‥‥ဖေဖေ့ချွေးမလောင်းကို ကျွန်တော်ရင်ခုန်နေပါပြီ‥‥ကြောက်လို့‥‥‥။

✻✻✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကားကို ခပ်ကျဉ်းကျဉ်းလမ်းထဲကို ဘီးလိမ့်ရုံလေးဝင် ာခဲ့ရင်း လမ်း၏ လက်ဝဲဘက်အခြမ်းကိုသေချာကြည့်လာခဲ့ ည်။

"ခရေလမ်းသွယ်ကိုးတဲ့၊ တည့်တည့်ဝင်သွားရင် ဘယ် က်ခြမ်းမှာရှိတယ်၊ ဆိုင်းဘုတ်အဝါရောင်လေးနဲ့ နှစ်ထပ်ပျဉ် ထောင်အိမ်ကြီးပဲ"

ကြည်လွင်သေချာပြောပြလိုက်တာ ဖြစ်သည်။ တွေ့ပြီ

"ပန်းချီဆရာ ဦးသိုက်အောင်"

"အဲဒီ ပန်းချီဆရာက တော်တော်နာမည်ကြီးတယ်ကွ၊ သစ် အပေါင်း ချုံချုံ အားလုံးလက်ခံတယ်၊ လက်ရာ ကောင်း ယ်၊ ငါ့ဖားသားကြီးဆို လက်စွဲပဲ""" တဲ့။

သူ အိမ်ရှေ့မှာ ကားရပ်ပြီး လက်ဆွဲအိတ်လေးထဲမှာ ချာထည့်ထားသည့် ပစ္စည်းကိုဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းသွယ်ခပ်ကျဉ်းကျဉ်းလေးထဲမှာနေပေမယ့် ဆင်းရဲသားရပ်ကွက်လေးထဲမှာဖြစ်သည့်တိုင် ပန်းချီဆရာ့အိမ်က ခေတ်မီ အိမ်ထောင်ပရိဘောဂများနှင့် ပြောင်လက်တောက်ပနေသည်။

ညှို့ခန်းကျယ်ထဲမှာ ရှိုးကေ့စ်ကြီးတစ်ခုပေါ်မှာတင်ထားသည့် စောင်းကောက်ကြီးတစ်လက်က ဝင့်ကြွားလှပနေ၏။

"ထိုင်ပါကွယ်၊ အန်တီ အစ်ကို့ကိုသွားခေါ်လိုက်ပါ့မယ်"

ခပ်ရင့်ရင့် အမျိုးသမီးကြီးက သူ့ကိုပေါ်လစ်ရောင်ပြောင်နေသည့် ကျွန်းကုလားထိုင်ကြီးများမှာ နေရာချထားပေးကာ အထဲဝင်သွား၏။

တအောင့်ကြာတော့ နဖူးကျယ်ကျယ် အရပ်ပုပုနှင့် ရှပ်အင်္ကျီအဖြူလက်ရှည်ကို ကြယ်သီးစုံတပ်၍ ဝတ်ထားသည့် လူကြီးတစ်ယောက်နှင့်အတူ အမျိုးသမီးထွက်လာကာ သူမက အပြင်ဘက်ကို ဆက်ထွက်သွား၏။

"ကျုပ်က ဦးသိုက်အောင်ပါ"

သူ့ကိုယ်သူ မိတ်ဆက်ပြီး လူကြီးက သူ့ရှေ့မှာဝင်ထိုင်သည်။

"ဟုတ်ကဲ့အန်ကယ်၊ ကျွန်တော်အလုပ်အပ်ချင်လို့ပါခင်ဗျာ.."

"ဘာလဲ ဓာတ်ပုံကိုလား..."

သူ့ရှေ့မှာ ချထားသည့် အိတ်ပျော့လေးထဲက ဖေထောင်ပုံပေါ်နေသည့် ပစ္စည်းကို တစ်ချက်ကြည့်၍မေးသည်။





"မဟုတ်ပါဘူး အန်ကယ်၊ ဒီမှာပါ"

သူက ကျောက်စိမ်းပြားလေးကိုထုတ်ယူပြီး ဦးသိုက်အောင်ရှေ့မှာ ချပြသည်။

ကျောက်ပြားကိုမြင်သည်နှင့်ဦးသိုက်အောင် မျက်မှောင်ကြီးကုတ်၍သေချာစူးစိုက်ကြည့်လေသည်။

သူ သတိမထားမိပါ။

"ဒီလိုအန်ကယ်၊ ဒီပစ္စည်းက သူ့နဂိုက စုံတွဲကနေတဲ့ပုံပါ၊ အခုတော့ တခြမ်းပဲ့နေတယ်၊ ဒီပုံကို ကျွန်တော်က ပြည့်စုံသွားအောင် ပြန်ဆွဲချင်တာ"

နေထီးဆောင်းက ပုံကိုပဲကြည့်၍ထောက်ပြရင်းပြောနေသည်။ ဦးသိုက်အောင် မျက်နှာကြီး အမျိုးမျိုးပြောင်းလဲနေသည်ကို သတိမထားမိ။

"အန်ကယ် တာဝန်တော့ပိုလိမ့်မယ်၊ ဒီပုံထဲက သူ့ခေတ်ဝတ်စားဆင်ယင်မှုကို အန်ကယ်လေ့လာရမှာ၊ ဒီတိုင်းပဲ ကျွန်တော်ကဖြစ်ချင်တာ၊ တစ်ဘက်က ပုံကလေးကိုကိုင်ပြီး ခြေမြှောက်ထနေတဲ့ပုံပဲ၊ သေချာမမှတ်မိတော့ဘူး၊ ဒီမင်းသမီးလေးဆွတ်ယိမ်းထားတဲ့ပုံနဲ့ လိုက်အောင် တစ်ဘက်ကပုံကိုအလိုက်သင့်ညီလေးထည့်ပေးချင်တယ်၊ ဝတ်စားဆင်ယင်မှုကလည်း စုံတွဲလိုက်ပုံလုံး တစ်ခေတ်တည်းအတိုင်း ညီနေချင်တာ၊ ယောကျ်ားမှာခေါင်းပေါင်းပါတယ်အန်ကယ်၊ ရှမ်းတိုက်ပုံလိုလို စောင်လိုလိုအဘက်လိုလိုကို ဖားဖားဝတ်ထားတာ မှတ်မိသလောက်တော့ပါပဲ၊ အန်ကယ် ကြိုးစားကြည့်ပေးပါ၊ ရုပ်ရည်ကတော့ အသင့်အတင့်ဆိုရင်တော်ပြီ၊ သုံးပေနှစ်ပေ ဘောင်ထဲမှာ ပုံဟာ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေတ်ထဲက အားမာန်တွေနဲ့ ကြွရှလှပနေဖို့ပါပဲ”

“စိတ်မကောင်းစရာပဲဂါတူ၊ ဒီအလုပ်ကို ကျုပ်လက်မခံနိုင်ဘူး”

“ဗျာ... ဘာဖြစ်လို့လဲ”

“ဒီပုံကိုဆွဲဖို့ ကျုပ်ဆီကို မိန်းကလေးတစ်ယောက်လာအပ်ဖူးတယ်”

“ဟင်...”

သူ့ အံ့ဩခြင်းနှင့်အတူ စိန်ထည်လက်ဝတ်လက်စားတွေ တဖျတ်ဖျတ်နှင့် နားရွက်တောက်ဆံပင်လေးကုတ်ကုတ်၊ မျက်ဝန်းနက်နက်ကလေးများနှင့် အလွန်လှသော မျက်နှာလေးတစ်ခုကို မြင်ယောင်လာမိသည်။

“ရွှေရုပ်လွှာ”

သူမ ဒီပတ်ဝန်းကျင်မှာ ရှိနေသည်လား။

“သူလည်း မင်းလိုပဲ ဒီပစ္စည်းတစ်ခြမ်းကို လာဖြည့်ဆွဲခိုင်းတာ၊ ကျုပ်မေးချင်တယ်၊ သူနဲ့မင်းက ကွဲကွာနေကြတဲ့ လင်မယားလား..”

“ဗျာ...”

သူ့မျက်နှာ ပူနွေးသလိုဖြစ်သွားသည်။

“မောင်နှမလားလို့ မေးလိုက်ပါတော့လားဆရာကြီးရယ်...”

သူ ရယ်ကျဲကျဲနှင့် ဂုတ်ပိုးတစ်ချက်ပွတ်မိသည်။

“မဟုတ်ဘူးဆရာကြီး... ဒါပေမယ့်”

သူတစ်ခုခုကြောင့် ငြင်းပယ်လိုက်သည်ဟူသော ထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပုံရသော လူကြီးက လက်ကာပြလိုက်ပြီး
"ဘယ်လိုပဲ ပတ်သက် ပတ်သက် ထားလိုက်ပါ၊ ပစ္စည်းဟာ တစ်ခုခုကြောင့် ထိခိုက်နေတာတော့အမှန်ပဲ"
"ဘာဖြစ်လို့လဲ အန်ကယ်"
ဦးသိုက်အောင်ဆိုသောလူကြီးသည် ပြောပြချင်သော ည်း ပြောရမှာကို အတော်ကြီးစိတ်ပျက်လက်ပျက်ဖြစ်နေပုံ း်နှင့်ခေါင်းတယမ်းယမ်းဖြစ်နေသည်။
ထိုစဉ် နေထီးဆောင်းဝင်လာစဉ်က လိုက်ပို့သည် အမျိုး မီးကြီး ပြန်ဝင်လာ၏။
"ကျွန်မ ကြားလိုက်တယ်၊ ဒါကြောင့်လာကြည့်တာ"
ဟုပြောကာ နှစ်ယောက်ကြားမှာရှိနေသည့် ကျောက်စိမ်း ားလေးကို မတ်တပ်ကနေ ငုံ့ကြည့်လိုက်၏။
ထို့နောက် နှုတ်ခမ်းကို သိသာစွာ မဲ့ပစ်ကာ
"ကောင်းတယ်အစ်ကို၊ အဲဒါလက်ခံလိုက်၊ ဒါမှ တစ်ခါ ကျွန်မပြောရမယ့်အလှည့်ရောက်မှာ၊ ဟွန်း… မကြီး ယ်နဲ့ လူကို ဟိုလိုစွပ်စွဲ ဒီလိုစွပ်စွဲ"
"တော်ပါကွာ…"
ဦးသိုက်အောင်၏ ခန့်ညားရည်မွန်ပုံရသော မျက်နှာကြီး ရှုံ့မဲ့နေလျက် ဖြစ်ခဲ့တာတွေကို မျက်လုံးထဲမှာ မြင်ယောင် သည်။
ဘာမှ မသိသေးသည်မို့ သူ့စကားသံကို ငံ့လင့်နေသည့် ထီးဆောင်းကိုလည်း ပြန်ကြည့်မိကာ စကားလုံးစီရသည်။
နောက်ဆုံး မျက်လုံးက ကျောက်စိမ်းပြားလေးသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတော့ တံတွေးတစ်ချက်မြိုချလိုက်မိသည်။

ဟိုတစ်ခါ ကောင်မလေးရောက်လာတုန်းက ဒီပုံထဲမှာ ခေါင်းပေါင်းစ နောက်မြီးကျနင့်လွန်စွာထွားကျိုင်း၍ယောကျ်ား ပီသသော မင်းသားကြီး၏ပုံ‥ သူလက်ခံလိုက်တုန်းက ကျောက် ပြားကားထဲက ပုံဟာ ဘယ်ပုံစံ၊ ဘယ်လိုအပြင်အဆင်ရယ်လို့ မှတ်သားမိတာ မရှိသေး‥။

တစ်ညမှာ သူ ဘုရားကိုးဆူတစ်ခုကိုသွားခဲ့သည်။

"လိုက်ခဲ့ပါ အမေကြီးရာ၊ ကျုပ်တစ်ယောက်တည်းဆို ကိုမျိုးတို့က နေပါဦး မပြန်ပါနဲ့ဦး၊ ထရခက်ရော၊ မင်းပါတော့ မင်းကပြန်မယ်ဘာညာပြောပေးတော့ စောစောထပြန်လို့ရတယ်"

"ဒီနေ့ ခြင်ထောင်လျှော်ထားရတာ ကိုယ်လက်တွေ နာနေလို့ပါ အစ်ကိုရယ်၊ ကိုယ့်ဟာကိုယ်သွားလိုက်ပါ၊ မပြန်ပါ နဲ့ဦးဆိုလည်း မပြန်နဲ့ပေါ့၊ ကိုယ့်မိတ်ဆွေတွေပဲဟာ၊ ညမှ ည တာ အိမ်မှာရော ဘာအလုပ်မှလည်း ရှိတာမဟုတ်ဘူး"

"ဩော်‥မင်းက ကျုပ်ကိုနေစေချင်တယ်ပေါ့"

ဦးသိုက်အောင်က ဇနီးသည်ဒေါ်ဖြူနုထက် အသက် နှစ်ဆယ်ကျော်ကြီးသည်။ ဇနီးကိုချစ်သလောက် သဝန်တိုတတ် တာလည်း ကိုယ့်ကိုယ်ကိုသိသည်။

တော်ရုံအမြင်မတော်တာ ကိုယ့်မျက်စိထဲမှာမြင်ရင် တောင် မျိုသိပ်လို့ရတာမျိုး ရှိချင်ရှိမည်။

စိတ်ထဲကတော့ မကျေနပ်ဘဲ ဖြစ်နေခဲ့တာ ဘယ်အချိန်မှ မသိ‥ ဒါကို ဒေါ်ဖြူနုကိုယ်တိုင် တစ်ခါတစ်ရံ စိတ်ပျက်ရသည်။ ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိုက်အောင်က နေရာတကာ ပြောတာမျိုးတော့ မလုပ်ပါ။ သို့သော် မနှစ်မြို့တော့ဘူးဆို မျက်လုံးတွေက အရင်သိသာလာသည်။

မမျှိုသိပ်နိုင်လျှင် ထွေတာ ငေါ့တာတွေပါလာတတ်၏။ ပြဿနာအကြီးအကျယ်တက်ရတာမျိုးတော့မရှိပါ။

ထိုညကတော့ ဦးသိုက်အောင်တစ်ယောက်တည်းပဲ ဘုရားဖူးသွားခဲ့သည်။ အပြန်ကျတော့ ဆယ့်တစ်နာရီခွဲတော့မည် ။ တစ်လမ်းလုံးလည်း လူသူကင်းရှင်းကာ ကိုယ့်အိမ်မှာလည်း ကားသမီးတွေ အခန်းများမှာပါ မီးပိတ်အိပ်ကုန်ကျပြီဖြစ်၏။

အိမ်မှာ လူမစုံလျှင် သော့က ချိတ်ရုံပဲ ချိတ်ထားတာ ဖြစ်၍ သူ့ဟာသူဖြုတ်ဝင်ပြီးမှ သော့ပြန်ခတ်သည်။

အိမ်ပေါ်တက်လာပြီး စေ့ထားသည့် အခန်းတံခါးကိုတွန်း ဝင်လိုက်သည်နှင့်

"ဟင်..."

ဦးသိုက်အောင် မျက်လုံးကြီးတွေ ကျွတ်ထွက်မတတ် ပြူးကျယ်သွားသည်။ ခပ်ပါးပါးစခြင်ထောင်ချထားသည့်အထဲ အအိပ်နေကြတာက နှစ်ယောက်..

သူအိပ်သည့်နေရာမှာ ပိတောက်ခြောက်ရောင်ဖျော့ဖျော့ အင်္ကျီပွပွနှင့် ခါးစပ်လက်နားများမှာ နန်းဆန်ဆန် ပန်းညွန့် လက်များနှင့်ရစ်ထားသည် အင်္ကျီပုံကို ထင်းထင်းကြီးမြင် လိုက်ရ၏။

သူ့ကိုကျောပေးထားကာ ဒေါ်ဖြူနုကို ခပ်ဖွဖွဖလေး ဖက်၍ အိပ်ပျော်နေလိုက်ပုံက ပိုင်စိုးပိုင်နင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



"သေပေတော့ ကြာကူလီကောင် .."

အခန်းထောင့်မှ အသင့်တွေ့သည့် ရဲတင်းကိုဆွဲယူကာ လက်တစ်ဖက်နှင့် ခြင်ထောင်ကို အကြမ်းပရမ်းဆွဲဖြုတ်ပစ်လိုက်သည်။

"အမလေး .."

ခြင်ထောင်ဖြုတ်ချလိုက်ကတည်းက ဒေါ်ဖြူနု လန့်ဖြန့်နိုးကာ ရဲတင်းကြီးကိုင်ထားသည်ကိုမြင်လျှင် ဘာမှန်းညာမှန်းမသိဘဲထပြေးတော့သည်။

"ကိုင်းကွာ .."

ယောက်ျားအားနှင့်လွှဲခုတ်ပစ်လိုက်သော ရဲတင်းချက်က ဝရုန်းသုန်းကာ ထပြေးသည့် ဒေါ်ဖြူနုလက်မောင်းကို ရှပ်ထိသွား၏။

"အား . . ."

"ဟိတ်ကောင် မပြေးနဲ့"

ခုတ်လိုက်တာကို မမိ။

ရိပ်ခနဲ ထပြေးသွားသည်။

ဦးသိုက်အောင် အိပ်ရာကိုသာ ခုတ်ချလိုက်မိကာ နောက်ကို ချက်ချင်းလှည့်ကြည့်လိုက်မိသည်။

"အံမာ .. ကွာ . . ."

မှန်ရှေ့မှာ ကျောပေးရပ်နေသူသည် ပန်ချာပီကုလားလိုလို၊ ရှရှားဘုရင်တွေပုံမျိုးလိုလို ..

ခေါင်းပေါ်မှာ ခေါင်းပေါင်းနဲ့မတူသည့် ဦးထုပ်လိုလို သရဖူလိုလို ဘာပုံကြီးမှန်းမသိသော ခေါင်းပေါင်းလိုဟာကြီး



www.burmeseclassic.com

www.burmeseclassic.com



က ပခုံးမှ၊ ကျောပြင်နားထိ ဖြန့်ချထားသေးသည်။

သူ၏မယားကို ကြာကူလီတဲ့ကောင်က မတုံ့တတ် တေး ရုပ်နေလိုက်သေး….၊ ဒေါ်သက အသက်အရွယ်ဆိုတာကို မေ့သွားသည်။

ရဲဒင်းကိုလွှဲ၍ ကျောပေးရပ်နေသူကို တအားလွှဲခုတ် ပစ်လိုက်၏။

"ကိုင်းကွာ..သေစမ်း.."

"ချွမ်း…"

"အမလေး.. ကုန်ပါပြီတော့ ..လာကြပါဦး"

"အဖေ..အဖေ.. ဘာဖြစ်တာလဲ၊ အဖေ…တော်ပါ တော့.."

သားသမီးတွေ ပြေးဝင်လာကြသည်။

ဘေးအိမ်ကလူတွေ ရောက်လာကြ၏။ ညဉ့်နက်နက်မှာ ဖြစ်ချင်တိုင်းဖြစ်ကာ ဝုန်းဒိုင်းကျဲဆူညံနေသည့်အဖြစ်ကြောင့် တစ်လမ်းလုံး နိုးကုန်ကြ၏။

"ဘယ်လိုဖြစ်တာလဲ ဦးသိုက်ရယ်.."

"အဖေ…အဖေရယ်…သတိထားပါဦးဗျာ.."

"အမေ..အမေ့ကို ဘယ်ထိသွားတာလဲ"

သားသမီးတွေက အဖေကို ပြေးဆွဲသူကဆွဲ၊ သွေးစွန်း နေသည့် မအေကို စိုးရိမ်တကြီး ပြေးပွေ့သူကပွေ့..

"သူ..သူ့ကိုမေးကြပါ၊ အဲဒီလူကြီးကို သရဲပူးတာ လား၊ ဘာမှန်းမသိဘဲနဲ့ ရဲဒင်းနဲ့လိုက်ခုတ်နေတာ"

ဒေါ်ဖြူနု ကတုန်ကယင်ပြောရင်း တအင့်အင့်ရှိုက်ငို



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ဘာ…ဘာပြောတယ်‥ မင်းက ငါ့ကို ဘုရားကိုးဆူမှာ ကြာကြာနေစေချင်တာ အကြံနဲ့မှန်း ငါကခုမှသိတာ၊ သစ္စာမရှိတဲ့မိန်းမ၊ အလကားမိန်းမ၊ ပြောစမ်း အဲဒါ ဘယ်ကကောင်လဲ‥"

"အမလေး‥လေး‥ ရက်လိုက်တာ၊ ရှင်…ရှင်ဘာတွေပြောနေတာလဲ၊ လူတွေ တစ်မျိုးထင်ကုန်တော့မှာပဲ၊ လာပါ၊ သတ်လှည့်စမ်းပါ၊ မထူးပါဘူး၊ အရှက်တွေလည်းကွဲကုန်ပြီ၊ အသေသာသတ်ပစ်လိုက်စမ်းပါတော့ရှင်‥"

"ဒီ…ဒီမိန်းမ…တောက်‥"

"နေပါဦး အဖေရယ်၊ ခုနလေးတင်ပဲ သမီးတို့နဲ့ လာစကားပြောပြီး ထသွားတာပါ၊ သမီးတို့အိပ်တောင် မအိပ်ရ သေးဘူး‥"

"ဟုတ်တယ်အဖေ… အဖေတံခါးဖွင့်တာ၊ ဝင်လာတာ သားတို့အကုန်သိတယ်၊ အိပ်ရာထဲဝင်နေပြီးတာပဲရှိတယ်၊ ဘယ်သူမှ မအိပ်ကြသေးပါဘူး‥"

"မဟုတ်ဘူး… ငါကိုယ်တိုင်မြင်တာ၊ ဟိုကောင်‥"

"ဘယ်ကောင်လဲ"

"ဟိုကောင်‥ဟိုကောင်‥သူနဲ့အိပ်နေတာ၊ သူ့ဘေးမှာ အိပ်နေတာ‥"

"အိပ်ရအောင် ကျွန်မတောင်မှ အိပ်မပျော်သေးတာ ဘယ်သူက လာအိပ်မှာလဲ၊ ရှင်ထပ်ပြောရင်၊ ကျွန်မကိုယ်ကျွန်မ တိုင်နဲ့ခေါင်းနဲ့ပြေးဆောင့်ပစ်လိုက်မှာနော်‥"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဟုတ်ရမှာလဲ၊ ဟုတ်တယ်၊ ဟုတ်ကိုဟုတ်တယ်.."

နောက်နေ့လင်းတဲ့အထိ မကျေနပ်သည့်မျက်လုံးတွေနဲ့ရှိနေဆဲမို့ အိမ်နီးပါးနီးတို့၏ တိုက်တွန်းချက်အရ ဒေါ်ဖြူနု ညီမဝမ်းကွဲအိမ်မှာ သွားနေရသည်။

"ဦးသိုက်အောင်ကြီး ဘာဖြစ်နေတာလဲမသိဘူး"

"အေး..ညက ရဲဒင်းနဲ့လျှောက်ခုတ်ပစ်တာ၊ တစ်ခန်းလုံး ပွစာကျဲနေတာပဲတဲ့..."

ပတ်ဝန်းကျင်ပါးစပ်ထဲမှာ ဒါပဲပြောနေကြသည်။

"ဒေါ်ဖြူနုက ရိုးရိုးသားသားပါဟယ်၊ သဘောလည်း ကောင်းရှာပါတယ်.."

"ဩော်.. တကယ်ဖောက်ပြန်ဦးတော့၊ ဦးသိုက်အောင်ဆိုတဲ့လူကြီးကလည်း ဒီလောက်ပေါက်ကွဲမယ့်လူမျိုးမဟုတ်ပါဘူး၊ ဒီကိစ္စမျိုးဆိုတာ ကြိတ်ဖြေရှင်းပြီး လမ်းခွဲသင့်ရင် ခွဲသွားကြတာမျိုးပဲရှိမှာပေါ့၊ ခုလို အရှက်တကွဲဖြစ်ကုန်အောင်လုပ်ပါ့မလား.."

"သေချာပါတယ်၊ ဒီလူကြီး အချိန်မတော်မှ အပြင်ကပြန်လာပြီး အစိမ်းပူးလာတာပဲဖြစ်မယ်.."

အားလုံးက ထိုသို့သာဝေဖန်နေကြသည်။

သား..သမီးတွေကလည်း သူတို့တွေ အိမ်ထောင်ရက်သားကျကုန်ကြမှ မိဘနှစ်ပါးက လင်ငယ်၊ မယားငယ်ကိစ္စများနှင့် ထဆူကြတာမို့ အရှက်တကွဲယူကျုံးမရဖြစ်ကာ တစ်နေ့ကုန် သုန်မှုန်နေဆဲဖြစ်သည်။ ဦးသိုက်အောင်ကိုသာ တကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် စကားလည်း မပြောကြတော့ပေ။

နောက်တစ်ည မိုးချုပ်ခါနီးတော့ ရပ်ကွက်လူကြီးတွေ ရောက်လာကြသည်။

"ဦးသိုက်အောင်..ဒီည မနေ့ညကလို ခင်ဗျားထပ်ပြီး ဆူပူရမ်းကားဦးမယ်ဆိုရင် ခုကတည်းက ကျွန်တော်တို့ကခေါ်ပြီး ထိန်းသိမ်းထားရလိမ့်မယ်၊ တကယ်ဆို လက်နက်ကိုင်ရမ်းကားမှုနဲ့ ခင်ဗျားကို ညကတည်းက ဖမ်းချုပ်ထားလိုက်လို့ရတယ်၊ ဒီလမ်းထဲမှာ ခင်ဗျားရဲ့ နာမည်ဆိုးမရှိခဲ့ဘဲ သာရေး နာရေးကိစ္စတွေမှာ ခင်ဗျားတာဝန်သိခဲ့တာတွေချည်းပဲမို့လို့ ခွင့်လွှတ်လိုက်တာ"

ဒီလိုကျတော့ ဦးသိုက်အောင် ကြောက်တတ်နေပြန်သည်။

"ဟုတ်တယ် ကိုသိုက်၊ ခင်ဗျားသတိလည်းထားဦး၊ လင်မယားချင်းပေမယ့် ညကတည်းက ဒေါ်ဖြူနုကသာ သွားတိုင်ရင် ခင်ဗျားအချုပ်ထဲရောက်တာကြာပြီ၊ ဘာမှ ထပ်မကျူးလွန်ပါဘူးလို့ ကတိပေးလိုက်ပါဗျာ၊ လက်မှတ်ထိုးဆိုလည်း ထိုးလိုက်ပါ"

ဦးသိုက်အောင် ခံဝန်ချက်လက်မှတ်ထိုးလိုက်ရသည်။

ညဘက်ကျတော့ ဖနီးသည်မရှိသည့်အိပ်ရာထဲမှာ တစ်ယောက်တည်း လှဲနေရင်း ညကအဖြစ်ကို သူတရေးရေးပြန်စဉ်းစားနေမိသည်။

ထိုယောကျ်ားကို ရဲဒင်းနဲ့လိုက်ခုတ်နေရသည့် သူ့အဖြစ်ဟာ လေကို ခုတ်ဖမ်းနေတရသလိုဖြစ်ကာ သူ့မှာသာ အရူးတစ်ယောက်လို ဝရုန်းသုန်းကားကြီး...ထိုသူကတော့ သူ့နားမှာ



www.burmeseclassic.com

www.burmeseclassic.com



တောင် မထုံတတ်တေး ရုပ်လို့ပါ…။

မှန်ကိုခွဲလိုက်မိသည့်အချိန်မှာလည်း သားသမီးတွေ ချက်ချင်းရောက်လာတာပဲ..

ဒီလူထွက်ပြေးတာ ဘာညာ လုံးဝအစအနတောင် မမြင်လိုက်ဘူးဆိုတော့ သဘာဝမကျတဲ့ကိစ္စ…

ခုတော့ ဘယ်သူမှ ဘာမှမမြင်မတွေ့ဘဲ သူသာ အရူး.. ဒါဆို သူဘာဖြစ်တာလဲ..

မရူးဘူးဆိုတာတော့ ကိုယ့်ဟာကိုယ်သိသည်။

လူလုံးသာမကဘဲ ပုံစံအဝတ်အစားကအစ သေသေ ချာချာမြင်လိုက်တာ ပြီးတော့ ဒီပုံမျိုး သူမြင်ဖူးသလိုလို သိနေ သလိုလို..

ဦးသိုက်အောင် တွေးတောလူးလိမ့်ရင်း ညဉ့်နက်တော့ မှေးခနဲ အိပ်ပျော်သွားခဲ့၏။

"ဟိတ်…ထစမ်း.."

"ဟာင်…"

ပုတ်လိုက်တာလား… တစ်ခုခုနဲ့ရိုက်လိုက်တာလားမသိ၊ ရင်ဝမှာ တစ်စုံတစ်ရာနဲ့ အထုခံလိုက်ရသလိုအောင့်တက်သွား ကာ ဦးသိုက်အောင် ချက်ချင်းထထိုင်လိုက်မိသည်။

သူ့အိပ်ရာဘေးမှာ လက်နှစ်ဖက်နောက်ပစ်၍ ရပ်နေ သည့် ယောကျ်ားတစ်ယောက်..

ကြည့်လိုက်တော့ သူမြင်ဖူး သိဖူးနေသည့်ပုံစံနှင့်လူ ဖြစ်နေကာ ခပ်စောင်းစောင်းရပ်နေသော်လည်း မျက်နှာကို သေချာမမြင်ရ..



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါသတိပေးလိုက်မယ်၊ အခု မင်းဆီမှာ ရောက်နေတဲ့ ကျောက်စိမ်းပြားထဲကပုံကို လုံးဝ ပုံတူမကူးပါနဲ့၊ ဒီထက်ပိုပြီး စုံတွဲပုံဖြစ်အောင် ဖြည့်ဆွဲဦးမယ်ဆိုရင် မင်းတို့ တစ်မိသားစုလုံးကို မီးလောင်တိုက်သွင်းပစ်မယ်.."

အသံသည် ဖျိုးအုဝေးတစ်နေရာမှ ပွဲတင်တုန်ခါလာ သကဲ့သို့ အက်ကွဲကွဲ ခပ်သြသြကြီးဖြစ်ကာ ရပ်နေသူထံမှ ပြောနေခြင်းနှင့်မတူ..

"ငါပြောတာ ကြားတယ်နော်၊ အခု မင်းဒုက္ခရောက် နေပြီ၊ ဒီထက်အဖြစ်မဆိုးချင်ရင် ငါပြောတာကို နားထောင်၊ ကျောက်စိမ်းပြားကို ပြန်ပေးလိုက်.."

"ကျောက်စိမ်းပြား၊ ကျောက်စိမ်းပြားဟုတ်လား"

ကယောင်ကတမ်း အော်၍ ကုန်းရုန်းထလိုက်တော့ သူ အိပ်မက်မက်နေတာဖြစ်၏။

"မဟုတ်ပါဘူး.. ဒီလူတကယ်ရောက်လာတာပါ"

သူ ဇဝေဇဝါနှင့် အိပ်ရာပေါ်က ဆင်းရပ်လိုက်မိသည်။

"ကျောက်စိမ်းပြားထဲကပုံကို လုံးဝပုံတူမကူးပါနဲ့"

"လုံးဝ ပုံတူမကူးပါနဲ့"

"ဟာ..ဟုတ်ပြီ..."

ဦးသိုက်အောင် သူမြင်လိုက်ရသည့်လူ၏ ပုံရိပ်နှင့် ကျောက်စိမ်းပြားကိုဆက်စပ်တွေးလိုက်မိ၏။ တစ်နေ့ကမှ အပ်ထားခဲ့သည့် ကျောက်စိမ်းပြားလေးဆီပြေးလာခဲ့မိသည်။

"ဟင်..."

သူသေသေချာချာ ဗီရိုထဲထည့်ပိတ်ထားခဲ့သည့် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းပြားက ဗီရိုရှေ့ စာကြည့်စားပွဲလေးပေါ်မှာ ဒီအတိုင်း..

သူ့အလုပ်နဲ့ပတ်သက်၍ သားမယားတွေက ဘယ်တော့မှ မကိုင်တွယ်ခဲ့၊ မနှောင့်ယှက်ခဲ့ပေ..

ဒါဘာဖြစ်လို့ အပြင်ရောက်နေရတာလဲ..

သူ ပုံကိုထုတ်ကြည့်ကာ ဘယ့်နှယ့် ဒီပုံထဲကလူက အပြင်မှာ အသက်ဝင်နေရတာလဲ..

ဒါ တကယ်ပဲလား..

အဖြစ်တွေဟာ ပြန်မတွေးရဲလောက်အောင် အသည်းယားထိတ်လန့်ဖွယ်ကောင်းလှပေသည်။

"အဲဒါပဲမောင်ရင်.. မင်းယုံချင်ယုံ၊ မယုံလည်းနေ၊ ကျုပ်ကတော့ ကြောက်လွန်းလို့ မှန်ကွဲသွားတဲ့ မှန်တင်ခုံကိုတောင် မှန်လည်းမလဲတော့ဘဲ ဒီအတိုင်းနောက်ဖေးမှာ သွားပစ်ထားလိုက်တယ်၊ သိချင်ရင် သွားကြည့်ပါ"

ဦးသိုက်အောင်က အိတ်ထဲက လက်ကိုင်ပဝါကို ထုတ်၍ ချွေးပြန်နေသည့် လည်ပင်းနှင့်မျက်နှာကိုပွတ်တိုက်သုတ်ပစ်လိုက်သည်။

"အဲဒီမိန်းကလေးကို ကျုပ်က ဒီအကြောင်းတွေပြောပြဖို့ကြိုးစားသေးတယ်၊ မိန်းကလေးက လုံးဝနားမထောင်ဘူး၊ ဒီပုံကျုပ်မဆွဲနိုင်ဘူးဆိုတဲ့ အထင်မြင်သေးစိတ်နဲ့ပဲ လှည့်ပြန်သွားခဲ့တယ်"

"အဲဒီမိန်းကလေး နာမည်ဘယ်သူတဲ့လဲ၊ အန်ကယ် မှတ်မိလိုက်သေးလား"

"မှတ်မိတာပေါ့၊ မှတ်မိလွယ်တဲ့နာမည်မျိုးပဲ၊ ရွှေရုပ်လွှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ဒါပေမဲ့ ဘာ့ဇ်ချာမှာလိပ်စာရေးဖို့မေးတော့ မပြောဘူး၊ သူပဲ လာမှာပါတဲ့၊ မောင်ရင်ကရော…"

"ကျွန်တော်က နေထီးဆောင်း…"

"ဟော…."

"ဘာဖြစ်လို့လဲအွန်ကယ်"

ဦးသိုက်အောင်က ခေါင်းခါ၍

"ထူးခြားတဲ့နာမည်တွေမို့လို့ပါ၊ မင်းကကော ကျုပ်ပြောတာကို လက်ခံရဲ့လား၊ အေးပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ကျုပ်လက်မခံနိုင်တော့တာကို နားလည်ပေးပါ၊ ဟိုကယောက်ျားပုံ၊ ဒီမှာ မိန်းမပုံ၊ ဒါပဲကွာတယ်၊ နှစ်ပိုင်းကျိုးနေတဲ့ကျောက်စိမ်းပြားနှစ်ချပ်ကိုဆက်လိုက်ရင် စုံတွဲပုံတစ်ပုံဖြစ်သွားမှာပဲ၊ ကျုပ်ထင်တာပြောရရင် ဒီပစ္စည်းတွေဟာ ဂမ္ဘီရပညာရှင်တွေ စီရင်ခဲ့တဲ့ ဂန္ဓဝင်ပစ္စည်းပဲ၊ စုံတွဲပုံဖြစ်နေတဲ့အတွက် တွဲပေးလိုက်ရင် အကောင်းဆုံးပဲ"

ဦးသိုက်အောင် စကားကို သူ့ဘာမှ ရေရေရာရာ မဖြေဖြစ်ခဲ့ဘဲ ထပြန်လာခဲ့သည်။

အပြန်လမ်းတစ်လျှောက်မှာ ဦးသိုက်အောင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များနှင့်ပြောသောစကားတို့ကို သတိရနေမိသည်။

ဒါဆို ပြောတဲ့အတိုင်း ဒီပစ္စည်းကို ဒီတိုင်းထားလိုက်ရမှာလား။

တကယ် ဟုတ်မဟုတ် လက်တွေ့စမ်းကြည့်လိုက်ရမှာလား…။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီသော အတွေးအခေါ်များအတိုင်းဆို ဒါဟာ လက်တွေ့မကျ ဒဏ္ဍာရီဆန်နေပေမယ့် ဖြစ်တဲ့လူကလည်း ဖြစ်ခဲ့ရပါကြောင်းပြောနေသည်။

ရွှေရှပ်လွှာ..မင်းဘယ်မှာလဲ...

ဒီပစ္စည်းကို မင်းဘာဆက်လုပ်ထားလဲ..

ရွှေရှပ်လွှာကို သူတွေ့ချင်စိတ်တို့အပြင်းအထန်ဖြစ်ခဲ့လေသည်။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဘာသံလဲ····

ငိုနေတဲ့ ကလေးလား၊ ရှိုက်သံသဲ့သဲ့ကို ဘာသံမှ ရောနှောမပါဘဲ ဝီဝီသဲသဲလေးကြားနေရသည်။

ပြီးတော့ ထိုအသံဟာ အဝေးကြီးကမဟုတ်။

သူ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟင်…"

အလန့်တကြား တအံ့တသြငေါက်ခနဲထလိုက်ပြီးမှ လှုချင်းနီးကပ်သွားသည်မို့လက်နှစ်ဖက်ထောက်၍ ဖင်ကို နောက်ပြန်ဆုတ်ပစ်လိုက်ရသည်။

သူ့အိပ်ရာခြေရင်းမှာ ခြေချထိုင်၍ တရှိုက်ရှိုက်ငိုကြွေး နေသည့် မိန်းကလေးတစ်ယောက်။

မိန်းကလေးဆိုတာထက် အမျိုးသမီးဆိုတာက ပိုမှန် မည်။ အသက်သုံးဆယ်ခန့်ရှိနိုင်သည်။

ဖားလျားဖြန့်ချထားသည့် ဆံပင်ရှည်တို့က ပုံသွင်း ထားသလို ပြန့်ပြန့်ဝဲဝဲ မဟုတ်သော်ငြား အသပ်ဝ်ခွေဝိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



မွေ့ရာပေါ်ထိ ခွေဆင်းကျနေပုံက ပန်းပုဆစ်ထားသလို လှပ လွန်းသည့် ကိုယ်လုံးလေးနှင့်လိုက်ဖက်လွန်းလှသည်။

ထို့ထက်ပို၍ ထင်ရှားသည့်အရာသည် ဆင်စွယ်နှစ် ကဲ့သို့ ဝင်းနှစ်နေသော အသားရောင်သည်လည်း သလင်းသား ကဲ့သို့ ကြည်စင်နေသည်။

သူမ၏မျက်နှာ ဝင်းနှစ်နှစ်လေးမှာ အဖျားရှူး၍ နက် မှောင်စိမ်းညို့နေသည့် မျက်ခုံးဖျားလေးကို သေချာမြင်အောင် သူ စူးစိုက်ကြည့်နေဆဲမှာပင် သူမက ဆတ်ခနဲထရပ်လိုက်သည်။

စိမ်းလဲ့လဲ့လေး လင်းနေသည့် မီးရောင်မှိန်မှိန်အောက် မှာ သူမ မျက်နှာပြင်ဟာ မြသားအသွင်ကြည်လဲ့နေပြန်ပြီး ဒါ့အပြင်ဘာကိုမှ သေချာမမြင်ရဘဲ ဝါးတားတားဖြစ်နေပြန်ကာ

"နင်..."

သူမ လက်တစ်ဖက်သည် ရှေ့သို့ မျဉ်းဖြောင့်တစ် ကြောင်းကဲ့သို့ သူ့မျက်နှာဆီသို့ ဒီဂရီအနည်းငယ်တိမ်းစောင်း၍ ာန်းကျလာပြီး..

"သူများချစ်ခြင်းကို ခွဲတဲ့ကောင်၊ ငါတို့မှာ တစ်ဘဝ ာလည်း သေကွဲကွဲခဲ့ရတယ်၊ ဒီဘဝမှာနေတော့လည်း အခွဲခံ ားရတယ်၊ အစိမ်းရောင်ကမ္ဘာလေးထဲမှာ ငါတို့ဘဝအေးချမ်း ့တာကို ခွဲပစ်ကြတယ်၊ ပြန်ရှာပေး၊ ငါ့ချစ်သူကို နင်ပြန် ာပေး၊ နင်ရှာမပေးရင် ငါတို့ကွဲကွာနေရသလို နင်ဘယ်တော့ ချစ်သူနဲ့မပေါင်းရဘူး၊ ဘယ်တော့မှ စိတ်မချမ်းသာစေရဘူး"

လက်ညှိုးငေါက်ငေါက်ထိုးလျက် ငိုရှိုက်သံများနှင့်ရော ွားသောစကားသည် စကြဝဠာတစ်ဘက်စွန်းမှ ပဲ့တင်စိမ့်ကျ



www.burmeseclassic.com

www.burmeseclassic.com



လာသကဲ့သို့ သူ့ရင်ထဲမှာ တုန်ဟီးလှုပ်ခါနေသည်။

"နှစ်ရှည်လများ ငါတို့ကွဲကွာနေခဲ့ရပြီးပြီ၊ ဒါတောင် ငါ့ချစ်သူနေရာမှာ အစားထိုးပစ်ဖို့ကြံစည်သေးတယ်၊ မှတ်ထား ငါတို့ မဆုံဆည်းရသရွေ့နှင့်ကိုအမျိုးမျိုးစိတ်ဆင်းရဲအောင်လုပ်ပြမယ်.."

"ဟင်..."

မျက်လုံးတွေကိုဖွင့်လိုက်မိတော့ အခန်းထဲမှာ စိမ်းလဲ့လဲ့မီးရောင်ဖျော့လေး ဖြန့်ကျက်ထားသည်က တိတ်ဆိတ်ခြင်းထဲမှာ ပျော်ဝင်လျက် ဘာထူးခြားမှုမှ မရှိခဲ့ သလိုပင်...

တကယ်ဆို သူ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သေးတာ မဟုတ်။

ဒါအိပ်မက်လား..တကယ်လား..

ဦးသိုက်အောင်ပြောဖူးသည့်အကြောင်းများကိုသတိရလိုက်သည်နှင့် ကျောက်စိမ်းပြားပေါ်က မင်းသမီးရုပ်ကလေးကို မြင်ယောင်လာသည်။

အထွေးလိုက်နွဲ့ကျနေသော ဆံပင်ရှည်များနှင့် စောစောက အမျိုးသမီး၏ဆံပင်တွေက တစ်ထပ်တည်း။

ဒါဆို ဦးသိုက်အောင်ပြောသလို ဒီပစ္စည်းဟာ ဂမ္ဘီရ ဆန်နေပြီလား။

တကယ့်ဂမ္ဘီရဝိညာဉ်တွေ ပူးကပ်နေသည့် ပစ္စည်းဆိုလျှင် ထက်ခြမ်းခွဲပစ်ခဲ့မိသည့် အချိန်ကတည်းက သူတို့မှာ အငြိုး ရှိနေပြီ။

ရွှေရုပ်လွှာကော သူ့လိုမျိုး ဒီကျောက်စိမ်းပြားနှင့် ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်သည့် ဆိုးကျိုး ဒါမှမဟုတ် ပတ်သက်မှုတစ်စုံတစ်ရာကို ထိခိုက်ခံစားနေရပြီလား…။

သူ အိပ်ရာထက်မှဆင်းကာ ပုံထဲက အမျိုးသမီးရပ်သွားခဲ့သည့်နေရာကို စူးခနဲ တစ်ချက်ကြည့်မိပြီး…

ထို့နောက် ရေတစ်ခွက်ယူသောက်ပြီး အိမ်ရှေ့ဝရံတာဘက်ထွက်လာခဲ့သည်။

လပြည့်ကျော်ညမို့ ညဥ့်နက်နေပြီဖြစ်သော်လည်း ပြည့်ဝန်းသည့်လမင်းကြီးက အရှေ့မိုးကုတ်စက်ဝန်းကြီးမှာ မေးတင်၍ လောကကြီး၏ငြိမ်သက်မှုကို အကဲခတ်နေဆဲရှိသည်။

သူ့မှာတော့ ဘာကိုမှ မမြင်ဘဲ ဘာကိုမှလည်း မှန်းဆလို့ မရ၊ မင်္ဂလာကိစ္စကို ဖေဖေက အားလုံးစီစဉ်နေပြီ။

စိမ်းညို့လွင်ကို သူဘယ်လိုမှ ရင်မခုန်ခဲ့ပေမယ့် မငြင်းဘဲနေလိုက်မိတာလည်းလိုက်လျောတာတော့မဟုတ်ပေ။

ဒါပေမဲ့ ဘာ့ဖြစ်လို့ မငြင်းဖြစ်ခဲ့မှန်း မသိတာက မင်္ဂလာရက်နီးလာမှ ရင်လေးလာမိရသည့်အဖြစ်။

တကယ်ဆို ဖေဖေ့ကို သူမငြင်းချင်တာက ကျေးဇူးတရားဆိုတာကို ငဲ့ညှာလိုက်၍ဖြစ်သည်။

"ဖေဖေကတော့ စကားလွန်ထားတာရှိတယ်တဲ့၊ ဒါပေမယ့်သားကို ဖွတ်မချုပ်ချယ်ဘူး" ဆိုသော်လည်း သူ့ဘက်က ဘယ်လို ငြင်းရမလဲ‥။

မင်္ဂလာပွဲရက် နီးလာလေ၊ ရင်ထဲမှာ ပူလာလေ။

ခုလိုကျောက်စိမ်းပြားကိစ္စပေါ်လာတော့ စိတ်ရှုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်လာနိုင်သလဲ…။

ဘာပဲဖြစ်ဖြစ် ကောင်းဖို့တော့ မရှိနိုင်တာ သေချာ သည်။

ဒီတော့ သူဘာလုပ်မလဲ…

လမင်းကြီးက သူ့ရင်ထဲကရှုပ်ထွေးမှုများကို ရင်ဆိုင်ဖြေရှင်းပေးတော့မည့် သူ့ရဲ့ကောင်းကြီးတစ်ဦးလို ကောင်းကင်ထက်သို့ ဝင့်ကြွားစွာ တိုးတက်လာသည်။

ထိုအချိန်မှာပင် သူ့ခေါင်းထဲသို့ ဆုံးဖြတ်နိုင်သည့် အဖြေတစ်ခု လက်ခနဲတိုးဝင်လာခဲ့သည်။

မင်း… ရွှေရုပ်လွှာကို ရှာမှဖြစ်မယ် နေထီးဆောင်း…

⁂



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဘယ်သွားမလို့လဲသမီး၊ မနက်ခရီးသွားမှာဆိုပြီးတော့ စောစောအိပ်လေ‥ အိပ်ရေးပျက်ဦးမယ်‥"

"စောပါသေးတယ် မာမီရယ်‥ သမီး‥ပပရောက်နေတယ်ကြားလို့ သွားလည်မလို့ပါ၊ သိပ်မိုးမချုပ်စေရပါဘူး"

ဒယ်ဒီကပါ တီဗွီသတင်းကြည့်နေရာကနေ လှည့်ကြည့်သည်။ လှာကတော့ ဘာမှပြန်မကြည့်တော့ဘဲ ကားမောင်းထွက်လာခဲ့သည်။ တကယ်တော့ ဒီလမ်းကို နေ့လည်ကတည်းက သွားဖို့ဖြစ်သည်။

သူငယ်ချင်း မစံကို အတူသွားဖို့စောင့်ရင်း ခုတော့ မိုးချုပ်သွားပြီ။ ဒီနေရာမှာ ပပထွန်းတို့သာ တကယ်အနားမှာရှိရင် တက်ညီလက်ညီ သွားကြဖို့ ရောက်လာကြမှာဖြစ်သည်။

ခုတော့ ကျောင်းတုန်းက သူငယ်ချင်းတွေက ကိုယ့်ရပ်ကိုယ့်ရွာတွေကို အသီးသီးပြန်သွားခဲ့ကြပြီ‥

မစံဆိုတာ တစ်လမ်းတည်းအတူနေခဲ့သည့်ငယ်သူငယ်ချင်းပါပဲ။ ဒါပေမယ့် တရင်းတနှီးကြီးတော့ မရှိခဲ့ဖူးပါ။

ခု ကျောင်းပြီးသွားလို့ အိမ်မှာမြဲနေရပြီဆိုမှ တစ်ခါပြန်



www.burmeseclassic.com

www.burmeseclassic.com



၍ ရင်းနှီးလာခဲ့ကြတာဖြစ်သည်။

သတင်းစာထဲက အရေးကြီးသတင်းတစ်ခုကိုတွေ့သည်။

ထို့ကြောင့် ဒီနေ့နေ့လည်သွားကြဖို့ ချိန်းထားခဲ့သည်။

စောင့်နေရင်း နေညိုလာတော့မှ ဖုန်းဆက်ကြည့်တော့ မစံ သူ့အသွားနဲ့ လှိုင်သာယာကိုပါသွားသည်တဲ့။

လွှာ‥ရင်မောသွားခဲ့သည်။

ကိုယ်က မနက်ဖြန် ပြင်ဦးလွင်ကိုသွားဖို့ ရထား လက်မှတ်ကဖြတ်ပြီးနေပြီ။

ထို့ကြောင့် သည်လမ်းကို ဒီနေ့သွားမှကိုဖြစ်မှာ‥

သွားမှဖြစ်မှာမို့ ထွက်လာခဲ့သည်မှာ မာမီတို့ကိုပင် မှသား တွေသုံးခဲ့မိသေးသည်။

လွှာ့ရင်ထဲမှာ ပဟေဠိတစ်ခုက နေ့တွေညတွေ မရှောင် နိုင်ဘဲ ထွက်လာခဲ့မိသည်အထိ စိတ်ဝင်စားအောင် ဆွဲဆောင် နေခဲ့သည်။

ထိုပဟေဠိဟာ သတင်းစာထဲမှာ ပါသည့်ကြော်ငြာ သတင်းလေးတစ်ပုဒ်ဖြစ်လျက်‥‥

*ကျောက်ပြားတစ်ခြမ်းကျပျောက်သွားသည်။*

*ကောက်ရ--ထားသူ လာပေးပါ။*

*နေထီးဆောင်း (ရွှေတောင်ကြားလမ်း၊*

*ခြံအမှတ်(xxx)*

ကားကို ဂရစိုက်မောင်းရင်း သတင်းစာထဲက ကြော်ငြာ ကို ပြန်တွေးနေမိသည်။

နေထီးဆောင်း‥



www.burmeseclassic.com

www.burmeseclassic.com



နေထီးဆောင်းဆိုကတည်းက ထိုကြော်ငြာဟာ သူမကို ရည်ရွယ်ထားမှန်းလွှာသိသည်။

ကျောက်စိမ်းပြားတစ်ခြမ်းကြောင့် သူလည်း ကိုယ့်လို ပဲ ထိခိုက်မှုတွေ ရှိနေပြီဆိုတာလည်း သေချာပါသည်။

သတင်းစာထဲမှာထည့်ထားပုံက ကျောက်ပြားတစ်ခြမ်း ကျပျောက်သွားသည်တဲ့။ ကောက်ရထားသူ လာပေးပါဆိုပေ မယ့် လွှာကတော့ ကိုယ့်ဆီက ပစ္စည်းကိုသွားပေးဖို့ လာတာ မဟုတ်ပါ။

သူ့ဆီကဟာကို တောင်းယူဖို့ပဲဖြစ်သည်။

သတင်းက နှစ်ရက်နေ့ကတည်းက ပါတာဖြစ်သည်။

ဒီနေ့ဆို ဆယ်ရက်ပင်ကျော်နေပြီ။ မင်္ဂလာကိစ္စ မဖွယ်မရာတွေဖြစ်သွားပြီးကတည်းက အိမ်ပေါ်နဲ့ခြံထဲမှလွဲ၍ ဘယ်မှလည်းမသွားဖြစ်။

တီဗွီ ဗီဒီယိုတောင်မကြည့်ဖြစ်တော့ဘဲ သတင်းစာကိုင် ဖို့က အဝေးကြီးဖြစ်သည်။

မင်္ဂလာဆောင်ပြီးမှ သတို့သားဆုံးသွားတော့ အပျိုစစ် စစ် မုဆိုးမဖြစ်ခဲ့ရသော သူ့အဖြစ်သူ ရှက်ရွံ့မိခြင်းကြောင့် ဘယ်ကိုမှ မထွက်ဖြစ်။

သတို့သားသေဆုံးခဲ့ရတာကို ဝမ်းနည်းကြေကွဲလွန်းလို့ မဟုတ်ပါ။ တကယ်ဆို ခုလို လွဲခဲ့ရတာ ဝမ်းသာစရာပင်ဖြစ် သည်။

လွဲခဲ့တာက ရိုးရိုးလေးမဟုတ်ဘဲလက်ထပ်ပြီးဆုံးသွားပြီး မှ အဖြစ်ဆိုးနှင့်လွဲခဲ့ရခြင်းဖြစ်ကာ ကျန်ခဲ့သည့်သူမှာ အရှက်



www.burmeseclassic.com

www.burmeseclassic.com



တကွဲ မျက်နှာငယ်စွာ…

ကားလေးက ရွှေတောင်ကြားထဲကိုဝင်လာသည်။

တွေးတောခဲ့သမျှ စိတ်တို့က ရှေ့ဆီသို့ စုစည်းမိလာကာ လမ်းထဲက ထွက်လာသည့် ကားသုံးစီးဆက်တိုက်က သိပ်မကွာလှတာကြောင့် လှမ်းအဲမှာ မင်္ဂလာဆည်ခံပွဲ သို့မဟုတ် မွေးနေ့ပါတီတစ်ခုခုတော့ရှိနေပြီကိုတွေးမိလိုက်၏။

လွှာ··ကားလေးကို ခပ်ဖြည်းဖြည်းမောင်းဝင်လာခဲ့ ရင်းလိပ်စာထဲက ခြံနံပါတ်ကို ရှာလာခဲ့သည်။

တွေ့မယ့်တွေ့တော့ ခြံထဲမှာ မင်္ဂလာဆည်ခံပွဲနှင့်…

ဘယ်သူလဲ…နေထီးဆောင်း မင်္ဂလာဆောင်နေတာလား။

စိတ်ထဲမှာတစ်မျိုးတမြည်ဖြစ်သွားကာ နောက်ပြန်ဆုတ်သွားဖို့ထိ စိတ်က ပြောင်းလဲသွားသည်။

"အို··ဘာဆိုင်လို့လဲ·· ငါတို့က ငါတို့ကိစ္စသပ်သပ်ပဲ"

လွှာ··ခြံထဲကိုမောင်းဝင်လိုက်သည်။

ကိုယ်မှာဝတ်ထားတာက ဆင်စွယ်နှစ်ရောင် အပျော့သားသုံးလွှာစကတ်နှင့် စပို့ရှစ်လက်ပြတ်လည်ပတ်ကိုက်လေး။

ထွက်လာခါနီးမှ ကမန်းကတန်း ဆွဲဝတ်လာခဲ့သည့် အသားရောင်အပေါ်စား ရှပ်အင်္ကျီလေးနှင့်ဘယ်လိုပဲဖြစ်ဖြစ် အိမ်နေအဝတ်အစားပဲဆိုတာ သိသာမှာပင်။

မတတ်နိုင်ပါ…ကိုယ့်ကိစ္စက ဒီညပြီးဆုံးမှဖြစ်မှာ။

ကားကို ဒီပြင်ကားတွေဘေးမှာရပ်လိုက်ပြီး မဆင်းသေးဘဲ နေထီးဆောင်းဘယ်သူဖြစ်နိုင်မလဲဆိုတာကို စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ပြီးမှ မင်္ဂလာဧည့်ခံပွဲဆီ လှမ်းကြည့်မိကာ လိုက်ကာစပေါ်က ရွှေရောင်စာလုံးတွေဆီ သတိတရ လှမ်းရှာမိ၏။

**မောင်နေထီးဆောင်း**

**နှင့်**

**မစိမ်းညို့လွင်**

နေထီးခေါင်းဆိုသော နာမည်၏နောက်က ဘွဲ့တွေကို ဖတ်ကြည့်ကာ လွှာအံ့ဩသွားမိသည်။

ပြီးတော့ ဧည့်ခံပွဲနောက်က မြင့်မားထည်ဝါသည့် တိုက်ကြီးက ခေတ်မီသားနားစွာ..

ဟိုအရင်က လွှာသိခဲ့သည့် နေထီးဆောင်းသည် ချေးအထပ်ထပ် အကျီစုတ်စုတ် ညစ်ပေပေနှင့် တကယ့်တောသား နံ့ချာချာပုံလေးဟာ လွှာ့တစ်ကိုယ်လုံးကို တမေ့တမော ငေးမောနေခဲ့သည်ပဲ။

ကံကြမ္မာဟာ ဘယ်လို ဘယ်ပုံ မျက်လှည့်ပြ၍ ပြောင်းလဲသွားခဲ့တာလဲ။

ထိုစဉ် သူမ မြင်ကွင်းထဲသို့ သတို့သားနှင့်သတို့သမီး ယှဉ်တွဲလျှောက်လာကြ၏။

ဧည့်သည်ကို ပြန်ပို့ကြရင်း ရယ်မောစကားပြောနေသည့် သတို့သားမျက်နှာကိုမြင်လိုက်ရလျှင် လွှာ့ကိုယ်လေး တောင့်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ··သူက နေထီးဆောင်းတဲ့လား··

ရင်ထဲမှာ လှုပ်ရှားမှုက အိုးငယ်လေးထဲမှာ ဘောင်ဘင်ခတ်နေသည့်ရေများလို အဖိတ်ဖိတ်အစင်စင်··

ဒီနာမည်ဟာ ဆင်တူသိပ်မရှိနိုင်သည့် နာမည်ပါ။

သူသိသည့် နေထီးဆောင်းဟာ သတို့သားနေထီးဆောင်းဆိုလျှင် လွှာ··ယောက်ယက်ခတ်နေသောအတွေးများနှင့် „ငေးကြည့်နေမိဆဲ··နေထီးဆောင်းမျက်နှာ ဒီဘက်ကိုဖျတ်ခနဲ လှည့်လာသည်။

သူမကို မြင်သွားတော့ အံ့သြသလိုကြီးဖြစ်သွားပြီးမှ ဧည့်သည်များနှင့် သတို့သမီးကိုထားခဲ့ကာ ဒီဘက်သို့ခြေလှမ်းကျဲများနှင့်ထွက်လာ၏။

ထိုအခါကျမှ လွှာ ကားပေါ်ကဆင်းဖို့သတိရကာ အောက်ဆင်းရပ်လိုက်ပြီး သူအနားရောက်လာတော့ မျက်နှာချင်းဆိုင် ရပ်လိုက်မိကြသည်။

အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့်လွန်စွာကြည့်ကောင်းသော သူ့ပုံစံကို လွှာ ခပ်စူးစူးလေးကြည့်မိသလို မင်္ဂလာပွဲတက်လာပုံနှင့်လည်းမတူ၊ သူကိုယ်တိုင် ဖိတ်ဖို့လည်း သတိမရခဲ့သော အမှတ်တမဲ့သိခဲ့ပြီး မကြာခဏ သတိရမိတတ်သည်မှလွဲ၍ မိတ်ဆွေတွေရယ်လို့လည်း ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဖူးသော လွှာကို သူက မျက်မှောင်ကုတ်ပြုံးထေ့ထေ့နှင့် ငုံ့ငြိ ကြည့်လိုက်ပြီး

“မင်းကိုမြင်တာ တို့တကယ်အံ့သြသွားတယ် လာလေ မုန့်လိုက်စားဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ..မုန့်စားချင်လို့ မဖိတ်ဘဲနဲ့ မျက်နှာပြောင်တိုက်လာရလောက်အောင် ဒီက ငတ်တဲ့ရုပ်ပေါက်နေလို့လား"

"မပေါက်ပါဘူး၊ တော်တော်လှတယ်၊ တကယ် တို့ရဲ့ သတို့သမီးထက်အများကြီးသာတယ်၊ ဒီတိုင်းလေးနေတာကိုက လှတာ.."

"ရှင်...ရှင်နော်..."

လွှာ မျက်နှာလေး ရဲတွတ်သွားကာ ညှို့ခံပွဲဆီက မီးရောင် ခပ်ဖျော့ဖျော့လေးအောက်မှာ မျက်နှာကိုထပ်၍ ငုံ့ချပစ်လိုက်မိသည်။

"ဆောရီး.. မင်းကိုတို့က မြင်မြင်ချင်း ခင်တာ၊ ခင်လို့ စတာပါ၊ မင်းကိစ္စရှိလို့လား၊ ပြောလေ..ဖေဖေနဲ့သိတာလား၊ ဖေဖေနဲ့တွေ့ချင်လိုက်ခဲ့လေ..."

"ဒီမှာ ရှင်ဘာဖြစ်လို့ တလွဲတွေချည်းပြောနေတာလဲ"

"သိဘူးလေ..မင်းက ဘာမှမပြောတော့ ကိုယ်ထင်တာ ကိုယ်ပြောရတာပေါ့.."

လွှာက နေထီးဆောင်းမျက်နှာကို မျက်မှောင်တွန့်တွန့်လေးနှင့် မော့ကြည့်ကာ

"ရှင်က နေထီးဆောင်းလား.."

"ဟုတ်ပ..."

"ဒီက ရွှေရုပ်လွှာ.."

"ဟင်...ဘာ..ဘယ်လို.."

ပြုံးနေသည့်မျက်နှာ ချက်ချင်းပြောင်းလဲသွားကာ သူ့ကိုယ်လုံးကြီးပါ လှုပ်လှုပ်ရှားရှားဖြစ်သွားတာတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ရွှေရုပ်လွှာ.."

သူ့ထပ်မေးပုံက မယုံနိုင်စွာ..

ဒီမိန်းကလေးကို စတင်မြင်ဖူးလိုက်ကတည်းက ရင်ထဲမှာ အစကတည်းက ရင်းနှီးနေခဲ့သလို ဝင်စမိ..ဝင်ပြောမိ..

မဆီမဆိုင် မျက်မှန်လေး ကားအက်ဆီးဒင့်ဖြစ်တဲ့ကိစ္စမှာတောင် သူကြားထဲက ဝင်ပါခဲ့မိသေးသည်။

မကြာခဏတွေ့မြင်ခဲ့တာလည်း ဘာဖြစ်လို့မှန်းမသိ။

သူမနဲ့တွေ့ဖူးသည့်နေရာလေးတွေရောက်တိုင်း အမှတ်တမဲ့ ရှာဖွေကြည့်မိကာ သတိတရဖြစ်သည်။

ရွှေရုပ်လွှာဖြစ်လေမလားလို့ဖြင့် နည်းနည်းလေးမှ မတွေး မိခဲ့ပါလား။

နှစ်ယောက်သား မျက်လုံးချင်းဆုံကာ ငေးမောနေမိကြသည်။

နေထီးဆောင်းရင်ထဲမှာ ဘာကိုမှန်းမသိဘဲ မောလျကြွေဆင်းသွားလေသည်။

သေချာကြည့်လေ သိပ်လှသောမျက်နှာလေးမှာ သူတအံ့တဩငေးမောခဲ့ဖူးသည့် အစိတ်အပိုင်းလေးတွေက ပီပြင်လာလေ..

"ဒါ...ဒါဆို..ခင်ဗျားမှာ ကျောက်စိမ်းပြားတစ်ခြမ်း ရှိနေတယ်ပေါ့.."

"ဟုတ်တယ်.. အဲဒါကို ရှင်းမလို့အခုလာတာ"

"မင်း..ကိုယ်ထည့်ထားတဲ့ကြော်ငြာကိုတွေ့လို့လာ တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်."

"ကိုယ့်ကိုပေးခဲ့မှာပေါ့"

တို့ကနေ ကိုယ်ဖြစ်သွားသည့်သို့ကို မော့ကြည့်ပြီးလွှာက နှုတ်ခမ်းလေးမဲ့ပစ်လိုက်သည်။

"ဘာဖြစ်လို့ပေးရမှာလဲ"

"ကိုယ်က ကျပျောက်တယ်လို့ ကြော်ငြာထားတာ၊ မင်း ရောက်လာတာ ပြန်ပေးဖို့ပဲ ဖြစ်ရမှာပေါ့"

လွှာက ရှည်လျားစွာဖြန့်ချထားသည့်ဆံနွယ်တွေယိမ်း နွဲ့သွားသည်အထိ ကိုယ်ကို ခပ်နွဲ့နွဲ့ယိမ်း၍ လက်ပိုက်လိုက်ကာ ရယ်လည်းရယ် မဲ့လည်းမဲ့၍

"သေချာစဉ်းစားပြီးမှပြောလေ၊ အဲဒီပစ္စည်းကို စကိုင် မိတာ ဘယ်သူလဲ၊ ရှင် ဆရာကြီးလုပ်ပြီးဓားပြတိုက်လို့ဒီက ခြိမ်းပေးခဲ့ရတာ၊ ရှင့်ဆီက တစ်ခြိမ်းကိုပေးဖို့ပဲစဉ်းစား"

"ဟာ...ဘယ်ရမလဲ၊ နေဦး..မင်း..မင်း..အိမ်ထောင် ပြုလိုက်ပြီလား.."

"အံမယ်.. အဲဒါ ရှင်နဲ့ဘာဆိုင်လဲ"

"အဟွန်း...ဆောရီး..."

သူက ရယ်ကျဲကျဲမျက်နှာနှင့်ဆံပင်တစ်ချက်သပ်ကာ

"ကိုယ်မေးတာက ဒီလို၊ မင်း ဒီကျောက်စိမ်းပြားရဲ့ ထူးခြားမှုကို တွေ့နေပြီလားလို့ပါ၊ ကိုယ် ဒါကို သိမ်းဆည်း လာခဲ့သမျှ ဘာမှ မထူးခြားခဲ့ဘူး၊ အခုနှစ်ပိုင်းကျမှ တိုက်တိုက်ဆိုင် ဆိုင် လက်ထပ်ဖို့တွေလည်းဖြစ်၊ ဒီပုံကို ထပ်ပြန်ဆွဲမိလည်း ကြိုးစားမိတယ်၊ လက်ထပ်ဖို့ကြောင့်လား၊ ပုံဆွဲမှာ ကြောင့်လား



www.burmeseclassic.com

www.burmeseclassic.com



တော့မသိဘူး၊ ထူးခြားမှုတွေဖြစ်လာတယ်''

''ဟုတ်လား··ဒါဆိုလည်းဒုက္ခများမခံနဲ့၊ လွှာ့ကို ပြန်ပေးလိုက်''

''ဘာ့ယ်ရမလဲ··''

လွှာ့မျက်နှာကိုကြည့်၍ လွှာလည်းဒီလိုအဖြစ်မျိုးတွေကြုံခဲ့ရပြီကို သူတွက်မိလိုက်ကာ

''မင်းက မိန်းကလေး၊ မိုပြီးမကောင်းဘူး၊ ဒီတော့အဲဒါကိုယ့်ကိုပဲပေး··''

''မပေးနိုင်ပါဘူး၊ ဒီမှာ လွှာက နောက်နေ့ဆို ခရီးရှည်ထွက်ရတော့မှာ၊ ဒါကြောင့် ရှင့်ဆီကို ညတွင်းချင်းရောက်လာတာပေါ့၊ လွှာ့ပစ္စည်းလွှာ့ကိုပဲပေးပါ''

''မပေးနိုင်ဘူး''

''ရှင်··ယောကျ်ားဖြစ်ပြီး ပစ္စည်းမက်လှချည်လား''

''မင်းကကော·· ဒီကျောက်စိမ်းပြားတန်ဖိုးကိုမက်လို့ယူထားတာလား''

''ဝေးသေးတယ်၊ ကျောက်စိမ်းပြားမကလို့ စိန်ပြားပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး''

''မင်းလိုပဲ မင်းမပေးနိုင်သလိုမျိုး ကိုယ်မပေးနိုင်တာ''

''ဒီနှစ်ချပ်ကိုပူးတွဲပြီး လွှာက နေရာတကျ ပြန်ပို့ပေးမှာ··''

''ကိုယ်လည်း ဒီအတိုင်းပဲလေ''

''လွှာက မနက်ဖြန်သွားမှာ၊ ရှင်ကခုမှမင်္ဂလာဆောင်တာ''



www.burmeseclassic.com

www.burmeseclassic.com



"သြော်.. ဒါဆို မင်းကတော့ မင်္ဂလာဆောင်ပြီးပြီ ပေါ့.."

တစ်မျိုးတမည်ပြောင်းလဲသွားသည့် သူ့မျက်နှာကို ကြည့်ကာ လွှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဟန်းနီးမွန်းထွက်ရင်း အဲဒါကို သွားဖို့ မှာ"

သူက နှုတ်ခမ်းနှစ်လွှာကို စေ့ပိတ်၍ကိုယ်ကိုင်းကာ

"ကိုယ်လည်း မင်္ဂလာပွဲပြီးတာနဲ့ အဲဒီကို ဟန်းနီးမွန်း ထွက်မှာ၊ ကိုယ့်ကိုပေးခဲ့လိုက်ပါ"

"နေထီးဆောင်း..ရှင် တကူးတက လာရတဲ့လူကို ရင်ဆိုင်အောင် လုပ်ရက်တယ်နော်.."

"ဘာတကူးတကလဲ၊ မင်းဆီမှာ အဲဒါရှိနေမှန်းသိရင် အဲ..မင်းကို ရွေရုပ်လွှာမှန်းသိရင် ကိုယ်လည်း အဲဒီလိုတကူး တကရောက်လာမှာပဲ၊ မင်းပေးမလား"

"ရှင်...ကပ်ပိုးကပ်ဖဲ့မပြောနဲ့၊ ဟိုမှာလူတွေ လှမ်း ကြည့်နေပြီ၊ လွှာကို ဘူတာမှာလာပို့ပေးပါ"

"ဆောရီးပဲ ကိုယ်မပေးနိုင်ဘူး"

လွှာ...ဒေါသဖြစ်လွန်း၍ အသားတဆတ်ဆတ်တုန် သွားသည်။

"ရှင်ဘာဖြစ်လို့ ဒီလောက်တောင် ကပ်သပ်နေရတာ လဲ.."

"အဲဒီတစ်ခြမ်း ပျောက်နေတာကို စိတ်ဝင်စားလို့ပေါ၊ မင်းမပေးဘူးဆိုလည်း ပြဿနာမရှိပါဘူး၊ မင်းနဲ့ကိုယ် တစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



စီယူထားကြတယ်ဆိုတဲ့အဖြစ်ကို ကိုယ်ကျေနပ်တယ်”

သူ့မျက်လုံးတွေက ရီဝေဝေ ရွှန်းလဲ့နေသည်။

ဘယ်လိုအဓိပ္ပယ် သက်ရောက်သွားမှန်းမသိသော်လည်း သူ့မျက်လုံးတွေကို လွှာနားလည်နေသလိုလို‥

“ညှိသည့်ကို မှုခေါ်ဘဲ ဒီနားမှာဘာလုပ်နေတာလဲ ကိုနေရယ်‥အားနာစရာကြီး‥”

အဖြူရောင် ဂါဝန်လှလှလေးနှင့်သတို့သမီးက လွှာကို စူးစူးရဲရဲကြည့်၍ နေထီးဆောင်းလက်ကို ချိတ်တွဲလိုက်သည်။

စကားလုံးက ဖော်ရွေဟန်ရှိပေမယ့် မျက်လုံးတို့က လွှာကို ညှို့ခံလို၍ ခေါ်ခြင်းမျိုးမပါ။

“သူက တို့အလုပ်ထဲကမိတ်ဆွေလေ၊ ဟိုမှာ အရေးကြီးညှိသည်ရောက်နေလို့တဲ့၊ အဲဒါလာပြောတာ၊ လွှာ‥လာလေ မုန့်စားသွားဦး”

သူက ဟန်မပျက်ဝင်ပြောသည်။

လွှာကတော့ ဂရုမစိုက်ပါ။

ဟန်ဆောင်လေးပင်ပြုံးမပြဖြစ်ဘဲ ကားတံခါးကိုဖွင့် ၍

“မစားတော့ပါဘူး၊ လွှာပြန်တော့မယ်”

သတို့သမီးကိုပါ နှုတ်ဆက်သလို ဝေ့ကြည့်ကာ ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။

ဘာမှလည်းဖြီးလိမ်းမထားဘဲနှင့် ဝင်းစက်နေအောင်လှသည့်လွှာဆိုသော မိန်းမကို စိမ်းက မျက်မှောင်ကုတ်၍လိုက်ကြည့်သည်။

နက်မှောင်နေသည့်, မျက်ခုံးတန်းလေးတွေ၊ တလက်





လက်တောက်ပနေသော မျက်ဝန်းအစုံ‥

ဆေးကူမထားဘဲ အိစွေးစိုရဲနေသည့်နှုတ်ခမ်း…

ဒီမိန်းမနဲ့ကိုနေ ဘယ်တုန်းကသိနေတာလဲ‥

ပြဿနာတစ်ခုကို အကြိတ်အနယ် ဆွေးနွေးနေပုံပေါ်တာကို သူညှိသည်တွေနှင့်စကားပြောနေပေမယ့် လှမ်းကြည့်ရင်း အကဲခတ်မိသည်။

“ဟော…သတို့သားနဲ့သတို့သမီး ဒီကိုလာဦးလေ‥”

ညှိသည်တွေဆီမှ မာမီလှမ်းခေါ်တော့ နှစ်ယောက်သား ဘာမှမမေးဖြစ် မပြောဖြစ်တော့ဘဲ လှည့်ထွက်လာခဲ့ရသည်။

စိမ်းရင်ထဲမှာတော့ သဝန်တို မကျေနပ်ခြင်းများက လှိုင်းထလျက်… ပို၍ စိတ်တိုဖွယ်ကောင်းသည်က ညှို့ခံပွဲမပြီးသေးမီ နေထီးဆောင်း ဘယ်ရောက်သွားမှန်းမသိတာပင်‥

“ဟဲ့သမီး‥ တလည်လည်နဲ့ ဘာရှာနေတာလဲ”

စိမ်း…ညှို့ခံပွဲကို စိတ်မဝင်စားတော့ဘဲ နေထီးဆောင်းကိုပဲရှာနေတာကို မာမီက သတိထားမိသွားသည်။

“ဟို…ကိုနေ့ကိုရှာနေတာမာမီ‥”

“ဪ‥သူလည်း သူ့ညှိသည်နဲ့သူ လုံးထွေးနေမှာပေါ့‥”

“ဟင့်အင်း‥မဟုတ်ဘူး…”

စိမ်းမကျေနပ်ပါ‥ စိမ်းကိုဆို လက်ချင်းချိတ်လျှောက်ဖို့တောင် ဝန်လေးသလိုလို ရှောင်ဖယ်ဖယ်နှင့် ကိုနေ့ကို စိမ်းမကျေနပ်နိုင်‥



www.burmeseclassic.com

www.burmeseclassic.com



လက်တောက်ပနေသော မျက်ဝန်းအစုံ..

ဆေးကျူမထားဘဲ အိတွေးစိုရဲနေသည့်နှုတ်ခမ်း...

ဒီမိန်းမနဲ့ကိုနေ ဘယ်တုန်းကသိနေတာလဲ..

ပြဿနာတစ်ခုကို အကြိတ်အနယ် ဆွေးနွေးနေပုံပေါ်တာကို သူ့ညီ့သည်တွေနှင့်စကားပြောနေပေမယ့် လှမ်းကြည့်ရင်း အကဲခတ်မိသည်။

"ဟော့...သတို့သားနဲ့သတို့သမီး ဒီကိုလာဦးလေ.."

ဧည့်သည်တွေဆီမှ မာမီလှမ်းခေါ်တော့ နှစ်ယောက်သား ဘာမှမမေးဖြစ် မပြောဖြစ်တော့ဘဲ လှည့်ထွက်လာခဲ့ရသည်။

စိမ်းရင်ထဲမှာတော့ သဝန်တို မကျေနပ်ခြင်းများက လှိုင်းထလျက်... ပို၍ စိတ်တိုဖွယ်ကောင်းသည်က ဧည့်ခံပွဲမပြီးသေးမီ နေထီးဆောင်း ဘယ်ရောက်သွားမှန်းမသိတာပင်..

"ဟဲ့သမီး.. တလည်လည်နဲ့ ဘာရှာနေတာလဲ"

စိမ်း...ဧည့်ခံပွဲကို စိတ်မဝင်စားတော့ဘဲ နေထီးဆောင်းကိုပဲရှာနေတာကို မာမီက သတိထားမိသွားသည်။

"ဟို...ကိုနေ့ကိုရှာနေတာမာမီ.."

"သြော်...သူလည်း သူ့ဧည့်သည်နဲ့သူ လုံးထွေးနေမှာပေါ့.."

"ဟင့်အင်း..မဟုတ်ဘူး..."

စိမ်းမကျေနပ်ပါ.. စိမ်းကိုဆို လက်ချင်းချိတ်လျှောက်ဖို့တောင် ဝန်လေးသလိုလို ရှောင်ဖယ်ဖယ်နှင့် ကိုနေ့ကို စိမ်းမကျေနပ်နိုင်..



www.burmeseclassic.com

www.burmeseclassic.com



"ဟေး..စိမ်းညို"

သူငယ်ချင်းတွေ အနားရောက်လာကြပြန်သည်။

"တို့ပြန်တော့မယ်၊ ဘယ်မှာလဲ ယူ့ဒါလင်ကြီး"

"သူ...ဟိုဘက်..အဲ..ဘယ်ရောက်သွားမှန်းမသိဘူး ဟ..."

"အေးပါ..ကဲကဲ.. ထားပါတော့.. ယူ့ကိုပြောမလို့"

"ဘာလဲ"

စိမ်းမျက်နှာလေးက နေထီးဆောင်းကိုသာ မသိမသာ ရှာဖွေနေမိလျက် သူငယ်ချင်းပြောတာကို စိတ်မဝင်စားနိုင်။

ကျော့က စိမ်းလက်ဖဝါးကို ဆုပ်ကိုင်ပြီး နားနားကပ်၍

"ထွတ်တစ်ယောက်တော့ မိုးမလင်းဘူးသိလား"

"ဟင်...ဘာမိုးမလင်းတာလဲ"

ထွတ်ဆိုတော့ စိမ်းလှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ထွတ်လွင်ဆိုတာ သူ့မဘဝအတွက် အမှတ်တမဲ့ထား လိုက်လို့မရလောက်အောင် အရေးပါခဲ့ဖူးသူ..

"အရက်တွေသောက်နေတာပေါ့၊ နင့်ကိုလည်း တော် တော်စိတ်နာသွားပုံပဲ၊ ဒါပေမဲ့ ကြွေနေတာ သနားစရာဟာ"

"ဘယ်တတ်နိုင်မလဲ၊ ထွတ်လွင်ထက် နေထီးဆောင်း က ဆွဲဆောင်မှုတွေ ရှိနေတာ၊ ရုပ်ရည်ကော၊ ပစ္စည်းဥစ္စာပါ ပိုပိုမိုမိုကြီးရယ်..."

ညှို့ခံပွဲမှာ လူအတော်ရှင်းသွားမှ စိမ်းခြံထဲဘက်ကို လျှောက်ထွက်လာခဲ့မိ၏။

"ဟင်.."



www.burmeseclassic.com

www.burmeseclassic.com



စိမ်းခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။

"ကြည့်စမ်း..ကိုနေ..."

ကျောက်ခုံဖြူဖြူလေးပေါ်မှာ ထိုင်နေသည့် နေထီးဆောင်း ကိုယ်မှာ အဖြူရောင်ဝတ်ထားတာမို့ အမှောင်ရိပ်ထဲမှာပေမယ့် ထင်းနေသည်။

ထို့ပြင် ကိုယ့်ဘက်ကိုကျောပေးထိုင်နေသော်လည်း ဘေးမှာယှဉ်တွဲထိုင်နေသည့် မိန်းကလေးတစ်ယောက်၏ ခန္ဓာ ကိုယ်နွဲ့နွဲ့ဟာ.. နေထီးဆောင်းရင်ခွင်တစ်ခြမ်းထဲထိ တိုးဝင်နေ တာကိုလည်း ရှင်းရှင်းကြီးမြင်နေရသည်။

မိန်းကလေး ဝတ်ထားသည်က အဖြူရိပ်ရိပ်ဖျော့ဖျော့ ဆံပင်ရှည်တွေ ဖားလျားပြန့်ကျနေသည်။

စော်စောက လာသွားသည့်မိန်းမပါ။

ဟုတ်တယ်..သူပဲ..ပြန်သွားပြီဆိုပြီး ဒီမှာလာချိန်းတွေ့ နေကြတာ.. ဒီလောက်ထိ အတင့်ရဲနေကြသလား..

"တောက်..."

စိမ်းဒေါသဖြစ်ဖြစ်နှင့် ထိုနေရာသို့ပြေးဝင်သွားမိ၏။

"အမေ့..."

ဂါဝန်ဖားဖားပုံပုံကြီးက နှင်းဆီပင်မှာ ငြိကာ ပန်းအိုး လည်း လဲ၍ လူပါ ခလုတ်တိုက်မိ၏။

"အား.."

ခြေထောက်မှာ စူးခနဲ အောင့်သွားသည်။

"ဟင်...စိမ်း..ဘာဖြစ်တာလဲ"

နေထီးဆောင်း နောက်လှည့်ကြည့်ရာ ကျော့ကယာ



www.burmeseclassic.com

www.burmeseclassic.com



ထပြေးလာ၏။

"သွား..ရှင်..ရှင်လာမကိုင်နဲ့.. ဘယ်မှာလဲ ဟိုမိန်းမ"

"ဟင်...ဘယ်မိန်းမလဲ"

စိမ်း ခြေထောက်မှာတာကိုမေ့သွားကာ ချက်ချင်းကျုံးထ၍ ထိုနေရာကို ပြေးသွားကြည့်မိ၏။

ခြံထောင့်က မလွယ်ပေါက်နှင့် သိပ်ကွာတာတော့ မဟုတ်။

"ရှင်..ဟိုမိန်းမကို ဒီမလွယ်ပေါက်ကနေ ပြေးခိုင်းလိုက်တာပေါ့..ဟင်... ဘယ်ရောက်သွားလဲ၊ ဘယ်ကိုပုန်းခိုင်းလိုက်တာလဲ"

"ဟောဗျာ.. မင်း ဘာတွေပြောနေတာလဲ၊ ကိုယ်ခေါင်းမူးလာလို့ ဒီမှာ အေးအေးလူလူ လာထိုင်နေတာ၊ ဘယ်မိန်းမမှ မရှိဘူး"

"ရှိတယ်၊ စိမ်းမျက်စိနဲ့တပ်အပ်မြင်တာ၊ ရှင့် သူ့ကိုဖက်ထားတာ၊ ဆံပင်ရှည်ကြီးနဲ့၊ စောစောက ကားနဲ့ရောက်လာတဲ့မိန်းမပဲ၊ ညှော်ခံပွဲထဲ မဝင်ဘဲ ပြန်သွားတဲ့မိန်းမ၊ အဲဒါ သေချာတယ်.."

"သမီး..."

"သား.."

"ဟဲ့..ဘာဖြစ်ကြတာလဲ၊ မင်္ဂလာပွဲကြီးထဲမှာ.."

လူကြီးတွေရော၊ သူငယ်ချင်းအချို့ပါ ရောက်လာကြသည်။

နေထီးဆောင်း ရုက်လွန်း၍ဘာမှလည်း မရှင်းတတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ စိမ်းအတင်းအော်နေသမျှ တက်တစ်ချက်ခေါက်၍ လှည့်ထွက်လာခဲ့မိတော့သည်။

"သူ..သူ..မိန်းမတစ်ယောက်နဲ့ဒီမှာ ချိန်းတွေ့နေတာ"

စိမ်းက ဒီစကားပဲ တွင်တွင်ပြောနေတော့သည်။

နေထီးဆောင်း၏ဖခင်မှာလည်း သားကိုယုံကြည်သော်လည်း လောလောဆယ် သားနဲ့သူ့ဘကိုမှ မရှင်းတတ်တာကြောင့် မျက်နှာပူ အရှက်ရကာ လှုပုံအလယ်မှာ ခြေလှမ်းမှားနေရှာသည်။

စိမ်းက ငိုယိုကာ တိုက်ကြီးပေါ်သို့ပြေးတက်သွားတော့သည်။

"ဘယ်လိုဖြစ်တာလဲ သားရယ်.."

"မသိတော့ဘူးဖေဖေ၊ ကျွန်တော် လုံးဝမဟုတ်ဘူး၊ သူက၊ဘာမှ မဟုတ်ဘဲနဲ့ သက်သက်ကိုအရှက်ခွဲတာ"

"သမီးလေး ဒီလောက်ဖြစ်သွားတာ သူမြင်လို့သာ ပြောတာဖြစ်မှာပေါ့.."

သတို့သမီးရှင်ကလည်း မျက်နှာမကောင်းတော့။

"ကျွန်တော် အဲဒီလောက် သိက္ခာမမဲ့ပါဘူး အန်တီ၊ ဒီလောက်ထိ သံသယဝင်စရာရှိနေရင်လည်း ဒီမင်္ဂလာပွဲကို ခေါင်းညိတ်လက်ခံဖို့မလိုဘူး၊ ဖေဖေနဲ့ ကျွန်တော့်ကြားမှာ ကြိတ်မှိတ်လက်ခံရလောက်အောင် တားဆီးထားတာ ဘာမှ မရှိဘူး.."

"ဟုတ်ပါတယ်၊ ဒါ..: တစ်ခုခုတော့လွဲနေပါပြီ၊.. ကျွန်တော့်သား၊ ကိုယ်ကျင့်တရားကို ကျွန်တော်သိတယ်၊ ဒီလို ဖြစ်ဖို့ မရှိပါဘူးဗျာ.."



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲက မကျေလည်မှုများနှင့်ပြီးဆုံးသွားခဲ့သည်။

စိမ်းအောက်ကို ဆင်းမလာတော့ဘဲ ညဉ့်နက်တော့မှ သူ အပေါ်ထက်တက်သွားဖြစ်၏။

တံခါးက ဖွေထားသည်။

တွန်းဖွင့်လိုက်သောအခါ စိမ်းသည် နှစ်ယောက်အိပ်မွေ့ယာကြီးထက်မှာ အသည်းအသန် ငိုယိုရင်း အိပ်ပျော်သွားပုံနှင့် ခပ်စောင်းစောင်း ဖရိုဖရဲ လှဲအိပ်နေ၏။

သူ အသံမပေးဘဲ နှစ်ယောက်အတွက်ပေးထားသည့် ဗီရိုထဲက အဝတ်တစ်စုံကိုဆွဲထုတ်လိုက်သည်။

မင်္ဂလာအဝတ်အစားကိုလဲဝတ်ထားခဲ့ပြီး ခေါင်းအုံးကို ဒီဘက်ကနေ အသာလေးဆွဲ၍ အပြင်ထွက်လာခဲ့၏။

ဒီည ဖေဖေတို့တော့ အပေါ်ထပ်တက်လာကြမှာ မဟုတ်ပေ။ အခန်းရှေ့ ဧည့်ခန်းဆိုဖာ ဆက်တီပေါ်မှာပဲ ခေါင်းအုံးကိုပစ်ချကာ နွမ်းလျစွာလှဲချလိုက်မိသည်။

စိမ်းဘယ်လိုမြင်လို့ သူ့ကိုစွပ်စွဲတာလဲ‥

တကယ်ဆို ရွှေရုပ်လွှာပြန်သွားပြီးကတည်းက သူသည် မင်္ဂလာပွဲကို ဘယ်လိုမှ စိတ်မဝင်စားနိုင်တော့ဘဲ ဘေးရှောင်ထွက်ခဲ့မိတာအမှန်ပါ။

ဒါပေမယ့် တစ်ယောက်တည်းတွေးနေဝေနေခဲ့မိတာ အနားမှာ ဘယ်သူမှ မရှိ။ စိမ်းလက်ညှိုးငေါက်ငေါက်ထိုး၍ ငိုကြွေးစွပ်စွဲပုံက တကယ်မြင်၍ တကယ်ဒေါသထွက်နေသကဲ့သို့ သနားစရာ‥

မဟုတ်တာကို သူဘယ်လိုဖြေရှင်းမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဒီထက်စိတ်ညစ်ရအောင်လုပ်မယ်၊ ချစ်သူနဲ့ ဘယ်တော့မှ မပေါင်းစေရဘူး"

အိပ်မက်လိုလို ရာဇဝင်ထဲက ပုံရိပ်တစ်ခုကို သတိရလာမိ၏။ ဒါတကယ်ဖြစ်နေပြီလား။

ချစ်သူနဲ့မပေါင်းရတာ ထားပါတော့···

လက်ထပ်ခဲ့ရပေမယ့် သူချစ်လို့လက်ထပ်ရတာမဟုတ်၊ ပေါင်းရဖို့ မပေါင်းရဖို့ကို သူ စိတ်မဝင်စားပါ။

ခုလို အရှက်တကွဲသိက္ခာကျစေခဲ့သည်ကတော့ ရက်စက်လွန်းပါသည်။

သူသာမဟုတ်···

ဖေဖေ့ကိုပါ မျက်နှာငယ်ခဲ့ရတော့··ဒီပြဿနာ ဒီလောက်နဲ့တင် အေးဆေးသွားမှာမဟုတ်။

စိမ်းနိုးလာလျှင် ဘယ်လို ဆင့်ပွားရှုည်ထွက်လာဦးမည်မသိ··· ဒါကို သူဘယ်လိုရှင်းမလဲ။

ရွှေရုပ်လွှာကော လက်ထပ်ပြီးပြီဆိုတော့ ဒီလိုပြဿနာမျိုးတွေနဲ့ ကြုံတွေ့ခဲ့ပြီးပြီလား····။

"သားရေ···"

အတွေးအာရုံထဲမှာ နစ်မျောနေဆဲ ဖေဖေရောက်လာသဖြင့် သူလှည့်ကြည့်လိုက်၏။

"ဖေဖေ···"

"ကိုထွန်းဝတို့လင်မယား ဒီည ဒီမှာပဲအိပ်ကြလိမ့်မယ်၊ အဲဒါ သားအပေါ်ထပ်မှာ စီစဉ်ပေးလိုက်မလား၊ ဖေဖေတော့ အောက်ထပ် ဧည့်သည်အိပ်ခန်းမှာပဲထားမလားလို့ ·ကောင်းပါ့



www.burmeseclassic.com

www.burmeseclassic.com



မလား..”

သူ...လဲလျောင်းနေရာကနေတာ ကဗျာကယာထလိုက်၍ ခေါင်းညိတ်လိုက်မိသည်။

“ကောင်းပါတယ်ဖေဖေ၊ သူတို့လည်း ညှိသည်ပဲဟာ၊ အောက်ထပ်မှာပဲ ထားလိုက်လေ၊ ဘာဖြစ်လို့လဲ”

ဦးမိုးမြင့်က နေထီးဆောင်းမျက်နှာကို တစ်ချက်စိုက်ကြည့်၍

“သားက ဒီမှာ ဘာဖြစ်လို့ထွက်အိပ်ရတာလဲ”

နေထီးဆောင်း လိုးလွှဲဖြေချိန်မရတော့ပါ...

ဖြေလို့လည်း ဖေဖေက ယုံမှာမဟုတ်။

“ကျွန်တော်..ကျွန်တော်..စိတ်ညစ်လို့ပါဖေဖေ၊ ပြီးတော့ သူအိပ်ပျော်နေလို့ မနှောင့်ယှက်ချင်တာနဲ့ ဒီမှာထွက်နေတာပါ..”

ဆင်ဝှေ့ရန်ရှောင်ဖြေလိုက်ပေမယ့် ဦးမိုးမြင့်ကသိပါသည်။

သက်ပြင်းမှျင်းမှျင်းချပြီး နေထီးဆောင်းထိုင်နေသည့် ဆိုဖာနောက်မှ ခပ်ဖြည်းဖြည်းလျှောက်နေရင်းမှ

“ဖေဖေ စိတ်မကောင်းပါဘူး၊ မင်းဖေဖေ့အလိုဆန္ဒအတိုင်း ခေါင်းညိတ်ပေးခဲ့တာကို ဖေဖေကျေးဇူးတင်တယ်၊ ဆက်ပြီးတော့လည်း ငါ့သားသည်းခံလိုက်ပါ။ ဒီညဖြစ်သွားတဲ့ကိစ္စဟာ အကျယ်တဝင့်ဖြစ်သွားတာမှန်ပေမယ့် သားကို ဖေဖေယုံကြည်တယ်၊ ဒါပေမဲ့ သူတို့ကတော့ မိန်းမလေးရှင်ချီတော့ ဒေါသမကင်းဘူးပေါ့၊ ဒီတော့ သူ့ရွှဲ့ကိုယ်ရွှဲ့မနေပါနဲ့သားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သားကပဲလျှော့ပေးပြီး အလိုက်အထိုက်ဆက်ဆံလိုက်ပါ"

"ကျွန်တော် နားလည်ပါတယ်ဖေဖေ၊ ဖေဖေသာ စိတ်ချမ်းသာအောင်နေပါ"

ဦးမိုးမြင့်ကခေါင်းညိတ်သည်။

"ဖေဖေတွေးမရတာ တစ်ခုပဲရှိတယ်၊ စိမ်းကားဘာဖြစ်လို့ ဒီလောက်အပ်ချမတ်ချ စွပ်စွဲပြီး ငိုကြီးချက်မဖြစ်သွားရတာလဲ၊ သားကို ဖေဖေယုံကြည်တာက တစ်ပိုင်း၊ မိန်းကလေး ဒီလောက်ဖြစ်သွားတာကို အံ့ဩမိတာကသပ်သပ်၊ ဖေဖေပြောတာကို သားနားလည်ရဲ့လား"

"နားလည်ပါတယ်ဖေဖေ၊ ကျွန်တော် ဖေဖေ့ကိုလည်း ပြောပြစရာတွေရှိပါတယ်၊ ဒီမှာထိုင်ပါဦးဖေဖေ"

"သားအိပ်တော့လေ၊ ညဥ့်နက်နေဦးမယ်၊ မနက်ကျမှပဲ ပြောလည်းရတာပဲ"

"မအိပ်ချင်ဘူးဖေဖေ၊ ပြီးတော့ ဒီကိစ္စကိုအမှတ်တမဲ့ နေခဲ့တာပေမယ့် ဖေဖေ့ကိုတမင်ထိန်ချန်ထားသလိုကြီးဖြစ်နေလို့ပါ"

"ဘာလဲသား..."

ဦးမိုးမြင့်က သူ့ဘေးမှာပဲ ဝင်ထိုင်လိုက်၏။

ညဥ့်နက်ပြီဆိုပေမယ့် သားအဖနှစ်ယောက်စကားပြောနေမိကြရင်း သန်းခေါင်ကျော်သွားခဲ့သည်။

ဦးမိုးမြင့်သည် ကြားရသောစကားများနှင့်နေထိုင်ခြင်းဆိုတ်ပြသည့် ကျောက်စိမ်းပြားလေးကို ထူးဆန်းအံ့ဩစွာ ကြည့်ပတ်ကြည့်ရှုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို ဟိုတစ်ခါက အပြည့်အစုံမပြောမိခဲ့ဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီတုန်းက ထူးခြားမှုမတွေ့ဘူး လေ၊ ဒါကို ပြင်မယ် ပြုမယ်လုပ်တော့မှ အိပ်မက်တွေမက်၊ ခုလို ပြဿနာတွေဖြစ်နဲ့ရှုပ်လာတာ၊ ကျွန်တော်ကတော့ ဒါနဲ့ပတ်သက်နေမယ်လို့ထင်နေပြီ၊ ဖေဖေ စဉ်းစားကြည့်ပါဦး"

"သိပ်ပတ်သက်တာပေါ့သားရယ်၊ ဂမ္ဘီရဝိဇ္ဇာဥ်ဆိုတာမင်းတို့ ဖေဖေတို့ သိတဲ့ ဖုတ်၊ ပြိတ္တာ၊ သရဲဆိုတာတွေထက် အများကြီးအစွမ်းထက်တယ်၊ သူတို့မှာ လူကိုပဉ္စလက်ဆန်တဲ့ လှည့်စားမှုတွေနဲ့ အနိုင်ယူနိုင်စွမ်းရှိတယ်၊ နှစ်များစွာ သိုသိပ်ဖြစ်တည်နိုင်တယ်၊ တကယ်တော့ ကျိန်စာတစ်မျိုးမျိုးနဲ့ ဆုတောင်းမှားခဲ့ကြသူပေါ့"

"ဒါဆို ဒီပန်းချီထဲက ပုဂ္ဂိုလ်တွေဟာ တကယ်အသက်ဝင်နိုင်တယ်ပေါ့ဟုတ်လား"

"ဖြစ်ခဲ့ဖူးတာတွေရှိတယ်၊ ဘယ်သူမှ လက်ဆုပ်လက်ကိုင်မပြနိုင်ဘူးဆိုတာက ဒီဘက်ခေတ်မှာ တိုးတက်ပြောင်းလဲလာခဲ့တဲ့ အတွေးအခေါ်အယူအဆတွေက ဒါတွေကို လက်မခံတဲ့ဘက်မှာ အားများလာတာကိုး၊ ဒီပစ္စည်းနဲ့ဒီအဖြစ်ကိုသာ မင်္ဂလာကိစ္စမတိုင်ခင်က ဖေဖေသိခဲ့ရင် ဒီမင်္ဂလာပွဲကို ကျော်ထားပြီးတဲ့စကားတစ်ခွန်းကြောင့် မဖြစ်မနေ စီစဉ်တာမျိုးလုပ်ဖြစ်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲဖေဖေ"

ဦးမိုးမြင့်က ကျောက်စိမ်းပြားကို အသာချ၍ ခေါင်းကိုလေးတွဲ့စွာ ခါယမ်းနေပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်ပုံမတွဲမိသရွေ့ တစ်ခြမ်းစီပိုင်ထားတဲ့ သားနဲ့ ဟိုမိန်းကလေးဘဝ ဒုက္ခရောက်ကြဦးမှာပဲ၊ သားပြောသလိုဆို သူလည်း အိမ်ထောင်ကျနေပြီဆိုတော့ သူ သားဖြစ်သလို အခြင် မပြေမှုတွေ သူ့မှာလည်းရှိမှာပဲ၊ သားတို့နှစ်ယောက်ဆိုးကျိုး ဖြစ်ဖြစ်၊ ကောင်းကျိုးဖြစ်ဖြစ် ထပ်တူဖြစ်ကြမှာ ကျိန်းသေတယ်"

"ဗျာ..."

နေထီးဆောင်း ခုမှ ရင်မောရမှန်းပို၍သိလာပြီး ဦးမိုးမြင့် က ဆက်ပြောနေသည်။

"အကောင်းဆုံးက တစ်ယောက်ယောက်က အလျှော့ပေးပြီး ဒီနှစ်ခြမ်းကို ပြန်ဆက်နိုင်ဖို့ပဲ၊ ဖေဖေထင်တယ်၊ ဒီကျောက်စိမ်းပြားထဲက နှစ်ယောက်ဟာ သားနဲ့ ဟိုမိန်းကလေး နှစ်ယောက်နဲ့ အကြောင်းဆက်တွေပါနေကြသလားပဲ"

"ဟင်..."

ဦးမိုးမြင့်ပြောသည့်စကားကို သူနားမလည်ပါ။

"ဒီအဖြစ်တွေစခဲ့ပြီး ပြန်တွေ့ခဲ့ကြတာသာ ခုလို နောင်မကျခဲ့ဘူးဆိုရင် သားတို့နှစ်ယောက် ဆုံဆည်းကြမှာအမှန် ပဲ၊ ခုတော့ ဒီလိုမဖြစ်ဘဲ အလွဲလွဲအချော်ချော်တွေဖြစ်လာတော့ ခုလို မဖွယ်မရာတွေကြုံရတာပေါ့၊ တကယ်လို့ သားတို့နှစ် ယောက် ပြန်ဆုံပြီး ပေါင်းဖက်ဖြစ်သွားရင် အားလုံးအခြင်ပြေ သွားမှာ.."

သူ့ရင်ထဲမှာ လှိုက်ခနဲနွေးသွားသည်။

ရွှေရုပ်လွှာ၏ ဝင်းစက်အိထွေးသော မျက်နှာလှလှ လေးကို သတိရကာ ဘာကိုမှန်းမသိဘဲ ရင်ထဲမှလှိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



မောလျှသွားခဲ့ကာ မင်္ဂလာဆည့်ခံပွဲကိုတောင် ဂရုမစိုက်နိုင်ခဲ့တဲ့ အဖြစ်···

သူကိုယ်တိုင် ရွှေရုပ်လွှာနှင့် စတင်ဆုံဆည်းမိစဉ် က တည်းက သူမဟာ ရွှေရုပ်လွှာမှန်း သိခဲ့လျှင် ထိုထက်ပိုမိုသော စိတ်ဝင်စားမှုတွေဖြစ်ခဲ့မိမှာ အမှန်ပင်···။

အခြေအနေတွေဟာလည်း ခုလိုဖြစ်ချင်မှ ဖြစ်လိမ့်မည်။

ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့သော ထိုအမည် နာမလေးကို ရင်ထဲမှာ အမြဲသိမ်းထားခဲ့မိပါလျက်နှင့် သည် မျက်နှာလေးကို အမှတ်တမဲ့ကြည့်ကာ သတိတရ မတွေးဖြစ်ခဲ့ တာကို နောင်တရလို့မဆုံး··

"ကဲ··ကဲ·· သားအိပ်တော့၊ ဆာရင်လည်း အောက်မှာ တစ်ခုခုဆင်းစား"

စကားဖြတ်၍ ဦးမိုးမြင့်က ထရပ်လိုက်သည်။

"မစားတော့ဘူး ဖေဖေ·· ဖေဖေစားချင်ရင် ကျွန်တော် သွားလုပ်ပေးမယ်လေ··"

"နေ···နေ··· ဖေဖေ အိပ်လို့မရဘဲနေမယ်·· ဂွတ်ဒ် နိုက်သား··"

"ဂွတ်ဒ်နိုက်ဖေဖေ··"

သူတစ်ယောက်တည်း ကျန်ခဲ့တော့ မနက်သုံးနာရီခွဲပြီး နေပြီ··· စိမ်းတစ်ယောက် တုတ်တုတ်လှုပ်သံမှမကြား··

နေပစေ·· မနိုးတော့ စကားများရသက်သာတာပေါ့··

သူလည်း မေးခနဲအိပ်ပျော်သွားခဲ့တာ မိုးလင်းသွားလို့လင်းမှန်း မသိ··



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို သေးပြတင်းပေါက်က နေခြည်နုနုလေး တိုးဝင်ထိုးကျနေမှ သူနိုးလာ၏။ အိပ်ခန်းကို လှည့်ကြည့်တော့ တံခါးက စေ့လျက်သားပဲဖြစ်ကာ စိမ်းအပြင်ထွက်သွားပြီလား၊ အိပ်နေတုန်းပဲလားမသိ။

ထိုစဉ် အောက်ထပ်က တက်လာသည့် အိမ်ဖော်မလေး သန်းသန်းကိုမြင်လိုက်သောကြောင့်…

"သန်းသန်း…"

"ရှင်‥အကိုလေး"

"လာဦး ဒီကို‥"

သန်းသန်းရောက်လာတော့ သူအုံးထားသည့် ခေါင်းအုံးကို လှမ်းပေး၍

"စိမ်း နိုးသွားပြီပေါ့"

"ရှင်… ဟင့်အင်း‥ဘယ်သူမှဆင်းမလာလို့ ဘဘက တက်ကြည့်ခိုင်းတာ၊ မနိုးကြသေးရင် နှိုးခဲ့တဲ့၊ ကိုယ်လက် သန့်စင် စားသောက်ပြီးမှ ပြန်အိပ်လို့ပြောတဲ့"

ဒါ‥ဟိုတုန်းကတည်းက ဖေဖေရဲ့စည်းကမ်းတစ်ခုပါ။

ဘာအကြောင်းကြောင့်ပဲ အိပ်ရေးပျက်ထားထား မိုးမလင်းခင် ထရသည်။ မျက်နှာသစ် ရေမိုးချိုး သန့်စင်ပြီး မနက်စာစား‥ ပြီးမှ ပြန်အိပ်‥

နေမြင့်အောင် အိပ်ပြီးမှ ထလာတာကို မကြိုက်ပေ… ဘယ်သူမှ ဆင်းမလာဘူးဆိုတော့ သူအံ့သြသွားမိသည်။

စိမ်း‥တရေးမှ မနိုးသေးတာလား‥

တရေးနိုးလာလျှင်တော့ ဒီတိုင်း ငြိမ်ငြိမ်သက်သက်



www.burmeseclassic.com

www.burmeseclassic.com



လေး ပြန်အိပ်မှာ မဟုတ်တာသေချာသည်။

သို့သော် ..သိပ်လည်း စိတ်မဝင်စားဘဲ သန်းသန်းကို သာမေးဆတ်ပြကာ

"အဲဒါ အိပ်ရာပေါ်မှာသွားထားခဲ့၊ မနိုးသေးရင် နှိုးသွားဦး"

"ဟုတ်ကဲ့..."

ခေါင်းအုံးယူပြီး သန်းသန်း အခန်းထဲဝင်သွားမှ သူညက ဒီတိုင်းချထားခဲ့မိသည့် ကျောက်စိမ်းပြားကို သူလွယ်နေကျ ကြိုးသိုင်းအိတ်ရှည်လေးထဲကို ပြန်ထည့်လိုက်ရ၏။

သူ့ပုံစံကပဲ စတိုင်တစ်မျိုးထွင်နေသလိုလို သူငယ်ချင်းတွေက စနောက်ကြသည်။ အမြဲတမ်းတော့ ဒီကျောက်စိမ်းဆွဲပြား မပါပါ။

ခုကျမှ အခန်းထဲပြန်ဝင်၍ သိမ်းနေရမည်စိုးပြီး လက်တစ်ဝါးခန့်ရှိသော ကြိုးပြားသာသာအိတ်ကလေးထဲကို အလွယ်တကူထည့်ပိတ်ထားလိုက်မိခြင်းဖြစ်၏။

ပြီးကျမှပဲ သေချာပြန်သိမ်းရမည်။

သူ အိတ်ကိုသေချာကိုင်တွယ်နေဆဲမှာပင် စိမ်းညို့လွင်၏မိခင် ဒေါ်သူဇာကအပေါ်ထပ်သို့ရောက်လာ၏။

သူမနောက်မှာ ခင်ပွန်းဖြစ်သူ ဦးကျော်ဝ.. နှစ်ယောက်လုံး၏မျက်နှာများက ပျော့ပျော့ပျောင်းပျောင်းမရှိပေ..

"သမီး မနိုးသေးဘူးလား မောင်နေ.. ဒီလောက်ကြာကြာ တစ်ခါမှ အိပ်ဖူးတာမဟုတ်ဘူး၊ ညက ဘာတွေဖြစ်ကြသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးပုံက စစ်ဆေးသလိုလို အမိန့်ပေးသလိုလို.. ကိုယ်ကပဲ တရားခံတစ်ဦးကဲ့သို့...

နဂိုကတည်းက ကျွတ်ဆတ်ဆတ်ရှိခဲ့သည့်စိတ်က သည်းခံတတ်သည့် ပါရမီရှိခဲ့တာမဟုတ်..

နေထီးဆောင်း မျက်နှာတင်းခနဲဖြစ်သွားပြီးမှ ဖေဖေ့စကားကို သတိရကာ နှုတ်ခမ်းစေ့၍ ပင့်သက်ရှိုက်ထိန်းသည်။

"သူဟာသူ ဝင်အိပ်နေတာ၊ ညကတည်းက ကျွန်တော်နဲ့ စကားတစ်ခွန်းမှကို မပြောရသေးဘူး၊ ဘာမှဖြစ်စရာကို မရှိတာ.."

"ဒါပေမယ့် ညက..."

ဒေါ်သူဇာ စကားမဆက်ရသေးမီ...

"အား...."

သန်းသန်း၏ စူးစူးဝါးဝါးအော်သံက အားလုံးကို တုန်လှုပ်ချောက်ချားသွားစေလျက်...

"အစ်ကိုလေး...အစ်ကိုလေး..."

သန်းသန်း.. ကတုန်ယင်ပြေးထွက်လာကာ နေထီးဆောင်းခြေရင်းမှာ ခွေခနဲ ပုံလဲသွားကာ..

"ဟို..ဟို....အိပ်ရာပေါ်မှာ မမစိမ်း.."

"ဟင်...စိမ်းဘာဖြစ်လို့လဲ"

"သေ...သေနေတာ..."

"ဟာ..."

"အမလေး...လုပ်ကြပါဦး..."

ဒေါ်သူဇာတို့ အော်ဟစ်၍ အခန်းထဲပြေးဝင်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အိတ်ကိုကိုင်လျက် ဆတ်ခနဲ ထရပ်လိုက်မိသည်။

ထို့နောက် နောက်ကပြေးလိုက်ဝင်၍ အိပ်ရာထက်ကို လှမ်းကြည့်မိ၏။

စိမ်းည ညက သူလှမ်းမြင်လိုက်သည့်ပုံအတိုင်း တံခါးဝကိုကျောပေးလျက် အိပ်ရာထက်မှာ ခပ်စောင်းစောင်း ကပိုကရိုလေး ငြိမ်သက်နေတာသည်။

"သမီး…အမလေး…အမေ့သမီးလေး…"

"မကိုင်နဲ့သူ့ဇာ..နေဦး…ရင်ဘတ်မှာသွေးတွေရှိနေတယ်.. လူသတ်မှု…"

ပြောရင်း ဦးထွန်းဝ မျက်နှာကြီးက နေထီးဆောင်းထံ ဒိုင်းခနဲ ပြေးရောက်လာ၏။ သူ့နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်မိ၏။

"ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ ညက ကျွန်တော် သူနဲ့ ဘာစကားမှ မပြောဖြစ်ဘူး၊ ဒီမှာလည်း ကျွန်တော် မအိပ်ဘူး"

ဒေါ်သူဇာ အသားဆတ်ဆတ်တုန်ကာ သူ့နားပြေးကပ်၍ လက်ကို အားကုန်လွှဲကာ ရိုက်ချလိုက်သည်။

နေထီးဆောင်းက ခေါင်းငုံ့ရှောင်လိုက်ပြီး ဒေါ်သူဇာလက်ကို လက်တစ်ဖက်နှင့်ခံထားလိုက်၏။

"အန်တီ..ထင်ရာတွေမစွပ်စွဲပါနဲ့၊ ကျွန်တော်နဲ့ဒီကိစ္စ ဘာမှ မဆိုင်ဘူး.."

"ဘာလို့မဆိုင်ရမှာလဲ၊ ညက မင်းရည်းစားဟောင်းနဲ့ အလွမ်းသယ်လို့ သမီးနဲ့ ရန်ဖြစ်ကြတာ လူတွေအားလုံးသိတယ်၊ မြင်ကြတယ်၊ မင်းတက်ခေါက်အံကြိတ်နေတာလည်း ငါသိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မင်း..မင်း..ငါ့သမီးလေးကို သတ်တာ...''

''နေကြပါဦး ကိုထွန်းဝ.. ဒီကိစ္စ ဒီလောက်တာဝ်အပ်ကြီးစွပ်စွဲမနေသင့်ပါဘူး၊ ခေါင်းအေးအေးထားပြီး..''

''ဘာရှင့်...''

ဦးမိုးမြင့် အားလုံးကြားထဲပြေးဝင်လာတော့ ဒေါ်သူဇာ ဇွေ့ဇွေ့ခုန်သွား၏။

''သမီးတစ်ယောက်လုံး ပိုးစိုးပက်စက်အငြိုး ကြီးကြီး အသတ်ခံရထားတဲ့ကိစ္စကို ကျွန်မတို့က ခေါင်းအေး အေးထားရမယ်ဟုတ်လား...''

''ဒီ...ဒီလိုပါ၊ နှစ်ဦးသဘောတူကျေနပ်ပြီး မင်္ဂလာပွဲ ဖြစ်ခဲ့တာပါ၊ ခုလို သွေးထွက်သံယိုသတ်ပစ်ရလောက်အောင် လည်း အငြိုးကြီးခဲ့ကြတာဘာမှ မရှိတာဗျာ၊ ပြီးတော့ ဒီဆိုဖာ ပေါ်မှာ ညက သားနဲ့ကျုပ် သုံးနာရီလေးနာရီထိ စကားပြောနေ ခဲ့ကြတာပါ၊ မှန်းလို့သတ်ပြီးမှတော့ ဘယ်သူက အေးဆေးထိုင်နေ မှာလဲ၊ ပြေးပြီပေါ့...''

ဒေါ်သူဇာ တွေခနဲဖြစ်သွားပြီးမှ

''အို...မဟုတ်ဘူး၊ ဒါ သူသတ်တာ၊ မင်္ဂလာအိပ်ခန်း ကြီးထဲထိ ဘယ်လူစိမ်းက ဝင်သတ်မှာလဲ၊ ဝင်တော့ရော ဒီမှာ ရှင်တို့ ငုတ်တုတ်ရှိနေတယ်ဆိုရင်ဘာမှ မသိဘဲနေမလား၊ ဒီထက် ရှင်းတာ ဘာမှမရှိတော့ဘူး၊ ကိုကြွယ်..ရဲစခန်းကိုဖုန်းဆက်..''

''ဟာ..နေကြပါဦး...ကျွန်တော့်သား..''

''တော်ပြီ..တော်ပြီ...ငါမယုံ ငါ့မယားပြေးကြည့် စကားတွေကိုမယုံဘူး၊ ကိုကြွယ် သွား..ဖုန်းဆက်..''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မဟုတ်ဘူး၊ မဟုတ်ဘဲနဲ့ အဖမ်းမခံနိုင်ဘူး..."

"သား..."

"တိတ်ကောင်..."

"ဟဲ့ကောင်-နင်မပြေးနဲ့နော်"

နေထီးဆောင်း နောက်ကို လုံးဝလှည့်မကြည့်တော့ဘဲ အိမ်ပေါ်ကနေ တောက်လျှောက်ပြေးဆင်းလာခဲ့သည်။

လမ်းပေါ်ပြေးတက်၍ ကားငှားသည်။ ကားပေါ်ရောက်ခဲ့သည်အထိ ဒေါသက တရှိန်ရှိန်တက်နေခဲ့၏။

မခံချင်စိတ်ကြောင့် အံကြိတ်ထားမိကာ တက်ခေါက်မိတာ ခဏခဏ...

တောက်...တော်တော်ဖေယားရှုပ်တဲ့မိန်းမ... သေချင်လည်း လွတ်ရာကျွတ်ရာမှာ သွားသေလိုက်ပါလား..တစ်ဘက်သားကို ဒုက္ခပေးဖို့ အစက ချန်ထားခဲ့သေးသည်။

လက်ထဲမှာ ဆွဲထားလျက်သား ပါလာသည့်အိတ်ကို ငုံ့ကြည့်ကာ စိတ်အေးသွားရသေးသည်။

အထဲမှာငွေပါသည်။

"ဘယ်ကိုမောင်းရမလဲ ညီလေး..."

ကားဆရာမေးတော့ သူရုတ်တရက်မဖြေနိုင်ဘဲ ဘယ်အရပ်ကိုသွားရမလဲဆိုတာ စဉ်းစားရသေးသည်။

လောလောဆယ် တိုင်ပင်ဖို့ ကြည်လွင့်ဆီအရင်သွားဦးမည်။ ဒီကောင် မိန်းမခိုးသွားတာကို သူအစစအရာရာ ကူညီခဲ့သည်။ နောက်ပိုင်းမှာ မတွေ့ဖြစ်ခဲ့တာတော်တော်ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိဘအိမ်ပြန်ရောက်နေကြပြီလား…

ဒါမှမဟုတ် နိုးပြေးခဲ့ကြတဲ့အိမ်မှာပဲလား‥ အိတ်ထဲက ဟန်းဖုန်းလေးကိုထုတ်ဆက်ဖို့ စိတ်ကူးမိပေမယ့် မိန်းမခိုးသွားတော့ လက်ချည်းသက်သက်နှင့် ကြည်လွင်မှာ ဖုန်းပါမသွားတာကို သတိရကာ ဖုန်းဆက်ဖို့ကို ဖယ်ထုတ်လိုက်ရင်း

"တာမွေ(×××)ကိုမောင်းဗျာ‥"

သူ့သေချာပို့ပေးခဲ့သည့် ကန်တော်ကြီးဘေးနားက ပျဉ်ထောင်အိမ်ပုလေးကိုရောက်တော့ ကားခရှင်းပေးလိုက်ပြီး တံခါးနားကိုထွက်လာခဲ့၏။ တံခါးကို ခေါက်ရုံပဲ ခေါ်ထားတာမို့ ခပ်တိုတို ပျဉ်ချောင်းလေးတွေနှင့်တံခါးကို အသာတွန်းဖွင့်ဝင်ခဲ့မိ၏။

သို့သော် အထဲကအသံတွေကြောင့် သူ့ခြေလှမ်းတွေ ဖိနပ်ချွတ်လေးနားရောက်မှ တုံ့ခနဲရပ်သွားခဲ့၏။

"စဉ်းစဉ်းစားစားလည်းပြောပါစံရယ်၊ ခိုးလာတာမှ ဆယ့်ကိုးရက်ပဲရှိသေးတာ၊ ခုချိန်ထိလည်း မင်းမိဘက အအပ်ခံသေးတာမဟုတ်ဘူး၊ ဒီအခွားကြီးက အဆိုးဆုံးပဲ၊ ဒါကို ခဏသွားချင်တယ်ဆိုတော့‥"

"ဘာဖြစ်လဲ…ကိုလွင်၊ မေမေတို့က ဒီလောက်မဟုတ်ဘူး၊ ဘွားဘွားပြီးရင် ပြီးကြတယ်၊ အခု ဘွားဘွားကမကြည်ဖြူတာ စံကိုဘွားဘွားက အချစ်ဆုံး၊ ချစ်လို့ခုလိုဖြစ်နေတာ စံသိတယ်၊ အဓိကက ဘွားဘွားကျေနပ်ဖို့ပဲ၊ စံမျက်နှာကိုမြင်ရင် ဘွားဘွားက ကျေနပ်သွားမှာ‥"

"ကျေနပ်မသွားဘဲ ပြန်မလွှတ်တော့ရင် ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ ဘာလဲ··မင်းက မင်းသူငယ်ချင်းရွှေရုပ်လွှာလို မင်္ဂလာဆောင်တဲ့ည သတို့သားကားမှောက်သေလို့ မုဆိုးမ ပူပူနွေးနွေး အပျိုရည်မပျက်တာကို အားကျလို့လား··"

"အို···ဘာဆိုင်လို့လဲ၊ ဟိုက အပျိုမုဆိုးမ၊ စံက ကိုလွင်နဲ့ခိုးလာတာ ဘယ်လောက်ကြာပြီလဲ၊ ကိုလွင်လည်း ကားတိုက်သေစရာအကြောင်းမရှိဘူး"

"အေးလေ·· ကိုလွင်မသေပေမယ့် မင်းထွက်သွားရင် ကွဲကြမှာကတော့သေချာတယ်၊ ကိုယ်သိတယ်စံ·· မင်းအဘွား မင်းကို ပြန်လွှတ်မှာမဟုတ်ဘူး၊ ဒီလောက်ခါးခါးသီးသီးဖြစ်နေတာကို သွားဖို့စိတ်ကူးသေးတယ်"

"ဟင့်အင်း··သွားမှာပဲ၊ စံအဆင်းရဲမခံနိုင်ဘူး၊ ဘွားဘွား ကျေနပ်အောင် ချော့မယ်၊ မေမေတို့လက်ခံအောင်ကြိုးစားမယ်၊ ကိုလွင်လည်း သိပ်မချမ်းသာပေမယ့် ဆင်းရဲတဲ့သူမှမဟုတ်တာ"

"အင်းလေ···မင်းကို··ကိုလွင် တင့်တင့်တယ်တယ် ထားနိုင်ပါတယ် စံရယ်·· မသွားပါနဲ့တော့၊ ရက်နှစ်ဆယ် တစ်လ လောက်နဲ့ မင်းအချိန်မရွေး အပျိုပြန်ဖြစ်နိုင်တယ်၊ မင်းရဲ့အဘွားက သိပ်ဂုဏ်မောက်တာ၊ ကိုလွင်နဲ့မင်းကို ပြန်ပေါင်းခွင့် မပေးဘူးဆိုတာ ကိုလွင် တစ်ထစ်ချယုံနေတယ်၊ မသွားနဲ့နော်၊ စံကလိမ္မာပါတယ်"

"ကိုလွင်နော်·· ပေး·· သူများလက်မှတ်"

"မသွားပါနဲ့စံရယ်·· ကိုလွင့်ကိုသနားရင် မသွားနဲ့နော်"

"ဟင်··အို··ကိုလွင်နော်··လက်မှတ်ကို ဆုတ်မပစ်နဲ့၊ စံ သည်းမခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဆုတ်ဘူး..ဒါဆို လွှင့်ပစ်မယ်"

အခေါက်ခေါက်စက္ကူထုထုလုံးလုံးက နေအိမ်ထဲကနေ လွှင့်ထွက်လာကာ သူ့ခြေရင်းမှာဖြုတ်ခနဲကျ၏။

သူကောက်ကြည့်လိုက်တော့ ကြွေမွနေသည့် ရထား လက်မှတ်တစ်စောင်..

"ဟာ..ဖိုးနေ...လာလေကွာ.."

နှစ်ယောက်သား တွတ်ထိုးထွက်လာကြရင်း သူ့ကိုမြင် တော့ ကိုယ်ရှိန်သတ်ကာ လှချင်းခွဲလိုက်ပြီး..

"ဟဲ..ဟဲ..ဒီ...ဒီမှာကွာ၊ မိန်းမက အိမ်ပြန်မယ်လုပ် နေလို့.."

"အိမ်ပြန်မှာမဟုတ်ပါဘူး၊ စံက ဘွားဘွားဆီသွား တောင်းပန်မလို့..."

သူ ရထားလက်မှတ်လေးကိုဆုပ်ကိုင်ရင်း အိမ်ပေါ် လှမ်း တက်လိုက်ကာ..

"ဟုတ်တော့ဟုတ်ပါတယ် မစံ..ဒီအချိန်မှာ ခဏတော့ အောင့်နေလိုက်ပါဦး.. လူကြီးတွေစိတ်ဆိုးပြေတော့မှ အားလုံး သူ့အလိုလို ပြီးသွားမှာပါ၊ မစံတို့ ဘာလိုအပ်လို့လဲ၊ ကျွန်တော် ကူညီပါ့မယ်"

"ဟို...ဟို...မလိုပါဘူး"

မိုးမိုးစံက သူ့ကို အားနာဟန်နှင့် ခေါင်းခါပြ၍ ကြည်လွှင့်ကို မျက်စောင်းထိုးသည်။

"ဟဲ..ဟဲ..."

ကြည်လွှင်က အားရကျေနပ်သံကြီးနှင့်စပ်ဖြဲဖြဲ..



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရွှေရုပ်လှာနဲ့ မစံက သူငယ်ချင်းလား"

သူကောက်ခနဲ မေးလိုက်တော့ မိုးမိုးစံက အံ့ဩဟန်လေး ဖျတ်ခနဲ ထင်သွားကာ

"စံနဲ့ သိတာပဲရှိတာ၊ ညီမလေး စိုးစိုးစံနဲ့က သူငယ်ချင်းလေ၊ တစ်လမ်းတည်းနေကြတာ.."

"ဪ..."

"ကိုနေက လှာ့ကိုသိလို့လား.."

သူမျက်မှောင်ကုတ်ကုတ်နှင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး..

"သိတယ်.. ဒါပေမဲ့... သူ့အိမ်ထောင်ကျသွားတာကိုတော့ မသိလိုက်ဘူး.."

နေထီးဆောင်းမျက်နှာ မှုန်ကုတ်ကုတ်ကိုကြည့်၍ မိုးမိုးစံက တစ်မျိုးသဘောပေါက်သွားကာ မျက်နှာလေးချက်ချင်းပြုံးကျသွားလျက်...

"လက်ထပ်တာက နာမည်ပဲပျက်သွားတာပါ၊ သတို့သားက ဘက်ချလာနိုက်မှာပဲသေသွားလို့၊ လုံးဝမပေါင်းလိုက်ရဘူး၊ အပျိုစစ်စစ်လေးအတိုင်းပဲ.."

သူ...မိုးမိုးစံအပြုံးကိုလည်း ဖြေရှင်းဖို့မကြိုးစားတော့ပါ...

လောလောဆယ်.. ကိုယ့်မှာက လူသတ်ဝရမ်းပြေးဘဝနဲ့..

"ကဲ.. ငါ့မှာ သိပ်အရေးကြီးလာတာ၊ ဒီလက်မှတ် ငါ့ကိုပေးကွာ၊ မစံလည်း ဒီတိုင်းပဲနေဦး၊ အကူအညီလိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကြည်လွင် မင်း··ငါ့အဖေဆီသွားလိုက်··"

"အဲဒါက ထားပါဦး၊ မင်းက ရထားလက်မှတ်ယူပြီး ချက်ချင်းကြီးဘယ်ကိုလဲ"

"ငါ့ကိစ္စအရေးကြီးလို့ပါ၊ မင်း မကြာခင် ဒါတွေသိလာမှာပါကွာ·· ဒီလက်မှတ်ကိုငါယူသွားမယ်၊ အဆင်ပြေတဲ့ဘက်လိမ့်မှာပဲ၊ ဒါက လောလောဆယ် ထွက်ပေါက်တစ်ခုပေါ့၊ မင်း ငါ ဒီလမ်းသွားတာကို ဘယ်သူ့မှ မပြောမိပါစေနဲ့"

"ဟိတ်ကောင်·· ခဏထိုင်ပါဦး၊ ငါနားရှုပ်ကုန်ပြီ"

ဘာမှန်းမသိဘဲရောက်လာပြီး ခရီးသွားမည့်ပုံစံလည်း ဘာမှမရှိဘဲ ရထားလက်မှတ်တောင်း၍ ဟန်တပြင်ပြင်ဖြစ်နေသူကို ကြည်လွင် ပါးစပ်အဟောင်းသားဖြစ်အောင် အံ့သြနေမိ၏။

နေထီးဆောင်းကတော့ လက်ကာပြခဲ့ပြီး နေရာမှလှည့်ထွက်လာခဲ့တော့သည်။

ဒီလောက် မှာခဲ့ပြီဆို ကြည်လွင်တစ်ယောက် သူဘယ်သွားတယ်၊ ဘာပြောသွားတယ်ဆိုတာကို ဘယ်သူ့မေးမေး ရိုက်စစ်တာတောင် ဖွင့်ပြောမှာမဟုတ်ဘူးဆိုတာ ယုံကြည်ပြီးသား။

နာရီကို ငုံ့ကြည့်လိုက်တော့ ရှစ်နာရီထိုးတော့မည်။

သူကားတစ်စီး ဖမ်းတားကာ

"ဦးလေး··ဘူတာကို အမြန်ဆုံးရောက်အောင် မောင်းပေးစမ်းပါ"

"အေး···အေး···"

***



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၃)
## အခန်း (၁၉)

**နေထီးဆဲဆောင်းနဲ့ ဧကရာဇ်မှာ**

ရထားစထွက်တော့ အခန်းထဲမှာ ကိုယ်တစ်ယောက်တည်း ရှိနေရမှာသေချာသလောက်ဖြစ်သွားတာကြောင့် လှာ စိတ်ချမ်းသာသွားမိသည်။

ခရီးဆောင်အိတ်ထဲက စားသောက်စရာ အတိုအထွာလေးတွေပဲ လောလောဆယ် ထုတ်ယူပြီးစားပွဲပေါ်မှာတင်ကာ ခုံမှာထိုင်လိုက်ရုံပဲရှိသေးသည်။

"ဒေါက်…ဒေါက်…"

တံခါးခေါက်သံကြောင့် လှာထောင်းခနဲဖြစ်သွား၏။

"ဒေါက်…ဒေါက်… ဒုန်း.."

"လာပြီ.."

တစ်ဖက်က စိတ်မရှည်မှုကို ပြလာတော့ ခပ်ဆောင့်ဆောင့်လှမ်းအော်ကာ လှာတံခါးထဖွင့်လိုက်လျှင်..

"ဟင်…ရှင်..ရှင်.."



www.burmeseclassic.com

www.burmeseclassic.com



"မင်း....."

တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ခဏမျှငေးငိုင်သွားကြပြီး သူ့နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားတာတွေ့လိုက်၏။

"ဖယ်ပေးဦး..ကိုယ်ဝင်မလို့..."

"ဘာဖြစ်လို့ ဝင်ရမှာလဲ"

"ကိုယ်လည်း လက်မှတ်ဝယ်ထားတာ"

ပြောပြီး လွှာ့အပြောကိုမစောင့်ဘဲ ဖွတ်တိုးဝင်လာသဖြင့် လွှာကိုယ်လေး တိမ်းပေးလိုက်ရသည်။

ဒီလူ ညကမှ မင်္ဂလာပွဲကျင်းပနေသေးတာဘယ်နှယ့်ကြောင့် တစ်ကိုယ်တည်း ခရီးထွက်လာပါလိမ့်..

လက်ထဲမှာလည်း ဘာဝန်စည်စလယ် ပစ္စည်းမှ သယ်ပိုးလာတာမတွေ့...

"ဟား...ရေခဲဘလာတာနဲ့အတော်ပဲ၊ ကိုယ် ရေနည်းနည်းသောက်မယ်နော်.."

သူက စားပွဲခေါ်မှာ ထိုင်ချလိုက်ပြီး ရေသန့်ဘူးကို ကောက်ကိုင်သည်။ ပြီးတော့ လွှာ့ခွင့်ပြုချက်ကို မစောင့်ဘဲ အဖုံးဖွင့်၍ မျက်နှာမော့ကာ ပါးစပ်ထဲသို့လောင်းချနေ၏။

ဘယ်လောက်ထိတောင် ရင်ပူလာမှန်းမသိ။

ဘူးထဲမှာ ရေတစ်ဝက်ထိကျသွားမှ ဘူးကို ပြန်ချ၍ အဖုံးပိတ်လိုက်၏။ ထို့နောက် မျက်ခုံးကျုံ့ပြီး မတ်တပ်ကလေး ကနေ သူ့ကို စိုက်ကြည့်နေသော လွှာ့မျက်နှာလေးကိုမော့ကြည့်ပြီးပြုံကာ..

"ထိုင်လေ...ဒီထဲမှာ မင်းနဲ့ကိုယ်နှစ်ယောက်ပဲရှိမှာ၊



www.burmeseclassic.com

www.burmeseclassic.com



တရင်းတနှီးပေါ့..''

သူက စကားစလိုက်၍

''မနေ့ကမင်္ဂလာဆောင်ပြီး ဒီနေ့တစ်ယောက်တည်း ခရီးထွက်လာတာကို မင်းတွေးနေတာမဟုတ်လား''

''ဟုတ်တယ်..ရှင့်ပုံစံက အိမ်ပြေးနဲ့တူနေလို့''

လွှာပြောချလိုက်တော့ သူက ပခုံးတွေလှုပ်အောင်ရယ်သည်။

ထိုအခါ ထူထဲတန်းနက်သော မျက်ခုံးအစုံက ခပ်တွန့်တွန့်ဖြစ်လျက်.. မျက်ဝန်းတွေ မှေးကျသွားကာ သွားတန်းဖွေးပေါ်လာပုံသည် ထိုသူ့မျက်နှာကို လွန်စွာ တင့်တယ်စေခြင်းကို ဖြစ်စေ၏။

''မင်းတကယ်တော်တယ်၊ ဒါပေမယ့် လွဲနေသေးတယ်၊ ကိုယ်က ပြေးတော့ပြေးလာတာပဲ၊ဒါပေမယ့် အိမ်ပြေးမဟုတ်ဘူး၊ ဝရမ်းပြေး..''

''ဘယ်လို...''

''လောလောဆယ် ကိုယ်လူသတ်မှုနဲ့ ပြေးနေရတယ်လေ...''

''မြတ်စွာဘုရား...''

လွှာ အသံမထွက်ဖြစ်သော်လည်း မျက်လုံးလေး အနည်းငယ်ဝိုင်းသွားကာ နှုတ်ခမ်းလေးနှစ်လွှာ ခပ်ဟဟပွင့်သွားလေသည်။

သူက လွှာ့မျက်နှာလေးကို စိုက်ကြည့်၍

''မကြောက်ပါနဲ့၊ ကိုယ်တကယ်မသတ်ပါဘူး..''



www.burmeseclassic.com

www.burmeseclassic.com



"သတ်လို့ ရှင်ထွက်ပြေးလာတာမဟုတ်ဘူးလား၊ ဝရမ်းပြေးနဲ့တော့ လှသာတစ်ခန်းတည်းမနေဘူး၊ ခုချက်ချင်း ဖုန်းဆက်ပြောလိုက်မှာ.."

ပြောပြောဆိုဆို လှသာက နေရာမှထလိုက်တော့ သူ ကမန်းကတန်းဖြစ်သွားကာ

"နေဦး...ကိုယ်တကယ်မသတ်ဘူး၊ အဲဒါတကယ်ပါ၊ မိန်းမတစ်ယောက်ကို ဓားနဲ့..အဲ..လက်နက်တစ်ခုခုတစ်ရာနဲ့ အကြောင်းမဲ့ ထိုးသတ်ပစ်ရလောက်အောင်ကိုယ့်စိတ် မကြမ်းတမ်းပါဘူး၊ ပြီးတော့ တကယ်အပြစ်လုပ်ခဲ့တဲ့ သူတိုင်းဟာ ကိုယ့်အပြစ်ကိုယ် ထုတ်မပြောရဲကြဘူး၊ ကိုယ်မင်းကိုပြောပြတာဟာ တကယ် မသတ်ခဲ့ဖူးဆိုတာကိုပြောပြချင်လို့ပါ၊ ခဏထိုင်ပါဦး.."

လှသာ ရုတ်တရက် မထိုင်ဘဲ သူ့မျက်လုံးကိုစိုက်ကြည့်နေမိသည်။ ပြီးမှ သူ့ရှေ့မှာ ပြန်ထိုင်၏။

"ရှင်..လှသာကို ညာဖို့တော့ မစဉ်းစားနဲ့နော်၊ အမှန်အတိုင်းပြော.."

ပြောသင့်တာ မပြောသင့်တာမသိ၊ လှသာက ထပ်မံ၍ခြိမ်းခြောက်လိုက်၏။

"ပြောမှာပါ...ဒါပေမယ့် ဒီအမှန်တရားကို ဘယ်သူကမှ လောလောဆယ် ယုံကြမှာမဟုတ်ဘူး"

"နေပါဦး ရှင်က ဘယ်မိန်းမကိုသတ်ခဲ့တာလဲ"

"ကိုယ်မသတ်ပါဘူး"

"သတ်ခဲ့တယ်ဆိုတဲ့ မိန်းမက"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရဲ့ သတို့သမီး··"

"အို···"

လွှာ··ဒုတိယမွှ အံ့ဩရပြန်ပြီ။ သူ့တစ်ကိုယ်လုံးကိုလည်း တရားခံတစ်ယောက်လို စူးစူးစမ်းစမ်းကြည့်ပစ်လိုက် မိတာ အားနာရကောင်းမှန်းမဆို။

"ရှင်··ရှင်တကယ် မသတ်ခဲ့တာ သေချာရဲ့လား"

"သိပ်သေချာတာပေါ့"

"ဒါဆို ဘယ်သူသတ်တာလဲ"

"ဘယ်သိမလဲ၊ ဒါပေမယ့် တရားခံဘယ်သူဆိုတာ မသိမချင်း ကိုယ်က အချုပ်ခံရမှာ၊ မဟုတ်ဘဲနဲ့တော့ အထင် မခံနိုင်ဘူးလေ၊ အဲဒါကြောင့် ဝရမ်းပြေးလုပ်လာတာ"

"ရှင်သတ်တယ်လို့ စွပ်စွဲရလောက်အောင် ခိုင်လုံနေ လို့လား၊ မဟုတ်တာမှန်ရင် ငြင်းလို့ရတာပဲ"

သူက စိတ်ရှုပ်ထွေးသွားသလို လက်ချောင်းတွေကို ဆံပင်ထဲ ထိုးသွင်းဖွပစ်နေပြီးမှ···

"ခိုင်လုံနေတယ်ဆိုပါတော့··"

ခု ခပ်ငုံ့ငုံ့ ပြော၍ မျက်ခနဲ ပြန်မော့လာပြီး

"မင်္ဂလာပွဲပြီးတော့ သူက···"

တစ်ခုခုပြောမလို့ပြင်ပြီးမှ လွှာ့ကိုကြည့်၍ သူ့မျက်ဝန်း မှာ ရုတ်တရက်ပြောင်းလဲမှုတချို့ ဖြစ်ထွန်းသွား၏။

ထို့နောက်···အားနာသလိုမျိုး မျက်လွှာတစ်ချက်ချကာ

"မင်းနဲ့ကိုယ် စကားပြောတုန်းက သူ မင်းကိုမြင်လိုက် တယ်လေ·· အဲဒါ··"



www.burmeseclassic.com

www.burmeseclassic.com



သူက မင်္ဂလာပွဲက ကိစ္စကိုသေချာပြောပြလိုက်ပြီး

"သူ ခုတင်ပေါ်မှာ သေနေတာ ကိုယ်လုံးဝကိုမသိဘူး၊ ညဦးက အဲဒီလိုတွေဖြစ်ထားတာတွေကော၊ ပြီးတော့ မင်္ဂလာဆောင်ရတာက ကိုယ်နှစ်သက်လို့မဟုတ်တော့ ကိုယ့်စိတ်တွေလေးပြီး အပြင်မှာထွက်အိပ်ဖို့ စိတ်ကူးနဲ့ အထဲကိုလုံးဝပြန်မဝင်တာ၊ အဲဒါကို ဖေဖေပဲသိတယ်၊ ဖေဖေက ကိုယ့်သားဖြစ်နေတော့ သက်သေပြုလို့မဖြစ်ပြန်ဘူး.."

စကားရပ်၍ သူက လွှာ့ကိုကြည့်လိုက်ပြီး

"ညဦးက အကြီးအကျယ်စကားများထားကြတာနဲ့ မိုးလင်းတော့ အိပ်ရာထဲမှာ သွေးထွက်သံယိုဖြစ် သေနေတဲ့အဖြစ်က ဘယ်သူမဆို ကိုယ့်လက်ချက်လို့ပဲ ထင်မှာ၊ သူ့အမေက ဆို ကိုယ်က ဖောက်ပြန်နေလို့ သတ်တာလို့ တပ်အပ်ကြီးစွပ်စွဲတယ်၊ ရဲကိုဖုန်းဆက်ဖို့အတင်းပဲ၊ အဲဒါကြောင့် ဘယ်လိုမှ အဖမ်းမခံနိုင်လို့ထွက်ပြေးလာတာပဲ၊ ဖေဖေကတော့ ဖြေရှင်းပေးဖို့ အတတ်နိုင်ဆုံးကြိုးစားမှာပါ..."

လွှာက မျက်မှောင်လေးကုတ်၍ စဉ်းစားလိုက်ပြီး

"ဒီလောက်ထိ အကြီးအကျယ်ဖြစ်သွားတယ်ဆိုတော့ သူကလည်း သေသေချာချာ မြင်လိုက်တာရှိမှာပဲ၊ ရှင်တကယ်"

"ဟာကွာ..မင်းကပါ စွပ်စွဲချင်ပြန်ပြီ၊ သူကမင်းကို ကိုယ်ဖက်ထားတယ်လို့ စွပ်စွဲတာ၊ မင်းတကယ် ကိုယ့်နားလာခဲ့လို့လား.."

"ရှင်..နော်..."

လွှာ မျက်နှာလေးဆတ်ခနဲ လှဲပစ်လိုက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပန်းသွေးစိုတက်သွားသည့် ပါးပြင်လေးတစ်ဖက်ကို သူမြင်နေရသည်။

"ဆောရီး.. ကိုယ်က မင်းယုံစေချင်လို့ပါ"

လှာ တော်တော်နှင့်အရှက်မပြေနိုင်ဘဲရှိကာ သူ့ကိုလည်း ဒေါသဖြစ်နေမိသည်။

ဘယ့်နှယ့်..ကိုယ်နဲ့ကျမ ပတ်ပတ်သက်သက်...

"ကိုယ့်ဘက်က ဘယ်လိုမှ ရုတ်တရက်ငြင်းလို့မရတာက အိမ်ပေါ်မှာ အိပ်ခန်းထဲမှာ ဖြစ်နေတာရယ်၊ ညဦးပိုင်းက စကားများထားခဲ့တာရယ်၊ ဒီအကြောင်းတွေကြောင့်ပဲ.."

"ဘာပဲဖြစ်ဖြစ် ဟုတ်ရင်ကျော်လာမှာပဲ၊ ရှင် ပုတ်ရင် ပေါ်မှာပေါ့.."

"ကိုယ် မပုတ်ပါဘူး"

"ဒါပေမယ့် ရှင်မငြင်းနိုင်ဘူးမဟုတ်လား"

"ဒါက လောလောဆယ် ဖြစ်နိုင်ခြေတွေ အားလုံးက ကိုယ့်ဘက်ကိုချည်း မြားဦးလှည့်နေတာကိုး"

ရထားကြီးက ဘူတာတစ်ခုမှာ ခဏလေးတို့ဆွဲရပ်လိုက်ပြီးချက်ချင်းပြန်ထွက်၏။

"မင်းက ဘယ်ကိုသွားမလို့လဲ.."

လှာ..ဖြေမလို့ နှုတ်ခမ်းဟလိုက်ပြီးမှ စိတ်ပြောင်းသွားသလိုမျိုးဖြစ်ကာ...

"ဒီလိုပါပဲ.. ရှင်ကကောဘယ်ထိလဲ"

"ဒီလိုပါပဲ.."

"ဟွန်း..."



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတန်မဲ့ သူကလည်း ကတ်မိုးကတ်ဖွဲ့ပြန်လုပ်နေသဖြင့်လွှာက မျက်စောင်းထိုးပစ်သည်။

ကော့နက်သော မျက်တောင်လေးက ဖျတ်ခနဲ ဝိတ်ကျသွားကာ မျက်စောင်းထိုးလိုက်ပုံလေးကို သူငေးသွားမိ၏။

ဟုတ်ပါသည်။ တစ်ချိန်သောအခါက ဒီမျက်နှာလေးကို ခြေဖျားလေးမှစ၍ သူတမေ့တမောငေးကြည့်နေခဲ့ဖူးသည်။

မျက်နှာခပ်လွှဲလွှဲလုပ်ပစ်လိုက်သဖြင့် ပန်းနုရောင်လွှလွှကြားထဲမှ စိမ်းမြမြ နားသယ်စံကလေးများမှာ လည်တိုင်ကျော့ကဆံစပ်လေးတွေထိ သူငေးကြည့်နေမိသည်။

တကယ့်ကို ရွှေရည်ပန်းခက် ဝင်းဝင်းစက်စက်လှနိုင်သူပါ..။ ရွှေရုပ်ကလေးလို လှ၍လည်း ရွှေရုပ်လွှာလို့ အမည်ပေးခဲ့တာ ဖြစ်လိမ့်မည်။

လွှာ ဒီဘက်ကိုလှည့်လိုက်တော့ စူးစူးရဲရဲကြည့်နေသည့် သူ့မျက်လုံးများနဲ့ ဒိုင်းခနဲဆုံကာ ရင်ထဲမှာ လှပ်ခနဲခါသွား၏။

ရုတ်တရက် မနေတတ် မထိုင်တတ်ကြီးဖြစ်ကာ ထရပ်လိုက်တော့

"လွှာ..မင်းက ကိုယ့်အကြောင်းကိုချည်းမေးပြီးတော့၊ မင်းအကြောင်းကိုလည်းပြောဦးလေ.."

"လွှာက ရှင့်လိုပြဿနာပေါင်းစုံနဲ့ ပြေးနေရတဲ့သူမှ မဟုတ်တာ.. ဘာအကြောင်းမှမရှိဘူး.."

"အခု တစ်ယောက်တည်း ခရီးထွက်လာတာဟာ ကော.."

"လွှာ..ယောက်ျားကိုခေါ်လို့မရလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…"

သူ လွှန့်ခနဲပြုံး၍ မျက်ခုံးပင့်လိုက်တော့ လွှာမလုံ မလဲလေး ဖြစ်သွားမိ၏။

"ကိုယ်သာ မင်းယောကျ်ားဆိုရင် ဒီလိုတစ်ယောက်တည်း မလွှတ်ဘူး…"

"ရှင်နော်…ဘာဖြစ်လို့ ဝင်ဝင်နှိုင်းနေတာလဲ"

လွှာ့မျက်နှာလေး ရဲခနဲဖြစ်သွားတာကို သူက မချိုမချဉ် ပြုံးကြည့်၍

"ဟုတ်တယ်လေ၊ ဒီလောက်လှတဲ့ကိုယ့်ဇနီးကို တစ်ယောက်တည်း ဘာလို့လွှတ်မလဲ၊ ပြီးတော့ ဒီအခန်းထဲမှာ ဒီပြင် လူယုတ်မာတွေ မင်းနဲ့အတူရှိနေရင် မခက်ဘူးလား…"

"ရှင်မယုတ်မာဖို့ပဲလိုတယ်"

"ဒါ ပြောလို့တော့မရဘူး"

လွှာ့ဆီက ဒေါသမျက်ဝန်းကလေးတွေ သူ့ဆီကိုပြေး ဝင်လာသည်။ သူက မသိသလိုလုပ်၍ ကုလားထိုင်မှာ ခပ် လျော့လျော့ မှီချလိုက်ပြီး…

"ယောကျ်ားတိုင်း သစ္စာရှိတတ်ကြတာမဟုတ်ဘူးဆို တာကို ပြောတာပါ… အစကရှိရင်တောင် မင်းလိုသိမ်လှတဲ့ မိန်းကလေးတစ်ယောက်အနားမှာ ရှိတဲ့အခါ"

"နေထီးဆောင်း…"

"ဟင်…"

သူက အူကြောင်ကြောင်မျက်နှာနှင့်မေးဆတ်ထိုး၏။

"ရှင် လူကိုခြိမ်းလားခြောက်လား ပြောမနေနဲ့၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာရင် ကိုယ်ယုတ်မာဖို့ ဒီကအဆင်သင့်ပဲ၊ လက်တုံ့ပြန်ခွင့် မရရင် အသက်ကို အရှက်နဲ့လဲသွားမယ်··"

"အလာကြီးပါလား··"

သူက ဟက်ခနဲရယ်၍ ခေါင်းညိတ်၏။

ပြီးတော့ကောက်ခါငင်ကာနှင့်

"မင်းမှာ ကျောက်စိမ်းပြားပါလား··"

"ဘာလဲ ခားပြတိုက်မလို့လို့"

"အပွန့်···မတိုက်ပါဘူး၊ မင်းဆီမှာ အဲဒါရှိနေတာ ကိုယ်ကျေနပ်တယ်၊ ဘာဖြစ်လို့လဲ သိလား"

လှသာက မကျေမနပ်မျက်နှာလေးနှင့်လက်ပိုက်ထိုင်ရင်း စိုက်ကြည့်နေ၏။ သူက လှသာကိုပြန်ကြည့်ကာ

"မင်းနဲ့ကိုယ် ဒါနဲ့ ဆက်နွယ်ပြီး ငယ်ငယ်ကတည်း က တောက်လျှောက်ပတ်သက်နေခဲ့တာ၊ ခုချိန်ထိပဲမဟုတ်လား၊ ပြီးတော့ ထူးထူးဆန်းဆန်းပြန်ဆုံခဲ့ကြတယ်၊ အဲဒီထူးထူးဆန်း ဆန်းကလည်း ခုချိန်ထိ အတူတူပဲ၊ ဒီမှာလှသာ··မင်းလည်းကိုယ့် လိုပဲလက်ထပ်ပြီးတာနဲ့ သတို့သား ဆုံးသွားခဲ့တယ်မဟုတ်ဘူး လား··"

လှသာ··မျက်နှာလေးပျက်ကျသွားကာ ငြင်းဆန်ဖို့အဖြေကို ပျာပျာသလဲ ပြေးရှာနေတာက မျက်နှာလေးမှာအထင်းသား

သူက··လှသာဘာသံမှ မထွက်နိုင်သေးခင်ဆက်၍

"မင်းကော ကိုယ်ကော တစ်စုံတစ်ယောက်နဲ့လက် ထပ်လို့ ဘယ်တော့မှ ရမှာမဟုတ်ဘူး၊ အဲဒါသေချာတယ်"

"ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ၊ ဒါပေမယ့် ဒီထက်ပိုသေချာတာတော့ မရှိဘူး၊ မင်းနဲ့ကိုယ့်အဖြစ်က လုံးဝကိုထပ်တူဖြစ်နေတာ‥"

"ထပ်တူပဲလို့ ရှင်ကိုဘယ်သူပြောလဲ"

သူက ပြုံးလိုက်ပြီး

"မင်းရဲ့မျက်လုံးတွေကပေါ့၊ ကိုယ့်အဖြစ်ကိုပြောပြနေတာ မင်းမျက်လုံးတွေမှာ မင်းအဖြစ်နဲ့ထပ်တူဖြစ်နေတာကို တအံ့တသြကြီးဖြစ်နေတာကိုယ်တွေ့တယ်‥"

"ဒါက ရှင်လိုသလိုဆွဲတွေးနေတာပါ၊ တစ်ခါတလေ တိုက်ဆိုင်မှုတွေက ဖန်တီးထားတာထက် ပိုပြီးဆန်းကြယ်တယ်"

"ထားပါတော့ ဒီတိုက်ဆိုင်မှုတွေ ထပ်ဖြစ်နိုင်မနိုင် သိရအောင် မင်းကိုယ့်ကို ဒီကျောက်စိမ်းပြားလေးတစ်ခြမ်း ပေးပါလား"

"အို‥ဘာလို့ပေးရမှာလဲ"

"သူတို့စုံတွဲပေါင်းစည်းသွားကြည့်၊ တို့နှစ်ယောက် ဒီဒုက္ခတွေ မရှိနိုင်တော့ဘူးလေ၊ စမ်းကြည့်ရအောင်ပေါ့‥"

"ဒါဆို ရှင်က လွှာကိုပေးရမှာ၊ လောလောဆယ် ရှင်က ဝရမ်းပြေး‥၊ လူမြင်သူမြင် သွားလာရဲတဲ့သူမှမဟုတ်တာ၊ လွှာကိုပေးရင် လွှာက အဲဒီနေရာကို ပြန်ထားပေးလို့ရတယ်"

"ကိုယ်လည်းထားပေးလို့ရတာပဲ၊ ကိုယ်ယုံကြည်တယ်၊ ဝရမ်းပြေးဖြစ်ရတဲ့ ကိုယ့်အတွက် ဖေဖေမကြာခင်ရှင်းပေးနိုင်မှာပါ‥"

"လွှာကတော့မထင်ပါဘူး၊ သတို့သမီးဘက်က တိုင်လိုက်ရင် ရှင်ပြေးနိုင်တဲ့လမ်းကြောင်းတွေအားလုံး ပိတ်ဆို့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကံမကောင်းရင် ဒီရထားပေါ်ကတောင် ခွေးပြေးဝက်ပြေးဆင်းပြေး . ရဖို့ရှိတယ် . . ”

နေထီးဆောင်းက ဂရုမစိုက်စွာရယ်ပစ်လိုက်ပြီး

“ကိုယ်ကလည်း ပြောရတယ်၊ မင်းလည်းကိုယ်နဲ့အတူ ပြေးရဦးမှာပဲ”

“ဟွန့် . . . လုံးဝမဆိုင်ဘူး”

လွှာက နှုတ်ခမ်းလေးမဲ့သည်။

ဒါလေးကလည်း လှတာပဲလို့ သူ စိုက်ကြည့်မိပြန်၏။

လွှာ့ကို ကြည့်မိတိုင်း ရင်ခုန်သံက ခပ်ကြမ်းကြမ်းတိုးဆောင့်သွားတတ်တာကို သတိထားမိနေသည်။

အချိန်အားဖြင့်တော့ နောက်မကျသေးဘူးလို့ထင်ပါသည်။ လွှာက ပြတင်းပေါက်ဖွင့်၍ တရိပ်ရိပ်ပြေးလွှားနေသော ပတ်ဝန်းကျင်ရှုခင်းတွေကို ငေးနေသည်။

သူ . . ကုလားထိုင်ကျောမှီမှာ မျက်နှာလွှန်တင်၍ အကြာကြီးငြိမ်သက်နေပြီးမှ ထရပ်လိုက်သည်။

ပြီးတော့ လွှာနံဘေးကို ထွက်သွား၍

“စားစရာတစ်ခုခုမပါဘူးလား၊ ခုထိ ကိုယ်ဘာမှ မစားရသေးဘူး”

“လွှာ့တစ်ယောက်စာပဲ ပါတယ်”

လွှာက လှည့်မကြည့်ဘဲဖြေသည်။

သူ လွှာ့နောက်မှာရပ်၍ ဘေးကပြတင်းဘောင်တစ်ဖက်ကို လှမ်းကိုင်လိုက်တော့ လွှာက သူ့ရင်ခွင်တစ်ခြမ်းသို့ အလိုလို ရောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို နည်းနည်းလေးတောင် စေတနာမရှိဘူးလား"

လွှာ ဒီဘက်လှည့်လိုက်တော့ မိုးနေသည့် သူ့အရပ်ကြီးနှင့်ရင်ဘက်ချင်းထိတော့မလိုဖြစ်သွားကာ ကိုယ်ကို ကဗျာ ကယာ ရှိလိုက်ရသည်။

ဘေးကိုထွက်ပေါက်ရှာတော့ သူက ဖယ်မပေးဘဲ လွှာ လက်တင်ထားသည့် ပြတင်းပေါက်၏အောက်ဘန်းပေါ်ကို လက်တစ်ဖက်ထောက်လိုက်တော့ လွှာရပ်နေရတာ ကျဉ်းကျဉ်းလေး ဖြစ်သွားကာ သူမျက်နှာငုံ့၍ စကားပြောလိုက်လျှင်

"အို..."

လွှာ ခြေဖျားလက်ဖျားလေးတွေ အေးစက်သွားပြီး

သူ့နှုတ်ဖျားက လေးနွေးနွေးက လွှာ့နဖူးပြင်လေးမှာ နွေးသက်စွာ ထိခတ်နေသည့်အဖြစ်က လူကိုချောက်ချားစေကာ

"ရှင်..ရှင်..ဘယ်လိုလုပ်တာလဲ.. ဖယ်ပေး.."

"ဘယ်လိုမှ မလုပ်ပါဘူး၊ မင်းရဲ့ဘေးမှာရပ်နေရုံပဲ ရှိသေးတယ်.."

"ဟင့်အင်း..မရပ်နဲ့ဖယ်.."

လွှာ့ပုံစံက ပြေးပေါက်ပိတ်နေသည့်ငှက်ငယ်လေး သဖွယ် သူ့ရင်ကိုတဖျတ်ဖျတ်လူးခါသွားလောက်အောင် ချစ်စဖွယ်လေးဖြစ်နေသဖြင့် ဆွဲဖက်နမ်းရှိုက်ပစ်ချင်စိတ်တွေထားမရ ဆီးမရဖြစ်လာမိသည်။

သူ ဖျတ်ခနဲ မျက်နှာလွှဲကာ ကိုယ်တစ်ခြမ်းစောင်း၍ လက်တစ်ဖက်ကိုရုတ်ပေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



လွှာ ရင်ခွင်ထဲကထွက်သွားတော့ ကိုယ်သင်းနံ့လေး ဆွတ်ပျံ့ကျန်ခဲ့ကာ သူ့ရင်ခွင်မှာနွေးနေဆဲ....။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဘူတာမှာ ရထားကရပ်နားချိန်ကြာသည်။

သူ ဆင်းသွားပြီး ပြန်တက်လာသော လက်ထဲမှာ စားစရာဘာမှလည်းဘာမလာဘဲ ထမင်းချိုင့်ဖွင့်စားနေသည့် လွှာ့ရှေ့မှာထိုင်ချလိုက်ကာ

"ကိုယ်ဖေဖေ့ဆီ ဖုန်းလှမ်းဆက်တာ"

လွှာ မျက်လွှာတစ်ချက်ပင့်ကြည့်ကာ ထမင်းစားမပျက်ဘဲ ဆက်စားနေပြီး

"ကိုယ့်အမှုက အခြေအနေကောင်းတယ်တဲ့၊ ကိုယ်တို့ အိမ်ဖော်ကောင်မလေးက အရေးကြီးတဲ့အချက်တော်တော်များများကို သက်သေအထောက်အထားပြနိုင်တယ်တဲ့၊ ပြီးတော့ အခန်းထဲမှာ မျက်မှန်တစ်လက် ကျန်ခဲ့တာလည်း သိမ်းမိတယ်တဲ့"

လွှာ..မော့မကြည့်တော့ပါ။

ဒါပေမယ့် သူကဆက်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မဟုတ်ဘဲ ဒီပြင် သူနဲ့ပတ်သက်တဲ့တစ်စုံ တစ်ယောက်က လုပ်ကြံသွားတယ်ဆိုတဲ့ အနေအထားတွေ အများကြီးဖြစ်နေပြီတဲ့၊ ဒါပေမယ့် ဖေဖေက ဆူတယ်၊ 'မင်း' ဒီမှာ အခြေအနေ ရှုပ်နေတုန်း ဘာဖြစ်လို့ မိန်းမခိုးသွားတာလဲတဲ့"

လွှာ··ထမင်းလုတ်လေးပါးစပ်ထဲခွံ့ပြီးလျှက်နှင့် ရပ်တန့်သွား၏။

"ဒီမနက်က ကိုယ်ဘူတာကိုရောက်တဲ့အချိန်လောက်မှာပဲ ဖေဖေမရှိတုန်း အိမ်ကိုဖုန်းဆက်တယ်တဲ့၊ ကိုယ်က ရွှေရုပ်လွှာကိုခိုးပြေးသွားပြီဆိုပြီး··"

"အဟွတ်··အဟွတ်··ဟွတ်··"

ဒေါသ ထောင်းခနဲဖြစ်သွားကာ စကားပြောလိုဇော နှင့် မော့လိုက်စဉ် ထမင်းတွေက ဘယ်လိုလမ်းကြောင်းလွဲ၍ ဝင်ကုန်မှန်းမသိ··

ထိုစဉ် ရထားကြီးက အရှိန်မြင့်မြင့်နှင့်ခုတ်မောင်းနေပြီဖြစ်လေသည်။

"အဟွတ်··အဟွတ်··ရှင်··အဟွတ်··ရှင်···"

"နေပါဦး···နောက်မှရန်တွေ့ပါ၊ ခဏ··ခဏ···"

နေထီးဆောင်း ရေတစ်ခွက်ငှဲ့ချကာ လွှာ့ကိုပေးသည်။

"နည်းနည်းရပ်သွားရင် ဒါလေးသောက်လိုက်··ရော့"

လွှာ မျက်ရည်တွေလည်းကာ မျက်နှာလည်း တွတ်တွတ်နီသွား၏။ လှပသော နှုတ်ခမ်းလွှာလေးများ၏ အထက်အောက်မှာချွေးစလေးတွေ စိုစိုလက်လက်လေးဖြစ်လာလျှက် မျက်လုံးတို့ကလည်း မျက်ရည်ရောင်နှင့်ရောကာ စူးစူးရဲရဲဖြစ်လာပြီး··



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…မဟုတ်က ဟုတ်က ဘာတွေလာပြောနေတာလဲ… ဒါ ကလေးတွေ တူတူပုန်းတမ်းကစားနေတာ မဟုတ်ဘူး"

"မဟုတ်က ဟုတ်ကတွေ ပြောနေတာမဟုတ်ဘူး၊ အဲဒါကိုပဲ ကိုယ်ဘယ်လိုမှ တွေးမရတာ၊ ဒီရထားပေါ်ရောက်လာတည်းက ကိုယ်ဘယ်မှာဆွင်းလို့လဲ၊ မတက်ခင်က ဖုန်းဆက်ခဲ့ရအောင် ဒီရထားပေါ်မှာ မင်းရှိနေမှန်း ကိုယ်ကြိုသိနေခဲ့တာမှ မဟုတ်ဘဲ၊ တွေးလည်းတွေးကြည့်ပါဦး"

လွှာ နှုတ်ခမ်းလေးကို ဖိကိုက်ထားရင်း ငြိမ်ကျသွား၏။

"ကိုယ်တကယ့်ကိုမ သိတာ၊ အံ့လည်းအံ့ဩတယ်၊ ဖေဖေက ဒေါ်ပွနေတာပေါ့၊ ဟိုမှာ ရှင်းလို့မရသေးဘူး၊ ကိုယ်က မိန်းမထပ်ခိုးသွားတယ်ဆိုတော့၊ ပြီးတော့ ကိုယ်ကိုယ်တိုင်ဆက်တာ ဆိုတော့ ဘယ်လိုမှလည်း ငြင်းလို့မရဘူး"

"အို…မငြင်းလို့ဘယ်ဖြစ်မလဲ၊ အဓိပ္ပာယ်မှမရှိတာကို"

လွှာ ထမင်းလည်းဆက်မစားနိုင်တော့ဘဲ ဆွမ်းခံရင်း ငှက်သင့်ရသည့် ကိုယ့်အဖြစ်ကို အံ့လည်းအံ့ဩ… ဒေါသတွေလည်းဖြစ်လျက်… ထမင်းချိုင့်ကို ဖိုးဖိုးဆတ်ဆတ် ပြန်ဆင့်ပစ်လိုက်မိသည်။

"အဲဒီဖုန်းက ဘယ်သူက သွားဆက်တာလဲ၊ ရှင်နဲ့လွှာ ဒီပေါ်မှာလာဆုံတာကိုဘယ်သူသိသွားလို့လဲ"

"ကိုယ်လည်းမသိဘူးလေ၊ တစ်ယောက်ယောက် လက်ချက်ဆိုတာ သေချာတယ်"

နှစ်ယောက်သား ငြိမ်ကျသွားစဉ်

"ဒေါက်…ဒေါက်…"



www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံကြောင့် နှစ်ယောက်လုံးတောင့်မတ် သွားကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြ၏။

နေထီးဆောင်းက ဖျတ်ခနဲထ၍ ချောင်းကြည့်ပေါက်က နေ အပြင်ကို ခပ်ကွယ်ကွယ်ချောင်းကြည့်ပြီး လွှားခနဲပြန်ရောက် လာကာ

"ရဲနှစ်ယောက်နဲ့ရထားလုံခြုံရေးတွေကွာဘာယ်လိုလုပ် မလဲ"

"ဟင်..."

လွှာ ချောက်ချောက်ချားချားလေးထရပ်လိုက်မိသည်။

သူ့အတွက် ပူပန်သွားမိတာလား၊ ကိုယ်နဲ့အတူရှိနေတာ ကြောင့် လန့်ဖျန့်သွားတာလား ကိုယ်တိုင်မရေရာ..

"လာ..လာ...ကိုယ့်ကိုစောင်ခြုံပေး.."

နေထီးဆောင်း အိပ်ရာခင်းလိပ်၍ ကပ်ထားသည့် လွှာ အိပ်ရာလေးထက်သို့ သားရေသေတ္တာကြီးနဲ့ လက်ဆွဲခြင်းကိုပါ ခေါင်းရင်းမှာ ကပိုကရိုပုံစံ အပြေးလွှားချထားလိုက်သည်။

ထိုခေါင်းရင်းမှာပဲ နံရံနှင့်ကပ်၍ ကပ်ကပ်သပ်သပ် ပက်လက်လှန်လှဲလိုက်ပြီး ခြေထောက်တွေကို ဒူးခေါက်ကွေး မှ လွှတ်၍ ခုတင်ဘက်သို့ ပြန်ချိတ်ထားလိုက်သည်။

လွှာက သဘောပေါက်ကာ စောင်ပါးလေးတစ်လွှာ ခြုံ ပေးလိုက်ပြီး မျက်နှာသုတ်ပဝါထူကြီးကို ဖြစ်သလိုပုံတင်ထား လိုက်၏။

"ဒေါက်..ဒေါက်..."

တံခါးခေါက်သံက ထပ်မံထွက်ပေါ်လာသည်။

လွှာ မိန်းမညာဏ်ဖြင့် ဖြန့်ချထားသည့်ဆံပင်ကို



www.burmeseclassic.com

www.burmeseclassic.com



နဖူးဆံစပ် ကနေ မသိမသာလေး ဆွဲဖွာကာ လည်စီးပါသည့် ကိုယ်ကျပ်ခေါင်းစွတ်လည်ဟိုက်ကို လည်စီးဆွဲဖြုတ်လိုက်၏။

ဖရိုဖရဲ ပြေကျနေသည့် လည်စီးအောက်မှ အင်္ကျီ လည်ဟိုက်က ဝင်းနှစ်ပြည့်တင်းသော ရင်ဘတ်လှလှလေးကို လျှစ်ပြနေသည့်နှယ်..

လျှပ်တပြတ်လှုပ်ရှားပစ်လိုက်သော သူမပုံစံက အိပ်ချင်မူးတူးပုံ..

တံခါးဖွင့်လိုက်သည်နှင့် အဝင်ဝမှာရပ်နေကြသည့် ရဲနှစ်ယောက်နှင့်အားလုံးသောယောကျ်ားလေးယောက်တို့သည် လှပလွန်းသည့် သူမမျက်နှာလေးထက်မှ လျှောက်သက်၍ အကြည့်တို့ရောက်ကာ အခန်းထဲသို့ကျော်လွှားကြည့်ရှုဖို့ကို တဒင်္ဂ မေ့လျော့သွားကြသည့်အဖြစ်..

"ဘာကိစ္စရှိလို့လဲမသိဘူး.. အဟွန်း...အဲ... ကျွန်မ အိပ်ပျော်သွားလို့ စိတ်မရှိပါနဲ့နော်.."

"ရ...ရပါတယ်.. အားနာလိုက်တာဗျာ၊ ကျွန်တော်တို့အထက်က တာဝန်ပေးလို့ပါ၊ ဒီအခန်းထဲမှာ ညီမအပြင် ဘယ်သူရှိသေးလဲ.."

"ရှင်..."

"ဩော်... ဝရမ်းပြေးတစ်ယောက် ဒီရထားပေါ်မှာ ပါလာတယ်လို့ သတင်းရလို့ လိုက်ကြည့်နေတာ၊ ဒီ တွဲတွေမှာပဲ၊ ကျွန်တော့တာ"

"မရှိပါဘူးရှင်.. ဒီထဲမှာတော့ ရန်ကုန်ကထွက်လာကတည်းက ကျွန်မတစ်ယောက်တည်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား··သေချာတယ်နော်··"

"သေချာပါတယ်···ဟို···ဝင်ရှာချင်ရင်လည်း··"

"နေ···နေပါစေ··မရှာတော့ပါဘူး··"

အားလုံးက အခန်းထဲကိုငေ့ဝဲလှမ်းကြည့်ကာ ခေါင်းညိတ်ပြီး သူတို့ မျက်နှာတွေမှာ အထဲကို ဝင်ချင်ပုံရှိသော်လည်း မိန်းကလေးတစ်ယောက်တည်းဖြစ်လျက်··လှပမျက်နှာလေးကိုလည်း ယုံကြည်သလိုဖြစ်သွားသောအမူအယာများနှင့် နေးကွေးသော ခြေလှမ်းများကို သယ်ဆောင်ကာ လှည့်ပြန်သွားကြသည်။

တံခါးပြန်ပိတ်၍ သက်ပြင်းလေးချလိုက်ပြီးမှ စိတ်က မလုံခြုံဘဲ အပေါက်သေးသေးလေးကနေ ချောင်းကြည့်လိုက်မိပြန်သည်။

လှည့်ပြန်သွားကြသည့် ကျောပြင်များကို သေချာမြင်ရမှ စိတ်အေးသွားရ၏။

"သူတို့ သွားပါပြီလှာရယ်···"

"အမလေး···"

ခိုးချောင်ခိုးဝှက် ချောင်းနေတုန်းမှ နောက်က ရုတ်တရက်အသံထွက်လာတော့ လှာ တုန်ခနဲ လန့်သွားမိသည်။

သူ့ဘက်ကို ဒေါသလေးနှင့်လှည့်ပစ်လိုက်ကာ··

"ရှင်က ပြုံးနေသေးတယ်နော်···"

"မပြုံးလို့ ငိုနေရမှာလား၊ ဓမ်းတောင်သာသေးတယ်"

"ဘာပြောတယ်"

"ဟုတ်တယ်လေ··မင်းကိုယ့်အတွက် ဘယ်လောက် စိတ်ပူသွားတယ်ဆိုတာ ခုမှသိရတာ"



www.burmeseclassic.com

www.burmeseclassic.com



စူးရဲသည့် နေထီးဆောင်းထံအကြည့်တွေ ဝှေ့ခနဲရောက်သွားမှ လွှာကိုယ့်ရင်ဘတ်လေးကိုယ် လက်ဖဝါးလေးနှင့် ဖျတ်ခနဲ အုပ်ကွယ်ပစ်လိုက်မိကာ..

"လွှာပါ ရောပါသွားမှာစိုးလို့၊ ရှင်ထင်ရာဆွဲမတွေးနဲ့"

မျက်နှာလေး မချိုလွဲ့ ဒီလွှဲနဲ့လွှာ သူ့ကိုရှောင်ထွက်သွားသည်။

"လွှာ.."

"အို..ဘာလုပ်တာလဲ"

နေထီးဆောင်းက လွှာ့လက်မောင်းလေးကို ဖမ်းဆွဲထားကာ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"အဖြစ်တွေက မင်းနဲ့ကိုယ့်ကိုပေါင်းဖက်ကြဖို့ပဲ တွန်းပို့နေသလိုဖြစ်နေတာ၊ မင်းသတိမထားမိဘူလားဟင်.."

"ဘာမှမဆိုင်ဘူး၊ သူ့ဟာသူ တိုက်ဆိုင်နေတာ၊ ရှင်..လွှတ်နော်.."

"လွှာကို ကိုယ်ချစ်တယ်"

"ဘာ..."

လွှာ သူ့ကိုဒေါသဖြစ်ဖြစ်နှင့် အော်လိုက်မိပြီးမှ နှုတ်ခမ်းလေးကို ချက်ချင်းပြန်ပိတ်လိုက်ရသည်။

"ဒီကကူညီတာကို ရှင် အခွင့်အရေးယူလိုက်တာလား"

"မဟုတ်ဘူး၊ ကိုယ်တကယ်ချစ်တာ၊ ပြီးတော့ မင်းနဲ့ကိုယ် တစ်နေ့လက်ထပ်ဖြစ်ကြမှာပဲလိုလည်း ယုံကြည်နေတယ်"

နေထီးဆောင်းက လွှာ ဘာမှပြောနိုင်သေးမီ လွှာ တစ်ကိုယ်လုံးကို တင်းကျပ်စွာပွေ့ဖက်ထားလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ခဏာခဏာ.. မတိုက်ဆိုင်တာတာဘူးဆိုတာ မင်းသိမှာ ပါလွှာရယ်.. ဘာပဲဖြစ်ဖြစ် မင်းကကိုယ့်အတွက်ပဲ.."

"ဟင့်အင်း..ဟင့်အင်း..လွှတ်..."

လွှာ ဘယ်လိုရှုန်းရှုန်းမရ..

သူ့ရင်ခွင်ထဲမှာ လွှာ့တစ်ကိုယ်လုံး နစ်မြုပ်ကာ အတင်း အကျပ် တိုးတိတ်နမ်းရှိုက်နေခြင်းများကို တိမ်းလှောင်လို့မရ နိုင်...။

နှလုံးသားတစ်စုံ၏ သံပြိုင်တီးခေတ်နေသည့် သံစဉ် များက ကြမ်းတမ်းစွာရှည်ကြာလေသည်။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မျက်နှာတစ်ပြင်လုံး မူထူရှိန်းပိန်းလျက် စကောလောက်ကြီးဖြစ်နေပြီလားထင်ရလောက်အောင် ရှက်သွေးတွေတက် ကာ လှာ သူ့ကိုယ်ကိုတွန်းဖယ်ကာ လက်ကိုအားရှိပါးရှိ လွှဲ၍ ရိုက်ချပစ်လိုက်သည်။

နေထီးဆောင်းက လှာ့လက်ကလေးကို ဖမ်းဆုပ်ထားလိုက်၏။

"လှာ…ကိုယ်တောင်းပန်ပါတယ်ကွာ၊ မင်းကသိပ်လှတော့ ကိုယ်စိတ်မထိန်းနိုင်ဘဲ နမ်းလိုက်မိတာပါ၊ ပြီးတော့ မင်းကိုသိပ်ချစ်သွားမိလို့"

"အို…မပြောနဲ့ သွား…ရှင် လူရမ်းကား၊ ရှင့်ကိုမုန်းတယ် လွှတ်နော်…"

"မလွှတ်နိုင်ဘူးလှာ၊ မင်းကိုယ့်ကို မုန်းလို့တော့ မရဘူး၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကိုခွင့်လွှတ်ပါ"

လှာ… သူ့ကိုအတင်းထုရိုက်ရုန်းဖယ် ငိုချလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ကို အသာလေးလွှတ်ပေးလိုက်တော့ လှွာခနဲလှည့်ပြေး သွားကာ ပြတင်းပေါက်တံခါးနားမှာသွားငိုသည်။

"လှွာရယ်..ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်ဘာလုပ်ပေးမှ ကျေနပ်မှာလဲဟင်.."

"ရှင်...ထွက်သွား၊ ဒီကခုထွက်သွား၊ ရှင့်ကိုမယုံတော့ဘူး သိလား.."

"နောက်ထပ် ဒီလိုမဖြစ်စေရပါဘူးလို့ ကိုယ်ကတိပေးပါမယ်၊ ထွက်တော့မသွားနိုင်ဘူးလှွာ၊ မင်းကိုကိုယ် ဒီအခန်းထဲမှာ တစ်ယောက်တည်း စိတ်မချဘူး"

"ဘာ"

လှွာက သူ့ကိုစိမ်းသက်သောမျက်ဝန်းများနှင့် စူးစူးရဲရဲ မော့ကြည့်လိုက်၏။

"လူတိုင်းရှင့်လိုချည်းပဲ မှတ်မနေနဲ့၊ ရှင်လူတောထဲမတိုးရဲတိုင်း လှွာအရိုးမရှိ ပြောနဲ့"

"ကိုယ်က ဘာဖြစ်လို့ လူတောထဲမတိုးရဲရမှာလဲ၊ ကိုယ့်မှာအပြစ်မရှိဘူး၊ မဟုတ်ဘဲနဲ့ မဆီမဆိုင် အချုပ်မခံနိုင်လို့ရှောင်နေတာ၊ ကိုယ်က အမှောင်ထဲမှာပဲနေနေ အလင်းထဲပဲထွက်ထွက်၊ ယောကျ်ား ဘာမှ ပြဿနာမရှိဘူး၊ မင်းကမိန်းကလေး ...ခရီးသွားဖော်ကောင်းမပါဘဲ ဒီလိုအခန်းလေးထဲမှာ ဘယ်လောက် အန္တရာယ်ကြီးတယ်မှတ်လဲ"

"လှွာ့ဘာသာ ဘာဖြစ်ဖြစ်၊ အခု ရှင်..ဒီနားမှာမနေဖို့ပဲ အရေးကြီးတယ်"

"ကောင်းပြီ..ကိုယ်မင်းနားမှာ မနေတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ ချာခနဲလှည့်ထွက်လာခဲ့သည်။

ပြီးတော့ လှာနဲ့ဝေးဝေးမှာ ခုံတစ်လုံးနှင့် ငုတ်တုတ် ထိုင်နေလိုက်၏။

ရထားခုတ်မောင်းသံက ဂျုံးဂျုံးဂျိမ့်ဂျိမ့်မြည်လျက်·· ည အမှောင်ထဲသို့ မကြောက်မရွံ့ တိုးဝင်လျက်ရှိလေသည်။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

သူ့ဘာမှ မစားရသေးမှန်းသိတော့ လှာ ထမင်းစားရတာ ဘယ်လိုကြီးဖြစ်မှန်းမသိဘဲ စားလို့မရဘဲဖြစ်နေ၏။

မျိုမကျဘူးဆိုတာ ဒါမျိုးလား…

အို…ဘာဖြစ်လို့ မျိုမကျရမှာလဲ၊ သူ့ရင်ဘတ်မှာ လွယ်ထားတဲ့အိမ်လေးထဲမှာ ပိုက်ဆံမပါဘဲ နေမလား…

ထမင်းဟင်း…ဝယ်လို့ရတဲ့နေရာတုန်းက သူမဝယ်ဘဲနေတာ…တမင်ခုလိုဖြစ်အောင်လုပ်တာပဲ…

လှာ ဝယ်ထားခဲ့သည့် ထမင်းဗူးနဲ့ချိုင့်ထဲက ဟင်းကိုဖွင့်စားတော့ နေထီးဆောင်း စီးကရက်သောက်နေသည်။

သူက လှာ ထမင်းစားနေတာကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေရင်းမှ

"လှာ.."

လှာထူးလည်းမထူး၊ မော့လည်းမကြည့်ပေ။

"ကိုယ့်ကို စားပါဦးလို့မခေါ်တော့ဘူးလား"

သူက ဘာသဘောနဲ့ပြောတာလဲတော့မသိ။

လှာ·တကယ်စိတ်မကောင်းဖြစ်သွားမိသည်။

ဒီရထားပေါ် စရောက်လာကတည်းက သူ့ဘာမှ စား



www.burmeseclassic.com

www.burmeseclassic.com



တာမမြင်ခဲ့သေး။ လွှာ တစ်ဝက်ကျန်သည့်အထုပ်ထဲက ထမင်းကို တစ်ချက်ပြန်ကြည့်လိုက်မိပြီး

"ထမင်းက ရှင်ဝမှာမဟုတ်ဘူး၊ ပြီးတော့ ပန်းကန် လည်းမရှိဘူး"

"ကိုယ်အနားကလာထိုင်လို့ရပြီလားဟင်"

လွှာ··မျက်စောင်းလေးထိုးတော့မလိုဖြစ်ပြီးမှ မျက်လွှာ ချပစ်လိုက်သည်။ နေထီးဆောင်းက ထလျှောက်လာပြီး လွှာ့ ရှေ့မှာလာထိုင်သည်။

လွှာက ပန်းကန်ထဲက ထမင်းကိုခပ်မြန်မြန်လက်စ သတ်လိုက်ပြီး ပန်းကန်ကိုဆေးလိုက်သည်။

ပြီးမှ ထမင်းတစ်ဝက်ကိုထည့်လိုက်ပြီး ဟင်းချိုင့်တွေ ကို ရှေ့တိုးပေး၏။

"ရော့···ကြိုက်တာယူစားပါ"

နေထီးဆောင်းက ကြက်သား၊ ငါး၊ ဝက်အူချောင်း စုံနေသည့် အသားကြော်များကို ငုံ့ကြည့်လိုက်သည်။

ပြီးတော့ ငရုတ်သီးကြော်နဲ့ဘာမှန်းမသိသည့်အကြော် တွေရောထားသော ချိုင့်ကို ဘေးထွန်းပစ်ကာ ဝက်အူချောင်း ကြော် ခပ်သေးသေးတစ်ဖက်ကို ခက်ရင်းနဲ့ထောက်ယူပြီး ပါးစပ် ထဲထည့်လိုက်၏။

"မင်းက တစ်ယောက်တည်းလာပြီး အတော် သယ်ပိုး နိုင်တာပဲနော်··"

"မာမီ အားလုံးစီစဉ်ပေးလိုက်တာ၊ ထည့်ထည့်တာ နှစ် ယောက်စာလေ၊ ထွက်လာကာမှ အန်တီစိုးစိုးက မလိုက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့တာ၊ အဲဒါ မာမီ စိတ်မချဖြစ်ပြီး မလွှတ်မှာစိုးလို့ ဘာမှ မပြောဘဲ ဒီတိုင်းထွက်လာတာ"

"ဟုတ်တယ်··ပြောရင်··မင်းမာမီက လုံးဝလွှတ်မှာ မဟုတ်ဘူး"

အသားတွေကို နည်းနည်းလေးစိဖွဲ့စားပြီး နေထီးဆောင်း ရေသောက်တော့

"ရှင် ထမင်းမစားဘူးလား"

"ဝသွားပြီ"

လွှာက ပုတ်သိုးသိုးလေး မျက်လုံးဖြင့်ကြည့်တော့ သူက ပြုံးပြကာ

"တကယ်ပြောတာ၊ မင်းကိုယ့်ကို စားသောက်စေချင် တဲ့စိတ်လေးရှိမှန်းသိတော့ ရင်ကအလိုလိုပြည့်သွားတာ"

လွှာက နှုတ်ခမ်းလေးမဲ့ပစ်၍

"လိုရာဆွဲတွေးမနေနဲ့၊ လွှာက အိမ်ရှေ့မှာ သူတောင်း စား လာရပ်ရင်တောင် ဘယ်တော့မှ လက်ချည်းသက်သက် ပြန်မလွှတ်ဘူး၊ သနားလို့"

"ဟာ··သေပြီကွာ···"

သူ့မျက်နှာရှုံ့မဲ့သွားတာကိုကြည့်၍ လွှာမဲ့မဲ့လေးလှပ်နေ လိုက်သည်။

"ဒါဆို ကိုယ့်ကိုလည်း သူတောင်းစားလို့ပဲ သဘော ထားပြီး တောင်းထားတာလေးပေးပါလားဟင်"

"ဘာ···"

"အချစ်သူတောင်းစားလေ၊ လက်ချည်းသက်သက်



www.burmeseclassic.com

www.burmeseclassic.com



တော့ မပြန်ပါရစေနဲ့ကွယ်၊ အချစ်ပြန်ပေးနော်‥"

"ရှင်‥ဖောက်လာပြန်ပြီလား‥"

"လှိုဏ်ကို ကိုယ်ချစ်တယ်"

"ရှင့်ကို ဘယ်တော့မှ မချစ်ဘူး"

"ချစ်လိုက်ပါကွာ၊ မိန်းမရှုပ်းပေမယ့် တကယ့်လူပျို စစ်စစ်လေးပါ"

လှိုဏ် ချိုင့်တွေကိုသိမ်း၍လှည့်ထွက်လာခဲ့သည်။

အခန်းကျဉ်းလေးထဲမှာ တတွတ်တွတ်ချစ်ရေးဆိုနေသည့် ယောကျ်ားတစ်ယောက်နှင့်အတူနေရတာ ရင်ဖိုစရာပါလား။

ထိုည တစ်ညလုံး လှိုဏ် အိပ်လို့မပျော်ခဲ့ပေမယ့် သူကတော့ ခပ်ကျဉ်းကျဉ်းခုံတွေပေါ်မှာ ထိုင်လိုက် ထလိုက် ခဏလှဲနေလိုက်‥

လှိုဏ့်ကိုတော့ မနှောင့်ယှက်ခဲ့ပါချေ‥။

✱✱✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

သာစည်ဘူတာကိုရောက်တော့ မိုးမလင်းသေး။

ဒါပေမယ့် ဆီထမင်းနဲ့ စာကလေးကြော် ဝယ်၍ နှစ်ယောက်အတူစားဖြစ်ကြ၏။

သူက မျက်နှာသစ်ပြီး ဘာမှ လိမ်းကျံမထားသည့် လှသွာ ပါးပြင်ဝင်းနှစ်နှစ်လေးတွေကို စူးငေးကြည့်၍

"လှသွာ မင်းကိုယ့်ကိုပြန်ချစ်လိုက်ရင် ကုသိုလ်ရမှာ"

"နေထီးဆောင်း‥ ရှင်ဒါကိုမပြောဘဲနေလို့မရဘူးလား‥"

"မရဘူး‥အခု ကိုယ့်ရင်ထဲမှာ အတိတ်ကအပြစ် အနာအဆာ ဘာမှမရှိတော့ဘူး၊ မင်းနဲ့ကိုယ်ရဲ့ အနာဂတ်ပဲရှိတယ်၊ မင်းကိုယ့်ကို ပြန်ချစ်လိုက်ရင် ကိုယ်လည်းစိတ်ချမ်းသာမယ်၊ သူတို့နှစ်ယောက်လည်း ပျော်ရွှင်သွားကြမယ်‥"

"အဲဒါ လှသွာနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ လှသွာက ဒီကျောက်စိမ်းပြားတစ်ခြမ်းကို ကိုယ့်ကို မပေးဘူးလေ၊ ကိုယ်ကလည်း လှသွာနဲ့ကိုယ် အမြဲတမ်း ပတ်သက်နေချင်တော့ မပေးနိုင်ဘူး၊ ကိုယ်တို့လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် ဒီကျောက်စိမ်းပြားနှစ်ခြမ်းလည်း ပြန်ဆက်မိပြီး ပြည့်စုံသွားမယ်၊ ကိုလည်း...”

“ဘာမှ မဆိုင်ဘူး”

လမ်းခရီးတစ်လျှောက်လုံးမှာ သူနှဲ့ချည်း ရန်ဖြစ်နေရသည်။လက်က မပါပေမယ့် မျက်နှာကိုကြည့်၍ ချစ်တယ်ဆိုတာကို ကလေးမုန့်ပူဆာသလို ပြောနေတော့သည်။

ရထားညသြဆွဲသံရှည်နှင့်အတူ ဘူတာတစ်ခုကိုဝင် တော့ နေထီးဆောင်း ထရပ်လိုက်ကာ

“ကိုယ်..ခဏဆင်းလိုက်ဦးမယ်၊ မင်းဘာမှာဦးမလဲ”

“မမှာတော့ဘူး”

သူထွက်သွားသည်နှင့် လွှာအပြင်ကိုခေါင်းလေးပြူ ကြည့်လိုက်သည်။ အပြင်တွဲတွေမှာ လူကျဲကျဲပဲရှိသည်။

အသာလေးထွက်လာခဲ့ပြီး လွှာ ဟိုကထွက် ဒီက လျှောက်ကြည့်ရင်း ပြတင်းပေါက်တစ်ခုနားကပ်၍ အောက်ဖက်ကို ကြည့်နေမိသည်။

ဒေသထွက် ပစ္စည်းတစ်ခုခုတွေ့လျှင် ဝယ်ရအောင် စလင်းဘတ်လေးတော့ လွယ်လာခဲ့ပြီးဖြစ်၏။

ထိုစဉ် နေထီးဆောင်း ကမူးရှူးထိုးတက်လာကာ

“လွှာ..လွှာ..မြန်မြန်လာ..”

“အို..ဘယ်ကိုလဲ..ဘာလို့ဖို့လဲ”

သူက လွှာ့လက်လေးကိုဆွဲ၍ တွဲထခေါ်လာကာ

“ရဲတွေတက်လာတယ်”

“အဲဒါ လွှာနဲ့ဘာဆိုင်လဲ၊ ရှင်က ဝရမ်းပြေး၊ ရှင်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့..''

''မဆိုင်နဲ့တင်မကဘူး၊ မင်းကိုပါ ဝရမ်းပြေးနဲ့အတူ ပြေးနဲ့ ကိုယ့်မိန်းမဆိုပြီး ဖမ်းဖို့တက်လာကြတာ၊ ကိုယ်လွတ်အောင်ပြေးလည်း မင်းကိုဖမ်းကြမှာပဲ''

''ရှင်..ရှင်..မဟုတ်တာမပြောနဲ့''

''လွှာ မရှုန်းနဲ့လေ..''

ထိုစဉ်မှာ ရထားက ဘီးလိမ့်နေပြီဖြစ်၏။

''ရှင်..လွှာ့ကို..''

လွှာ့စကားမဆုံးခင် သူကလွှာ့ပါးစပ်ကို လက်နဲ့ပိတ်အုပ်ကာ အဝင်ဝတံခါးအတွင်းမှ ဖျတ်ခနဲ ကပ်ကွယ်လိုက်၏။

ဘာကြောင့်မှန်း လွှာမသိ။

''အတူတူဆိုတာ သေချာလို့လား၊ ကျွန်တော်တို့တောင်ငူမှာတုန်းက တက်ရှာသေးတယ်''

''အတူတူပဲ၊ ဒီကောင် ဟိုတစ်ယောက်ကိုသတ်ပြီး တစ်ယောက်နဲ့ထွက်လာတာ၊ အဲဒီကောင်မလေးကိုဖမ်းလိုက်ရင် ဟိုကောင်ထွက်လာလိမ့်မယ်''

ပြောသွားကြသည့် စကားသံသဲ့သဲ့ကြောင့် လွှာမျက်လုံးလေးပြူးသွား၏။

တော်ပါသေးသည်။ အတက်အဆင်း လူတွေရှုပ်ကာ သူတို့နှစ်ယောက်၏ ပုန်းလျှိုးကွယ်လျှိုးအဖြစ်ကို လူတွေ သတိမထားမိလိုက်ကြ...

''လာ...''

လွှာ့လက်ကိုဆွဲ၍ လူကြားထဲက တိုးထွက်ကာ ကုန်တွဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဆက်နေသည့် တွဲကြားထဲသို့ရောက်လာပြီး

"နေထီးဆောင်း‥ရှင်‥ဘာလုပ်‥"

"ကိုယ့်ကိုဖက်ထား‥"

"အား…"

ဘယ်လိုမှ ထင်မှတ်မှုမထားခဲ့သည့်လုပ်ရပ်ဖြစ်သည်။

အရှိန်ရစပြုနေပြီဖြစ်သည့် ရထားပေါ်မှ လှသာကိုဖက်၍ ခုန်ချပစ်လိုက်သဖြင့် ရင်ထဲမှာ လှပ်ခနဲ စိမ့်တက်သွားသည်။

တစ်ကိုယ်လုံး လေဟာနယ်ထဲကို ခြေလွတ်လက်လွတ် ပြုတ်ကျသွားသလိုဖြစ်ကာ နေထီးဆောင်း ကိုယ်ကိုသာ ကြောက်လန့်တကြား ကျုံးဖက်ထားလိုက်၏။

"အား…"

"အင့်…"

တစ်ကိုယ်လုံး မြေပြင်နှင့်ကိုင်ရိုက်ပစ်လိုက်သကဲ့သို့ အောင့်တက်နာကျင်သွား၏။

ဘယ်နေရာတွေ ဘယ်လောက်ကျိုးပဲ့ကုန်ပြီမသိ။

သူတို့အဖြစ်ကို လူတချို့မြင်လိုက်၍ အလန့်တကြား ဖြစ်ကုန်ကြသော်လည်း ရထားကြီးက ဝေါခနဲ ဝေးကွာသွားပြီ ဖြစ်လေသည်။

"လှသာ‥"

"အား…နာတယ်‥"

"ဘယ်နားနာသွားလဲဟင်၊ ကိုယ် မင်းမနာအောင် ကိုယ်ခံလိုမ့်ခံပေးလိုက်တာပါ၊ ဘယ်ထိသွားလဲ"

သူညာလိုက်မှန်း လှသာသိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နာတာက စာဖွဲ့မရနိုင်သေး။

လွှာ့ကိုဆွဲထူ၍ ဟိုစမ်း၊ ဒီခါ ထွေးအုပ်၍ သူစိုးရိမ်တကြီး မေးတော့ အဝေးကြီးမှာ လွင့်ကျနေခဲ့သည့် ဆလင်းဘတ်အိတ်လေးကို လှမ်းကြည့်ကာ လွှာ မျက်ရည်တွေကျလာ၏။

"ရှင့်ကြောင့်..ရှင့်ကြောင့်သိလား၊ လွှာ ဘာမှမဆိုင်ဘဲပြေးနေရတာ.."

ပြော၍ ငိုကြီးချက်မ ဖြစ်လာသည်။

"ဟုတ်ပါတယ်၊ အဲဒါကိုယ်နဲ့ပတ်သက်ပါတယ်၊ ဒါပေမဲ့ ကိုယ်လုပ်တာတော့မဟုတ်ဘူးဆိုတာ ယုံပါလွှာရယ်၊ အဲဒီလိုဖြစ်သွားတာ ဘာကြောင့်မှန်း ကိုယ်တကယ်မသိတာပါ"

လူသူမနီးသော လယ်ကွင်းလယ်ကွက်တွေက တမျှော်တခေါ်..မိုးက ကောင်းကောင်းမလင်းချင်သေး။

"ပစ္စည်းတွေလည်း ရထားပေါ်ပါသွားပြီ"

"ခုကျတော့..လွှာကပါ ဟုတ်လို့ပြေးသလိုကြီးဖြစ်ပြီ၊ အဲဒါ ဘယ်လိုလုပ်ရမှာလဲ၊ အဲဒါရှင့်ကြောင့်.."

သူက လွှာ့ဘေးမှာ ပခုံးချင်းထိကပ်ထိုင်လိုက်ပြီး လွှာ့ပခုံးလေးကို သိုင်းဖက်လိုက်ကာ..

"ကိုယ့်ကို လက်ထပ်လိုက်ပါလွှာရယ်၊ မင်းနဲ့ကိုယ်လက်ထပ်ဖြစ်အောင် သူတို့ တွန်းပို့နေကြတာဖြစ်မှာပါ၊ တကယ်ကျေးဇူးတင်ဖို့ကောင်းတယ်"

"ရှင်...ရှင့်ကိုလွှာ ထသတ်မိတော့မယ်သိလား၊ ဒီမှာဘဝပျက်နေရတာကို အားမနာ ပါးမနာနဲ့"

"တကယ်ပါ..ကိုယ်ဖေဖေ့ဆီ ဖုန်းဆက်လိုက်မယ်၊ အစ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက စိမ်းကို သူ့ချစ်သူဟောင်းဆိုတဲ့ကောင် သတ်တာ ဖြစ်နိုင်တယ်ဆိုတဲ့ သဲလွန်စက ရှိထားပြီးသား၊ ဒါကို ဖေဖေ က အစွမ်းကုန်ဖော်ထုတ်မှာပါ၊ အမှုမပြီးမချင်း ကိုယ်တို့ တစ် နေရာမှာ လက်ထပ်ပြီး အတူတူနေမယ်..''

လွှာက ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

''ငြင်းမနေပါနဲ့လွှာရယ်..မင်းကိုကိုယ် ဒီကြားထဲကာလ မှာ မှဲ့တစ်ပေါက်မစွန်းစေရပါဘူး၊ လက်ထပ်ထားရုံပဲ၊ ဘာဖြစ် လို့လဲဆိုတော့ ကိုယ်တစ်ဝက်သေချာထားချင်လို့''

လွှာက မျက်နှာလေး တွန့်ကုတ်ထားကာ အင့်ခနဲ ရှိုက် ၏။ ဘာမှတော့ မပြောတော့ပါ။

သူက နေရာမှထသွားပြီး လွှာ့စလင်းဘက်အိတ်လေးကို ကောက်ယူလာသည်။

အနားမှာကပ်ထိုင်၍ သူ့ဖာသာသူ အိတ်ကိုဖွင့်လိုက် ပြီးအထဲက တစ်စုံတစ်ရာကိုရှာသည်။

''တွေ့ပြီး..လွှာကိုယ့်လိုပဲ၊ ဒါလေးပါလာမယ်ဆိုတာ ယုံကြည်လို့ရှာကြည့်တာ..''

သူက ကျောက်စိမ်းပြားလေးကို ပေါင်ပေါ်တင်ထားပြီး သူ့အိတ်ထဲက ကျောက်စိမ်းပြားလေးကိုပါထုတ်ယူလိုက်၏။

ထို့နောက် လွှာ့ပခုံးလေးထက်မှ သိုင်းကျော်၍ ကျောက် ပြားနှစ်ချက်ကို မျက်နှာရှေ့မှာ တေ့ဆက်ပြလိုက်ပြီး

''ကြည့်စမ်းလွှာ..ဒီလိုလေးသာဆို ဘယ်လောက်လှ လိုက်မလဲ၊ ခုလိုဆို သူတို့လည်း အရမ်းပျော်နေမှာနော်..''

လွှာလည်း စုံတွဲကနေသည့် ပုံလေးကိုငေးကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်းမသိသော ကျေနပ်ခြင်းများက ရင်ထဲသို့ငြိမ့်ငြိမ့်လေး စီးဝင်လာ၏။

နေထီးဆောင်းက ကျောက်စိမ်းပြားလေးနှစ်ချပ်ကို ထပ်၍ လွှာ့လက်ထဲ ထည့်ပေးလိုက်ကာ လွှာ့ကိုယ်လုံးလေးကို ရင်ခွင်ထဲမှ မြုပ်သွားအောင် ဖက်ထားလိုက်၏။

"သူတို့က ထာဝရအေးအေးချမ်းချမ်းဖြစ်သွားအောင် ကိုယ်တို့က ဖြည့်ဆည်းစွမ်းဆောင်ပေးမယ်၊ ကိုယ်တို့ကိုလည်း သူတို့က စောင့်ရှောက်သွားမှာပါ၊ လွှာ…ယုံလားဟင်"

"အင်း…"

"ကိုယ့်ကိုချစ်လား"

"ချစ်ပါဘူး၊ သွား…လူလည်…"

တွန်းပစ်လိုက်မိပေမယ့် တကယ်တမ်းကျတော့ သူ့ရဲ့ ထွေးဖက်နှစ်သိမ့်ခြင်းများနှင့် ကျီစယ်လိုက်သောအနမ်းများကြောင့် လွှာ့ပါးပြင်လေးနှစ်ဖက် ဆေးနီစက်လေးတွေ စွန်းထင်သွားသကဲ့သို့…..။

*ပရိသတ်များကိုအစဉ်လေးစားလျက်*

**ရွှေဘဝင်**



www.burmeseclassic.com